



www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မနော်ဟရီ

# ''တာတီယမုံမြင်''

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

စာမူခွင့်ပြုချက်အမှတ်
၁၅၅၈/ ၂၀၀၃ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၇၃/ ၂၀၀၄ (၂)

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၄ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



Don't forget to remember me
And the love that use to be
I still remember you, I love you
In my heart lies a memory
To till the star above
Don't forget, to remember me, my love.

Don't forget to remember
by Bee Gees



www.burmeseclassic.com

www.burmeseclassic.com



ချစ်သောသူငယ်ချင်း မင်း (သူရိန်မင်းနိုင်)

မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားတဲ့အတွက်
ကျန်ရစ်သူမိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။
ကောင်းရာသုဂတိလားပါစေ။

လင်းသူရိယနွယ်

ဟောင်းနွမ်းစပြုနေပြီဖြစ်သော သတင်းစာလေးကို ခေါက်ရိုးမပျက် ပြန်ခေါက်သိမ်းရင်း အောင်ထွန်းဦးကို ပြန်ပေးလိုက်သည်။

''အဲဒါ ဘယ်တုန်းက ထည့်ထားတာလဲ''

သူရိန်က လေသံပျော့ပျော့လေးနှင့် စိတ်ညစ်ညူးစွာ မေးမိ၏။ အောင်ထွန်းဦးက သတင်းစာပါ ရက်စွဲကို လှန်ရှာရင်း…

''မင်းထွက်သွားတာ ဇူလိုင် ၃၁ ရက် မဟုတ်လား''

''အင်းလေ…''

''ဒီသတင်းစာက ဩဂုတ် ၃ ရက်နေ့ သတင်းစာ''

သူတို့စကားစများ ပျောက်သွားကြပြန်သည်။ တကယ်တော့ မတွေ့သည်မှာ သုံးနှစ်ကျော်လေးနှစ်ရှိနေပြီဖြစ်သော သူငယ်ချင်း နှစ်ယောက်ကြားတွင် ပြောစရာစကားတွေက အများကြီးရှိနေရမည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့…။

အောင်ထွန်းဦးနှင့် သူရိန် မနေ့ကမှ ပြန်တွေ့ကြခြင်းဖြစ်သည်။

ရခြားမြေခြားမှာမို့ တစ်နိုင်ငံသားချင်း သူငယ်ချင်းချင်း မမျှော်လင့်ဘဲ ဆုံရတာလောက် ပျော်စရာကောင်းမှာ မရှိချေ။ သို့သော် အောင်ထွန်းဦးက သူရိန့်ကို ကြည့်ကာ ဆွံ့အ ကြောင်ငေးနေခဲ့သည်။

''ဟေ့ကောင်…အောင်ထွန်းဦး''

ဒီထက်သေချာတာ မရှိတော့။ သူ့နာမည်ကိုလည်း ခေါ်သည်။ ဒီအသံ၊ ဒီဟန်ကလည်း မှားစရာ လုံးဝမရှိတာ။ သို့သော် အောင်ထွန်းဦးက တုန်ယင်စွာ ရှိနေဆဲ။

''မင်း ဘာဖြစ်နေတာလဲ''

''ဘာ…ဘာ…မ…မ…ဖြစ်…အဲ။…မင်း…မင်း…သူရိန်လား။ သူရိန်နဲ့ တူတာလား''

''သေတော့မှာပဲ''

အောင်ထွန်းဦးစကားကြောင့် သူရိန် စိတ်ညစ်သွားရသည်။

''ဘယ်လိုဖြစ်နေတာလဲ။ ငါလေ သူရိန်မင်းနိုင်မှ သူရိန်မင်းနိုင်အစစ်''

''မင်း…မင်း…မသေဘူးနော်''

''မြတ်စွာဘုရား…''

ဒီတစ်ခါ ဘုရားတရသူက သူရိန်။ အောင်ထွန်းဦးကို မျက်မှောင်ကြုတ်ကြည့်မိရင်းက မေးခွန်းထုတ်ရတော့သည်။

''ငါက ဘာလို့ သေရမှာလဲ။ ငါသေတယ်လို့ကော ဘယ်သူက ပြောလဲ''

''အားလုံးက…''

''အားလုံးက ဆိုတာ''

သူရိန့်မျက်လုံးပြူးသွားပြန်သည်။ အားလုံးက…ဟု ဆိုသည်ကို။ အောင်ထွန်းဦးက ခုမှ ယုံကြည်စိတ်ချသွားဟန်ဖြင့် သူရိန့်ပခုံးကို ကိုင်ကာ…

''အားလုံးကဆိုတာ သူငယ်ချင်းအားလုံးပေါ့ သူရိန်။ အဲ… အဲဒီထဲမှာမှ အယုံကြည်ရဆုံးဖြစ်နိုင်တာက လင်းသူရိယနွယ်လေ''



''ဘာ…မိသူ ဟုတ်လား''

''ဟုတ်တယ်လေ။ မင်းရဲ့ လင်းသူရိယနွယ် ကိုယ်တိုင်က မင်းကို သေပြီပြောခဲ့တာ''

သူရိန်နာကျင်စွာ ခေါင်းကို ခါရမ်းမိသည်။ မိသူသည် ဒီလောက်ထိ သူ့ကို ရက်စက်ခဲ့သည်ဟု သူ မယုံချင်ဖြစ်နေရသည်။ အချိန်ကိုလုကာ ပြေးလွှားနေရသော နေရာမှ အောင်ထွန်းဦးနှင့် စကားစ ဖြတ်ပြီး ဒီနေ့မှ ပြန်တွေ့ရန် ချိန်းဆိုခဲ့ခြင်းဖြစ်သည်။ အောင်ထွန်းဦးက တိုက်တိုက်ဆိုင်ဆိုင် သူသိမ်းထားမိသော သတင်းစာလေးကို ယူလာပြခြင်းဖြစ်သည်။

''မင်းက အဲဒီသတင်းစာကို ဘာလို့ သိမ်းထားရတာလဲ''

''တမင်သိမ်းထားတာ မဟုတ်ဘူး။ ဒီသတင်းစာထဲမှာပဲ ငိုဦးလေးရဲ့ နာရေးသတင်းလည်း ပါတယ်။ ဒါကြောင့် သိမ်းထားဖြစ်တာ''

''ဩော်…''

''တစ်ခုတော့ ရှိတယ်ကွ''

တစ်ခုရှိတယ်ဆိုပြီး စကားကို မပြောဘဲ ရပ်ထားသဖြင့် သူရိန်ကပဲ မေးရပြန်သည်။

''ဘာတစ်ခုလဲ''

''အင်း…အပေါ်ယံကြည့်ရင် ခုလို လင်းသူရိယနွယ်လုပ်လိုက်တာက မင်းကို ရက်စက်ရာကျသလိုပဲ''

''မဟုတ်ဘူးလား''

''မဟုတ်သေးဘူး။ သူ မင်းကို အရမ်းသံယောဇဉ်ရှိခဲ့တာတော့ အမှန်ပဲ''

''အဲဒါ ခု မဟုတ်ပါဘူး။ အရင်ကလေ…''

''အရင်က မဟုတ်ဘူးကွ။ ခုထိပဲ''

အောင်ထွန်းဦးစကားကြောင့် သူရိန့်ဖြတ်ခနဲ ရင်တစ်ချက်ခုန်သွားကာ…

''ခုထိပဲ…ဟုတ်လား''

''ဟုတ်တယ်''

''မင်း ဘာကြောင့်ပြောတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အင်း…အဲဒီ ဘာကြောင့်တွေကိုတော့ ပြောပြလို့ရတယ်။ သက်သေပြစရာတော့ မရှိဘူး"

"သက်သေက နောက်ထားစမ်းပါ…ပြောပါဦး"

သူရိန်က အားမလိုအားမရနှင့် ထိုင်နေရာမှ အောင်ထွန်းဦး လှဲနေရာသို့ ထလာလိုက်သည်။ အောင်ထွန်းဦးက ထထိုင်လိုက်ရင်း….

"အဲဒီနောက်မှာပေါ့…"

အရေးထဲ သူက ရုပ်ရှင်မင်းသားတွေလို စကားကို ဖြတ်တောက် ပြောနေသေးသည်။ သူရိန်က စိတ်မရှည်သလို ကြည့်တော့မှ…

"နှစ်တိုင်း July ရောက်ရင် လွမ်းဆွတ်သတိရခြင်းတွေ ပါလာ တတ်တယ်"

"ဗုဒ္ဓေါ ဘာလွမ်းဆွတ်သတိရခြင်းလဲ"

"မင်း မြန်မာပြည်က ထွက်သွားတာ ၃ နှစ်ကျော်ပဲ ရှိပါသေး တယ်…မမေ့နဲ့ဦး။ သတင်းစာထဲမှာ ပါတတ်တဲ့ သေသူတွေအတွက် ကြော်ငြာမျိုးလေ။ ဘယ်နှစ်နှစ်မြောက် လွမ်းဆွတ်ခြင်း ဘာညာပေါ့"

"အင်းလေ…အဲဒါတော့ သိတာပေါ့"

"သိရင်ပြီးတာပဲ။ သူရိယနွယ်က မင်းကို နှစ်တိုင်း သတင်းစာ ထဲက လွမ်းတယ်"

"မဖြစ်နိုင်တာ…မိသူက ဒါမျိုးမှ ဝါသနာ မပါတာ"

"အေး…ဟုတ်တယ်။ သူရိယနွယ်က ဒါမျိုး ဝါသနာမပါဘူး။ ဒါပေမဲ့ နှစ်ချက်ရှိတယ်ကွ"

"ဘာတွေလဲ"

"တစ်အချက်က မင်းသေပြီဆိုတာကို နိုင်လုံအောင်ပြတာ"

"ဘယ်သူ့ကိုလဲ"

"အားလုံးကို။ အထူးသဖြင့် သူ့ကိုယ်ကို"

သူရိန် မချိပြုံးလေးပြုံးမိသည်။ ဖြေသာစရာလို့ပြောလျှင် ရသည် ကို။

"နောက်တစ်ချက်က…"

"နောက်တစ်ချက်က မင်းကို တကယ့်ကို မနေနိုင်အောင် လွမ်း



ဆွတ်နေလို့…ပေါ့သွားအောင်လုပ်တာမျိုး"

"ယုံချင်တယ်။ ဒါပေမဲ့ မိသူက အဲဒီလို မိန်းကလေးမျိုး မဟုတ်နိုင်ဘူး"

"ဒါတော့ ငါလည်း မဝေဖန်တတ်ဘူး။ ငါလည်း မိန်းမကျမ်းမှ မကျေသေးတာ"

သူတို့ ချောက်ကပ်ကပ် ရယ်ဖြစ်ကြသည်။ ရယ်သံဆုံးမှ အောင်ထွန်းဦးက…

"မပြီးသေးဘူးကွ"

"ဘာကျန်သေးလဲ"

"မင်းကို လွမ်းတဲ့ကဗျာ ကျန်သေးတယ်"

"ငါ့ကို လွမ်းတဲ့ကဗျာ"

"ဟုတ်တယ်"

"ဘယ်သူရေးတာလဲ"

"လင်းသူရိယနွယ်ပဲပေါ့"

"အာ…မိသူက ကဗျာရေးလို့လား။ သူက သီချင်းတွေပဲ ခရေဇီ ဖြစ်တာ။ သီချင်းဆိုရင်တော့ လာခဲ့ပဲ။ ငါတောင် နဲ့ သူ့ကို သတိရရှင် သူကြိုက်တဲ့ သီချင်းလေးတွေ နားထောင်ဖြစ်တယ်"

"ဒါတော့ ကျွန်တော် မသိဘူး ကိုသူရိန်"

အောင်ထွန်းဦးက စိတ်မရှည်သလို ရှိတော့မှ သူရိန် သတိဝင်ကာ ဆက်ပြောခိုင်းရ၏။

"ကဲ…ထားပါ။ ဘာကဗျာလဲ…ဘာအတွက်လဲ"

"မင်းအတွက်လို့ ပြောတာပဲ။ ငါလည်း မိုးထိတ်ပြလို့ ဖတ်လိုက် ရတာ။ သေသေချာချာတော့ မမှတ်မိဘူး။ 'မင်းရေ မိုးစစ်စစ်တွေက ခုမှရွာတာ' ဆိုတဲ့ နောက်ဆုံးစာကြောင်းပဲ မှတ်မိတယ်။ မဂ္ဂဇင်းတွေမှာကို ရေးတာကွ"

"တကယ်…"

"တကယ်ပေါ့။ နေဦး မင်းလိုချင်ရင် ငါ စိုးထွေးတို့ဆီ e-mail နဲ့ လှမ်းတောင်းပေးမယ်။ နှစ်ရက်လောက်စောင့်…ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ"

"ဒါနဲ့ နေပါဦး…ငါ မကျေလည်သေးပါဘူး"

အောင်ထွန်းဦးက မျက်မှောင်ကြုတ်ကာ ကြည့်ရင်းပြော၏။

"ဘာလဲ…ဘာကိုလဲ"

"ဩော်…မင်းနဲ့ သူရိယနွယ်တို့ ဒီလောက်ခင်ကြ တွဲကြတာ ခု ဘာဖြစ်ကြတာတုန်း"

အောင်ထွန်းဦး၏ အမေးကြောင့် သူရိန် ငိုင်သွားရသည်။ လျှပ်စစ်မီးရောင်တို့နှင့် လင်းတောက်ကာ နေ့ညပင် မကွဲသော ရေခြားမြေခြားနေရာကလေးသည် သူတို့နှစ်ဦးထံသို့ အတိတ်ငွေ့ငွေ့များကို ပြန်လည်သယ်ဆောင်လာခဲ့သည်။ ပြတင်းပေါက်မှ ကြည့်လိုက်လျှင် မြင်နေရသော မိုးကုတ်စက်ဝိုင်းအဆုံးတွင် သူတို့ချစ်သော တိုင်းပြည်ကလေးနှင့် ချစ်သော သူများရှိနေကြလေမည်လားဟု တွေးကာ ငေးမောနေမိသေးသည်။

အောင်ထွန်းဦးကို ဖြေဖို့ အချိန်မစောတော့ပေ။

ညသည်ပင် လ မွန်းတည့် နေချေပြီ။



Part

# A

www.burmeseclassic.com

www.burmeseclassic.com



# I

Sunshine on my shoulders make me happy
Sunshine in my eyes can't make me cry
Sunshine on the water look so lovely
Sunshine almost always make me hide.

Sunshine on my shoulder
by John Denver



နေရောင်ခြည်တစ်စ ဖြာကျလာပုံကပင် ပျော်စရာကောင်းခဲ့သော ငယ်စဉ်ကျောင်းသားဘဝကာလများကို မည်သူမျှ မေ့ပျောက်ကြလိမ့်မည် မထင်ပါ။ အလယ်တန်းရောက်နေသူက မူလတန်းဘဝကို လွမ်းမည်။ အထက်တန်းရောက်နေသူက အလယ်တန်းကျောင်းသားဘဝကို လွမ်းမည်။ အလုပ်ခွင်ထဲမှ လူက တက္ကသိုလ်ကျောင်းသားဘဝကို လွမ်းချင်လွမ်းနေပေလိမ့်မည်။

သေချာတာကတော့ ကျွန်တော်တို့အားလုံး ပျော်ခဲ့ဖူးကြသည် ဆိုတာပင်။

''သား...စာသင်မယ့် ကျူရှင်ဆရာမက ဘယ်နှနာရီလာမှာလဲ''

နေ့လယ် ကျွန်တော့်ကို ကျောင်းကြိုအပြီးတွင် ဖေဖေက မေးခြင်းဖြစ်သည်။

''နှစ်နာရီမှ ဖေဖေ။ ဘာဖြစ်လို့လဲ''

''သြော်...ခု လမ်းမှာ လူနာတစ်ယောက် ဝင်ကြည့်မလို့။ သား အချိန်မမီမှာ စိုးလို့''

''ရတယ် ဖေဖေ...သွားလေ''

ဖေဖေက ဆရာဝန်တစ်ယောက်ဖြစ်သော်လည်း ဖေဖေ့ဆေးခန်းကို လိုက်သွားဖူးတာကလွဲလျှင် ဖေဖေ Home visit သွားသည့်အခါ တစ်ခါမှ ကျွန်တော် လိုက်မသွားခဲ့ဘူးပါ။ ခုကြိမ်သည် ပထမဆုံး အကြိမ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကတော့ အတော်လေးကို ကြီးကျယ်ခမ်းနားသည့် အိမ်ဖြစ်သည်။ ကျွန်တော်တို့တိုက်ခန်းကလေးနှင့် ယှဉ်သော် ဘာမှကို မဆိုင်။

''ဟား...အိမ်က မိုက်လိုက်တာ ဖေဖေ''

''အေး...အထဲက လူတွေကလည်း မိုက်တာပါပဲ။ ဒါကြောင့်လည်း ဒီကလေးမ ရောဂါ မသက်သာတာ''

ကျွန်တော်က ကျွန်တော့်အဓိပ္ပါယ်နှင့်ကျွန်တော် ပြောခြင်းဖြစ်သော်လည်း ဖေဖေက သူ့အဓိပ္ပါယ်နှင့်သူ တုံ့ပြန်သည်။ ကိုးတန်းဆိုသော အရွယ်သည် အတော်တော့ နားလည်နိုင်နေပြီဖြစ်သည့်အရွယ်မို့ ဖေဖေ့လေသံနှင့် ဆိုလိုရင်းကို သဘောပေါက်ကာ ကျွန်တော် ငြိမ်သွားမိသည်။

ကျွန်တော်တို့ကို ထွက်ကြိုသည်က အလွန်ကျက်သရေရှိကာ လှပခန့်ထည်သော မိန်းမကြီးတစ်ယောက်ဖြစ်သည်။ မေမေ့ထက်ပင် ကြီးနိုင်သည်။ သူမတွင် ထူးခြားမှုက မျက်ဝန်းများဖြစ်သည်။ ထိုမျက်ဝန်းများက နက်မှောင်တောက်ပကာ ထက်မြက်ခြင်းကို ဖော်ပြနေသော်လည်း ညှိုးငယ်ရိပ်တချို့ ယှက်သန်းနေပုံရ၏။

''လာပါ...ဦးကိုကိုနိုင်။ ကျွန်မလည်း မျှော်နေတာ။ သမီးလေးက ကျောင်းဖွင့်တာ တစ်ပတ်ရှိပြီ။ ကျောင်းမတက်ရသေးတော့ ကျောင်းက တက်ချင်၊ လူက မသက်သာနဲ့ ခက်တာကလည်း...''

''သူ့အဖေနဲ့ ဘာဖြစ်ပြန်တာလဲ။ ဒေါ်သက်ထက်နွယ်''

''ထုံးစံအတိုင်းပေါ့ ဦးကိုကိုနိုင်ရယ်။ အဖေက ပေါ့တီးပေါ့ဆ သမီးက လေးလေးနက်နက်ဆိုတော့...''

ထိုအန်တီက စကားကို အဆုံးမသပ်ပါ။ အေးစိမ့်ကာ အလင်းရောင်နည်းသော အခန်းလေးထဲကို ရောက်သွားသောကြောင့်ဖြစ်သည်။ ဘေးပတ်ပတ်လည်တွင် ခဲရောင်ကန့်လန့်ကာအရှည်ကြီးများအပြည့် ကာရန်ထားပြီး လေအေးစက်ဖွင့်ထားသောကြောင့် အခန်းလေးက အလင်းရောင်နည်းကာ အေးစိမ့်နေခြင်းဖြစ်သည်။

ဖေဖေ ဆေးသေတ္တာကို ချနေစဉ်မှာပဲ အန်တီက မီးချောင်းများကို ဖွင့်လိုက်ရာ တစ်ခန်းလုံး လင်းထိန်သွားသည်။ အသံဗလံများကြောင့်လား။ အလင်းရောင်များကြောင့်လား မသိ။ ကုတင်ပေါ်တွင် အိပ်ပျော်နေဟန်ရှိ



သော ကောင်မလေးမျက်လုံး ဖွင့်လာသည်။ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း...

''အန်ကယ်လ်နိုင်လား''

''အေးကွဲ့...ဟုတ်တယ်သမီး။ သမီး ဘယ်လိုနေလဲ''

''မသိဘူး...အန်ကယ်လ်နိုင်''

သူမလေး၏ စကားကြောင့် ဖေဖေ ချိုသာစွာ ပြုံးလိုက်ရင်း...

''သမီး အသက်ရှူရတာ ကျပ်လား''

''တစ်ချက်တစ်ချက်ဆို တအားကျပ်တာပဲ''

''မောလား''

''မောတာပေါ့ အန်ကယ်လ်ရဲ့''

''နောက်ကော''

''ရင်ဘတ်က အောင့်တယ်''

''နောက်ကော...''

''ကျောင်းတက်ချင်ပြီ အန်ကယ်လ်''

အမေးတခြား အဖြေတခြားမို့ အားလုံး ခပ်သဲ့သဲ့လေး ရယ်မိကြသည်။

''အေး...တက်ရမှာပေါ့။ လာမယ့်တနင်္လာ စတက်နိုင်အောင် အန်ကယ်လ် လုပ်ပေးမယ်။ သမီးက စိတ်အေးအေးထား။ စိတ်ချမ်းသာအောင်နေ...ဟုတ်လား''

''ဟုတ်ကဲ့... သမီးက စိတ်ချမ်းသာအောင် နေပါတယ်။ ဒါပေမဲ့...''

စကားကို မဆက်ဘဲ သူ့အမေကို မော့ကြည့်သည်။ သူ့အမေက အချိုဆုံးပြုံးလိုက်ရင်း...

''သမီးလေးက စိတ်ကိုလျှော့၊ မေမေက သမီးကို သမီးဖေဖေနဲ့ ထိပ်တိုက် မတွေ့ဖို့ မှာထားတာပဲ''

''သမီးက မမှားဘူးမေမေ''

''သမီးမှန်တယ်။ ဒါပေမဲ့ သမီးက သမီးဖြစ်နေပြီး အမှားလုပ်တဲ့သူက အဖေဖြစ်နေတယ်''

www.burmeseclassic.com

www.burmeseclassic.com



''အမိပွါယ်မရှိတာ မေမေ''၊

''အမိပွါယ်ရှိရှိမရှိရှိ မေမေတို့ မြန်မာပြည်မှာကတော့ 'အိမ်ဦးနတ်' ဆိုတဲ့လူတွေ မဟုတ်တာလုပ်ရင် မိသားစုက ခံပေရော့ပဲ''

အန်တီ၏ စကားကို ကောင်မလေးက လက်ခံချင်ပုံ မပေါ်ပါ။ ဖေဖေကတော့ အားလုံးကို သိထားသူ ဖြစ်ဟန်တူသည်။ ခေါင်းတညိတ်ညိတ်နှင့်။ ကျွန်တော့်မှာသာ သမီးတစ်ယောက်လုံး ရောဂါရသည့်ထိ အမှားလုပ်ကာ မိသားစုပေါ် အနိုင်ကျင့်သော သူမ ဖေဖေဆိုသူကိုသာ စိတ်ဝင်စားနေမိသည်။

''အိမ်ဦးနတ်ဆိုတာကိုက သူတို့လုပ်ချင်တာလုပ်ဖို့၊ သူတို့အတွက် သူတို့ရှေ့တန်းတင်နိုင်ဖို့၊ သူတို့ဟာသူတို့ မှည့်ထားတဲ့ နာမည်ပဲ ဟုတ်တယ် မဟုတ်လား အန်ကယ်လ်နိုင်''

''ဒါပေါ့သမီးရယ်။ အဲ…အန်ကယ်တော့ အဲဒီထဲ မပါဘူးကွ''

အားလုံး ရယ်မိကြသည်။

အမှန်တကယ် လေးနက်သင့်သောအရာဖြစ်လျက်နှင့်ပေါ့ပါး အောင် ရယ်မောပစ်လိုက်ရသောအရာများ လောကတွင် အမှန်တကယ် ရှိနေခဲ့သည်။ သို့သော်လည်း ထိုရယ်မောလိုက်ခြင်းတခဏသည် သမားတော် မဟုတ်သလို ဆေးလည်း မဟုတ်ခဲ့ပါ။ ထိုအရာသည် အဖြေတစ်ခု လည်း ဟုတ်မနေခဲ့ပါ။ ဒါဆိုလျှင် လူတွေ ဘာကြောင့် ထိုသို့ ရယ်မော ပစ်လိုက်ကြသနည်း။ ဒါဟာ ထွက်ပေါက်တစ်ခုဟု ထင်ရသော်လည်း ထွက်ပေါက်အစစ် မဟုတ်ခဲ့ချေ။ ဘယ်ကိုမှ မရောက်သော ထွက်ပေါက် အတုတစ်ခုသာဖြစ်၏။

ဖေဖေက…

''ဪ…သမီး၊ ဒါ အန်ကယ့်လ်သား…သူရိန်မင်းနိုင်တဲ့။ သမီးတို့ကျောင်းမှာပဲ အပ်ထားတယ်။ သမီးကျောင်းတက်ရင် ကျောင်းသားအသစ်လေးကို ကူလိုက်ပါဦး''

''သူက သမီးကို ကူရမှာ။ သမီး စာတွေ နောက်ကျနေပြီလေ''

''သိပ်မများသေးပါဘူး''





ကျွန်တော်က ဖေဖေ့လိုပင် ပြုံးကာ ပြောလိုက်မိသည်။ ပြီးမှ သတိရကာ…

''နင့်နာမည်ကကော…''

''ဟုတ်သားပဲ…လင်းသူရိယနွယ်တဲ့''

သူမက ဖြေခြင်းမဟုတ်ပါ။ သူမ မေမေက ဖြေခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ဘယ်လိုမှ မိန်းကလေး မဆန်သော နာမည်လေးကို ရေရွတ်ကြည့်နေမိသည်။ သူရိန်နှင့်သူရိယ အတူတူပဲ မဟုတ်လား။

''နင် ကျောင်းမှာ သူငယ်ချင်းတွေ ရပြီလား''

လင်းသူရိယနွယ်ဆိုသော ကောင်မလေးက အိပ်ရာမှ လက်ထောက်ထကာ ကုတင်ခေါင်းရင်းကို မှီထိုင်လိုက်ရင်းက မေး၏။

''အင်း…ရပြီ''

''ဘယ်သူတွေလဲ''

''အောင်ထွန်းဦး၊ ရဲဝင်းအေး၊ ဉာဏ်ဝင်း''

''နင်က…ဟိုက်ပါလား''

''ဘာလို့လဲဟ''

''ဪ…ကျောင်းက ဟိုက်ပါတွေနဲ့မှ ရွေးပေါင်းလို့''

''မဟုတ်ပါဘူး။ သူတို့နဲ့ထိုင်ရတာကိုး''

''ဪ…ငါကတော့ သူတို့လို စာမတော်ဘူးနော်။ ကြိုပြောထားမယ်''

လင်းသူရိယနွယ်၏ စကားကို ဖေဖေကရော၊ သူ့မေမေကပါ ဘာရယ် မဟုတ်ဘဲ ရယ်ကြပြန်သည်။ လူကြီးများသည် ဘာလုပ်ရမှန်း မသိလျှင် လူမှုရေးအရ ရယ်ပဲနေတတ်ကြသလား မသိပါ။

ကျွန်တော်ကတော့ ခုမှ ရောက်သော ကျောင်းအတွက် သိမှတ်စရာများကို သိရမှာမို့ စိတ်ဝင်စားနေမိသည်။ သို့သော် ဖေဖေက…

''ကဲ…သား ကျူရှင်ရှိတယ်လေ၊ ပြန်ရအောင်။ သမီး လင်းလည်း နားရတာပေါ့''

ဖေဖေက သူမကို 'လင်း'ဟု ခေါ်ပုံရသည်။ သူမက ကျွန်တော့်ကို တအံ့တသြကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



''ဟင်…ကျူရှင်တက်နေပြီ ဟုတ်လား''

''အင်းလေ…ဘာလို့လဲ''

''ငါဖြင့် ကျောင်းတောင် မတက်ရသေးဘူး။ ကျူရှင်ဆို စဉ်းတောင်မစဉ်းစားရသေးဘူး''

သူမက ထိုသို့ပြောတော့ ဖေဖေတို့က ရယ်ကြပြန်သည်။ အန်တီနွယ်ကတော့…

''သမီးနေကောင်းရင် သားတက်တဲ့နေရာမှာပဲ တက်ပေါ့။ ဟုတ်လား။ ကဲ…မေမေ ဦးကိုကိုနိုင်တို့ကို ပြန်ပို့ဦးမယ်။ မီးချောင်းပိတ်ခဲ့မယ်နော်''

အခန်းလေးက ကျွန်တော်တို့ ဝင်လာစကလိုပင် ပြန်လည်၍ အေးစိမ့် မှောင်ကျသွားတော့သည်။ ကျွန်တော်တို့ထွက်လာရာ ပြင်ပမှာကတော့ နေရောင်ခြည်များ လင်းဖြာပူနွေးလျက်။ အခန်းထဲမှာ ထိုင်းမှိုင်းနေခဲ့သော ကျွန်တော်သည်ပင် ပြန်လည် လန်းဆန်းသွားသလို ထင်မိသည်။ နေရောင်ခြည်သည် ကျွန်တော်တို့ကို သွေးနွေးတက်ကြွစေနိုင်သည်ထင့်။

မဆီမဆိုင်။

ကျွန်တော်က အလင်းရောင်အားနည်းကာ အေးစိမ့်နေသော အခန်းလေးထဲမှ အသစ်စက်စက် သူငယ်ချင်း လူမမာလေးကို နေရောင်ခြည်တချို့ လက်ဆောင်ပေးချင်နေမိသည်။ ခဲသားရောင် လိုက်ကာရှည်ကြီးများကို ဆွဲဖွင့်လိုက်လျှင် ဖြာကျဝင်ရောက်လာမည့် နေရောင်များက သူမကို အနှောင့်အယှက်ပြုနေနိုင်၍လား။

ကျွန်တော်ကတော့ သူမကို ပျော်စေချင်နေမိသည်။



# II

.............

We had joy, we had fun
We had season in the sun
But the wine and the song
like the season have all gone.

Season in the sun
by Terry Jack

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း လင်းသူရိယနွယ် ကျောင်းစတက်သောနေ့မှစ၍ ကျွန်တော်တို့ ပျော်ခဲ့ရသည်။ သူမက ကျောင်းတွင် လူချစ်လူခင်များသည်။ ဆရာ၊ ဆရာမများကလည်း ချစ်ကြ၏။ ကျွန်တော့်ကို အားလုံးနှင့်လိုက် မိတ်ဆက်ပေးသည်။

''ဟဲ့...စိုးထွေး ဒါ ငါ့ကို ကုပေးတဲ့ ဆရာဝန်ကြီးရဲ့သား။ ငါ့သူငယ်ချင်း...သူရိန်မင်းနိုင်တဲ့''

''အင်း...မဆိုးပါဘူး လင်း၊ နင့်ကိုတော့ မမီသေးဘူး''

''ဘာလဲဟ''

စိုးထွေး၏ အစအဆုံးမရှိသောစကားကြောင့် ကျွန်တော်ကော လင်းသူရိယနွယ်ပါ အူကြောင်ကြောင် ဖြစ်သွားကြရ၏။ နောက်မှ စိုးထွေးက ရှင်းပြ၏။

''ဩော်...နင်တို့နာမည်က တူတူပဲလေ။ သူရိန်နဲ့သူရိယဆိုတာ ကို။ ဒါပေမဲ့ လင်းနာမည်က ငါးလုံး၊ နင့်နာမည်က လေးလုံး။ ဒါကြောင့် လင်းကို မမီသေးဘူးပြောတာ''

''စိုးထွေးကလည်း စာတော်တယ် သိလား''

''ဟုတ်လား''

'ဟုတ်လား'ဟု တအံ့တဩ ဝင်မေးလိုက်သည်က ကျွန်တော် မဟုတ်ပါ။ စိုးထွေးကိုယ်တိုင်ပင် ဖြစ်သည်။ အတော်တော့ ပြောင်တတ်ပုံ ရသည်။ အရပ်ကလည်း အတော်ရှည်၏။ ထို့ကြောင့် ကျွန်တော်ကလည်း ခေသူ မဟုတ်သူ ပီပီ...။



''ဟုတ်တယ်...ကျွန်တော်တို့ ဘယ်လောက်ရှည်ရှည် သူ့ကို မမီကြသေးဘူး...အရပ်...အရပ်''

ဘေးနားက လူများပါ ဝိုင်းရယ်ကြသဖြင့် တစ်တန်းလုံး မငြိမ် မသက်ဖြစ်သွားရသည်။

အတန်းပိုင်က ထိုစဉ်မှာပင် အတန်းထဲ ရုတ်တရက် ဝင်လာကာ မျက်ထောင့်နီနှင့် ကြည့်၏။ မီးကို ရေနှင့်ငြိမ်းလိုက်သလို အားလုံး 'ဟုတ်'ခနဲ ပါးစပ်ပိတ်လိုက်ကြသော်လည်း လင်းသူရိယနွယ်နှင့် စိုးထွေး ကတော့ နာရီများကို ဖျတ်ခနဲ မြှောက်ကြည့်ကြကာ...

''ဆရာ...ခေါင်းလောင်းမထိုးသေးဘူး။ ဆယ်မိနစ်လိုသေးတယ်''

မှန်ပါသည်။ ခုနစ်နာရီထိုးရန် ဆယ်မိနစ်လိုပါသေးသည်။ ဆရာက သူတို့နှစ်ယောက်ကို မျက်မှောင်ကြုတ်ကြည့်ကာ...

''တစ်ယောက်က နာမည်နဲ့လိုက်တယ်၊ တစ်ယောက်က အရပ်နဲ့ လိုက်တယ်။ ရှည်ကို ရှည်တယ်။ ခုနစ်နာရီမထိုး၊ ခေါင်းလောင်းမခေါက် ရင် အတန်းပိုင်ဆရာက အတန်းထဲ မဝင်ရဘူးလို့ နင်တို့ကို ဘယ်သူက ပြောလို့လဲ''

''ဘယ်...သူ...မှ...မ...ပြော...ပါ...ဘူး''

အားလုံးက သံပြိုင်ဆွဲကာ အော်ဖြေကြ၏။

''အေး...မပြောရင်ပြီးတာဘဲ။ ငြိမ်ငြိမ်နေ''

ငြိမ်ငြိမ်နေဟု ဆိုသော်လည်း ဆယ်မိနစ်အခွင့်အရေး ဆုံးရှုံးရ မှာမို့ မကျေမနပ်ဖြစ်ချင်သော အသံပွက်ပွက်ကလေးများက ဟိုကတစ်ဖေ ဒီကတစ်စ ထွက်လာပြန်သည်။ ဆရာက ဒီလောက်တော့ ဘာမှ မပြောပါ။ သူ့အချစ်တော် မော်နီတာ သိန်းထိုက်ဦးကို ကျောက်သင်ပုန်း ဖျက်ခိုင်းထား လေသည်။

အတန်းပိုင်ဆရာက ဓာတုဗေဒဆရာ ဖြစ်သည်။

ကျောက်သင်ပုန်းဖျက်ပြီးသော် ဓါတုဓါတ်ငွေ့ထုတ်ဖော်ပုံတစ်ခု သင်ရန်အတွက် ဆရာက ပုံဆွဲနေသည်။ အတန်းကတော့ ဆရာ့ကျော နိုင်းလိုက်သည်နှင့် တပြိုက်နက် ပွက်လောပြန်ထတော့သည်။

www.burmeseclassic.com



ပုံဆွဲပြီးတော့ ခေါင်းလောင်းထိုးသည်။ ခေါင်းလောင်းနှစ်ကြိမ် ထိုးပြီးသည်နှင့် ဘုရားရှိခိုး စတော့သည်။ ဒါက ဒီကျောင်း၏ ထုံးစံ။ ဩကာသနှင့်ဘုရားရှိခိုး၊ ငါးပါးသီလပါယူပြီးမှ စာ စသင်ကြသည်။

စာသင်ပြီး အချိန်မကုန်ခင်ကျမှ နာမည်ခေါ်သည်။ ဆရာက နာမည်များကို ခေါ်ရင်း 'လင်းသူရိယန္တယ်'ဟူသော အမည်ရောက်တော့ သက်ပြင်းတစ်ချက်ချ၏။ နောက် 'နှင်းဇာခြည်လင်းဝေ'ဟူသော အမည်ကို ခေါ်ပြီးပြန်တော့ မျက်စိတစ်ချက် လှန်ကြည့်၏။ နောက် 'သီရိသန္တာဖော်'။ ဆရာ မျက်မှောင်ကြုတ်စ ပြုလာပြီ။ စန္ဒီကျော်ဇော၊ သီဟအောင်မြတ်ဦး၊ သူရမိုးကျော်၊ သူရိန်မင်းနိုင်။

ဆရာ လက်ထဲမှ မင်နီချောင်းကို ပစ်ချလိုက်သည်။ ရိဂ္ဂျစ္စတာ စာအုပ်ရှည်ကြီးကို ပိတ်လိုက်ရင်း…

"နောက်နေ့ကျ ဟိုနာမည်ရှည်ရှည်နဲ့ ခုနစ်ယောက်"

"ဗျာ…ဘယ်သူတွေလဲ"

"ဗျာ…ဘယ်သူ့ကို ပြောတာလဲ"

"ရှင်…"

အသံတွေ ထွက်လာပြန်သဖြင့် ဆရာက အသက်ကို အားယူရှူ လိုက်ရင်း…

"လင်းသူရိယန္တယ်၊ နှင်းဇာခြည်လင်းဝေ၊ သီရိသန္တာဖော်၊ စန္ဒီ ကျော်ဇော၊ သီဟအောင်မြတ်ဦး၊ သူရမိုးကျော်၊ သူရိန်မင်းနိုင်…ဟူး ခုတောင် မောတယ်…အဲဒီ ခုနစ်ယောက်"

"ဟုတ်…ကဲ့…ပါ"

ဘာမှ မပြောရသေး၊ ဟုတ်ကဲ့ပါက ထွက်လာသဖြင့် ဆရာ ဒေါသ ထွက်ချင်သွားရသည်။

"ဘာမှ မပြောရသေးဘူး"

"ပြော…ပါ…ဆရာ"

ဆရာ စိတ်ကို လျှော့လိုက်ပုံနှင့်…

"အဲဒီခုနစ်ယောက် ငါ နာမည်မခေါ်ဘူး သိန်းထိုက်ဦး"

"ဗျာ…ဆရာ"



"မနက်ဆို ဒီခုနစ်ယောက်တည်းက ဘယ်သူ ကျောင်းပျက်လဲ ပျက်တဲ့သူရှိရင် ကြည့်ထားပြီး လာပြော။ ဟုတ်ပြီလား"

"ဟုတ်ကဲ့…"

"အေး…သူတို့နာမည်တွေခေါ်ရတာ မသက်သာဘူး"

တစ်တန်းလုံးက ပိုင်းရယ်ကြ၏။ ကျွန်တော်လည်း ဆရာ့ဒေါသကို ရယ်မိ၏။ မရယ်သူက လင်းသူရိယန္တယ်။ တစ်စုံတစ်ရာကို တွေးတောနေ ဟန်ဖြင့် ငြိမ်သက်ကာ ကျောက်သင်ပုန်းကို ကြည့်နေသည်။ နားထဲမှာတော့ ဖေဖေ၏ 'ဒီကောင်မလေး ဒါကြောင့် ရောဂါမသက်သာတာ'ဟု ပြောတတ် သော တဖွဖွစကားကို ပြန်ကြားယောင်မိ၏။

တကယ်တော့ ဒီနာမည်တွေမျိုး လူခုနစ်ယောက်လာစုနေသော အတန်းကပင် ထူးဆန်းနေပြီ။ လူလေး လေးဆယ်ပင် မပြည့်ချင်သော အတန်းမှာ နာမည်ရှည်ရှည်တွေ ခုနစ်ယောက်လောက် လာစုနေတော့ ဆရာလည်း အမြင်ကပ်ပေမည်ပေါ့။ ဒါ ဆရာ့ဘက်က မမှားပါ။ ကျွန်တော်တို့ဘက်က မှားသလားဆိုတော့လည်း မမှားပါ။ အားလုံးက ကိုယ့်နာမည်ကိုယ် ရှည်အောင် မှည့်ထားကြသည်မှ မဟုတ်တာ။ မိဘပေး သော နာမည်ကို လက်ခံထားကြရသည်ကိုး…။

ထင်ထားသည့် အတိုင်းပင်။ မုန့်စားဆင်းချိန်ကျတော့ လင်းသူရိယန္တယ်က…

"အဲဒီဆရာက အလကားနေ သူများမွေးရာပါ နာမည်တွေကို လိုက်မနာလိုဖြစ်နေတယ်"

"အာ…မနာလိုတာ မဟုတ်ပါဘူးဟ"

"မနာလိုတာပါ၊ နင်ပဲ စဉ်းစားကြည့်"

"ဘာဆိုင်လဲ"

"ဆိုင်တယ်နော် စိုးထွေး"

"အေး…ဆိုင်တယ်"

"စန္ဒီနဲ့ဇာခြည် ဆိုင်လား"

"အေး…ဆိုင်တယ်"

"ဘာလို့လဲဟ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က တိုတာကို။ သူ့အမေက တိုရှေ့ရှားရေမှည့်ထားတာ ကြည့်ပါလားနော့"

"ဟုတ်ပ"

စိုးထွေး၊ စန္ဒီကျော်ဇောနှင့် နှင်းဇာခြည်တို့ကပါ ထောက်ခံရင်း တခွိခွိရယ်ကြ၏။ ခက်တာက ကျွန်တော့်မှာ လိုက်မရယ်နိုင်။ ကျွန်တော်မှ ဆရာ့နာမည်ကို မသိတာ။

"ဟဲ့…ဆရာ့နာမည်က ဘာမို့တုန်း"

"ဟင်…နှင် မသိဘူးလား"

"အာ…ဘယ်လို သိမှာလဲ။ ငါက ခုမှ ဒီကျောင်းရောက်တာ လေ"

"ဩော်…မေ့လို့…မေ့လို့…။ အဲဒီ ဆရာနာမည်က 'ဦးကြည်' လေ။ နှင် စဉ်းစားကြည့် 'မောင်'တပ်ရင် 'မောင်ကြည်'၊ ငါတို့နာမည့်လို ဘာမှ မတပ်ဘဲ အလွတ်ခေါ်ကြည့်ပါလား"

"ကြည်"

ကျွန်တော် လွှတ်ခနဲ ခေါ်မိ၍ အားလုံးက ဝိုင်းရယ်ကြသည်။ လင်းသူရိယနွယ်ကတော့ မချိုမချဉ်လေးပြုံးက…

"တွေ့လား…ဒါကြောင့် ငါပြောတာ။ မနာလိုတာပါဆိုတာ"

ပြောရင်း ရယ်ကြပြန်သည်။

ကျွန်တော့်မှာဖြင့် သူ့စိတ်ထဲ တစ်ခုခု မကျေနပ်ဖြစ်ပြီး ရောဂါတိုးမှာစိုးလိုက်ရတာ။ သူက ကြိတ်ကြိတ်ဖန်ဖန်တွေးတောကာ ဟာသလုပ်နေသည်။ ပြီး ပြောလိုက်သေးသည်။

"နေနှင့်ဦးပေါ့ တစ်ပတ်ဆယ်ရက်"

"ဟဲ့…ဘာလို့လဲ"

စန္ဒီက စိတ်ဝင်တစား ပြန်မေး၏။ လင်းသူရိယနွယ်က ရယ်ကာ…

"ဘာလို့ရမှာလဲ…အဲဒီတော့မှ ဆရာမကြီးဆီဝင်ပြီး ဆရာသမီးတို့ ခုနစ်ယောက်နာမည်ကို မခေါ်တာ ဆယ်ရက်ကျော်ပြီလို့ သွားတိုင်မယ်လေ"



"ဟာ…ကောင်းတယ်"

အားလုံးက ရယ်ကာ ထောက်ခံကြ၏။

"စန္ဒီနဲ့ဇာခြည်က လိုက်မှာ မဟုတ်လား။ သီရိကလည်း လိုက်မှာပါ။ မင်း နှင်ကော"

ကျွန်တော် တအံ့တသြဖြစ်သွားရသည်။ ကျွန်တော့်ကို အဖော်ညှိ၍ မဟုတ်ပါ။ သူမ ကျွန်တော့်ကို ခေါ်သော အခေါ်အဝေါ် ဆန်းဆန်းလေးကြောင့် ဖြစ်သည်။ သူမကတော့ ပေါ့ပေါ့ပါးပါးပင်။

"နှင်မလိုက်လည်း ကိစ္စမရှိပါဘူး။ ဆရာမကြီးက ငါပြောရင်ကို လုံလောက်ပါပြီ။ အင်း…ဆရာတော့ လေကုန်မှာ နှမျောတာနဲ့ပဲ ဆရာမကြီးဆီမှာ လျှောက်လဲချက် တင်ရတော့မယ်"

ဟု တစ်ယောက်တည်း ပြောကာ ရယ်နေတော့သည်။ ထိုအချိန်က သူမကိုယ်ပေါ်တွင် နေရောင်တချို့ ဖြာကျနေခဲ့သည်။ သူမ ပျော်ရွှင်နေခဲ့ပုံလည်း ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# III

When I find myself in time of troubles
Mother Mary comes to me.
Whisper words of wisdom, Let it be.

'Let it be'
by the Beatles

The Beatles George Harrison
Ringo Starr
Paul Macartney
John Lenon





နောက်ဆယ်ရက်ခန့် ကြာသောအခါ… လင်းသူရိယနွယ်၊ စန္ဒီကျော်ဇော၊ နှင်းဇာခြည်လင်းဝေနှင့် သီရိသန္တာဇော်တို့သည် တကယ်ပဲ ကျောင်းအုပ်ဆရာမကြီးထံ ဝင်တိုင်ခဲ့ကြသည်။ ဆရာမကြီးက ဆင့်ခေါ်သောအခါ ဆရာ သွားရှင်းရတော့၏။ ဒါတွေအားလုံး၏ တရားခံအရင်းအမြစ်က 'လင်းသူရိယနွယ်'မှန်းလည်း ဆရာက သိတယ်။

''မင်း''

''အင်း…ဘာလဲ''

''ဆရာတော့ ငါ့ကို ညှိုးတော့မလား မသိဘူး''

မေးပုံကလေးက တစ်စက်မှ အပိုးမကျိုးပါ။ စိုးရိမ်၍ မေးခြင်းမျိုး မဟုတ်။ ရယ်ချင်ပက်ကိုဖြစ်နေသော မျက်နှာပေးနှင့် ရှေ့ဆက်ဖြစ်လာမည့် အပေါ် စိတ်ဝင်စားပြီး ပြောဆိုနေပုံမျိုးဖြစ်သည်။

''အမိပွါယ် မရှိတာဟာ…ဆရာနဲ့ တပည့်ပဲ''

''ဆရာနဲ့တပည့်ပေမဲ့ သူများဆရာတပည့်နဲ့ မတူဘူးလေ။ ငါဆိုတဲ့ လင်းသူရိယနွယ်ကလည်း မဟုတ်တာဆို ဘာမှ ခံချင်တာ မဟုတ်ဘူးဟ။ နာမည်ရှည်တာများ ဘာဖြစ်လဲ။ ခေါ်ရမှာက ဆရာ့တာဝန်။ ဆရာက ဆရာပဲဟာ။ ခုတော့ ရှည်လို့မခေါ်ဘူးပဲရှိရသေးတယ်။ ငါက အဲဒါမျိုး ငါ့အဖေလိုမျိုးပေါ့။ ငါဆရာ၊ ငါအဖေ လုပ်ချင်တာလုပ်မယ်။ ငါလိုတာ အမှန်ဆိုတာမျိုး အသက်နဲ့အနိုင်ကျင့်တာကို နည်းနည်းမှ ကြိုက်တာ မဟုတ်ဘူး။ လေးစားမှုက တစ်ကဏ္ဍပဲ။ ပါးပါးလေးတော့ ပြန်ကလိ

ချင်တတ်တယ်''

'မိသူရယ် နင်ကလည်း နင်ပဲ''

''နင် ဘယ်လိုခေါ်လိုက်တယ်''

ရုတ်တရက် ကျွန်တော် လွှတ်ခနဲခေါ်မိခြင်းဖြစ်သော်လည်း စိတ်ကူးထဲမှာ သူများနဲ့မတူအောင် 'မိသူ'ဟု ခေါ်ကြည့်နေမိတာ ကြာပြီ။ သို့သော် သူမက သူမ ကျွန်တော့်ကို 'မင်း'ဟု ခေါ်လိုက်စဉ်ကလို မသိလိုက်မသိဘာသာ မနေဘဲ ပြန်မေးနေသဖြင့် ကျွန်တော်ပင် ရှက်ချင်ချင် ဖြစ်သွားရသည်။

''မိသူလေ''

''ကြောင်ခေါ်တာ ကျနေတာပဲ။ မိဖြူတို့ဘာတို့လို။ ဒါပေမဲ့ ကောင်းပါတယ်။ ဘယ်သူမှ ငါ့ကို အဲဒီလို မခေါ်ကြဘူးသိလား''

အားလုံးက သူမကို 'လင်း'ဟုသာ ခေါ်ကြတာများသည်။

ထိုစဉ်မှာပဲ ဆရာ ပြန်ဝင်လာသဖြင့် ကျွန်တော် ကိုယ့်နေရာကိုယ် ဝင်ထိုင်လိုက်၏။ မိသူထိုင်သောခုံနှင့် ကျွန်တော့်ခုံကြားတွင် လမ်းသာခြားသည်။ ဒုတိယမြောက်လိုင်းတွင် ထိုင်ရခြင်းဖြစ်၏။

ဆရာက ဝင်လာလာခြင်း အတန်းကို တစ်ချက်ဝေ့ကြည့်ပြီး အကြည့်ကို လင်းသူရိယနွယ်ထံတွင် အဆုံးသတ်၏။ ပြီး ဘာမှ မပြောဘဲ စာကို စသင်၏။ မနေ့က သင်ကြားခဲ့သော စာများကို ပြန်မေးသည်။

ပထမဆုံး လင်းသူရိယနွယ်ကို မေးသည်။ သူမ ဖြေပြီးသောအခါ ဒုတိယမေးခွန်းကို စိုးထွေးအားမေး၏။ တတိယ လင်းသူရိယနွယ်ပင် အလှည့်ကျပြန်၏။ စတုတ္ထ သိန်းထိုက်ဦးကို မေးသည်။ နောက် လင်းသူရိယနွယ်ထံပင် ပြန်လှည့်မေးပြန်၏။ မိသူက ကျွန်တော့်ကို တစ်ချက် ကြည့်၏။ သူမ တစ်ခုခု လုပ်ချင်နေပြီဆိုတာကို ကျွန်တော် ရိပ်မိ၍ မျက်ရိပ်ပြကာ တားလိုက်၏။ မိသူက မကျေမနပ်ဖြစ်မှုကို စာရွက်ပေါ်တွင် ဘောလ်ပင်နှင့် လျှောက်ခြစ်ရင်း ဖြေဖျောက်နေပုံရသည်။

နောက် သီဟအောင်မြတ်ဦးကို မေးပြန်သည်။ ပြီး လင်းသူရိယနွယ်ဘက်ပင် ပြန်လှည့်လာပြန်၏။ ဒီတစ်ခါတော့ ကျွန်တော်လည်း တားလို့ရမည် မဟုတ်တော့တာ သိလိုက်သည်။ လင်းသူရိယနွယ်က





ခပ်တည်တည်နှင့် ထိုင်ရာက ထရပ်လိုက်၏။ ပြီး ဆရာ့ကို တည့်တည့် ကြည့်ကာ...

''ဆရာ တစ်ခု အရင်မေးချင်တယ်''

ဆရာက 'မေး'ဟူသော သဘောနှင့် မေးဆတ်ပြ၏။

''အတန်းထဲက လူတချို့ ခါတ်ငွေ့တစ်မျိုးမိနေကြလား မသိဘူး''

သူမအမေးကြောင့် အားလုံးက နားမလည်သလို တအံ့တဩ ငြိမ်သက်သွားကြသည်။ ဆရာကတော့ မျက်မှောင်ကြုတ်ကာ...

''ဘာဓာတ်ငွေ့လဲ''

''ကိုယ်ပျောက်ဓာတ်ငွေ့ပါ''

ဒီလောက်ဆို ဆရာသာမက အတန်းထဲမှ သူအားလုံးလည်း သူမဆိုလိုချင်သော အဓိပ္ပါယ်ကို ရိပ်မိစပြုလာပြီ။ တချို့က ခေါင်းငုံ့ကာ ပြုံးကြ၏။ မပြုံးနိုင်သူက ဆရာ။

''မင်း…ဘာ ဆိုလိုချင်တာလဲ''

''ကျွန်မနာမည် လင်းသူရိယနွယ်ပါ။ 'မင်း'ဆိုတာက တိုတာ မှာ''

ကျွန်တော့်ကို ညွှန်ပြ၏။ အတန်းကတော့ တခွိခွိသံများ ကြားရ ပြုနေပြီ။ အခြေအနေကို ဒီထက် မတင်းမာစေချင်၍ ကျွန်တော် မိသူကို လှမ်းဆွဲရင် ပြင်လိုက်သည်။ သို့သော် မိသူက ဆက်ပြောသည်။

''အတန်းထဲမှာ လူ ၃၈ ယောက်ရှိပါတယ်။ လင်းသူရိယနွယ်ပဲ စာမေးခံရတာ လေးကြိမ်ဆိုတော့ တခြားသူတွေ ကိုယ်ပျောက်နေကြလို့ လားလို့ တွေးမိလို့ပါ''

ရယ်သံများ ခပ်သဲ့သဲ့ထွက်လာကာ ဆရာ့မျက်နှာလည်း ပျက် သွားတော့သည်။ သူ့ဘာသာသူလည်း မှားမှန်းသိသွားပုံရသည်။ သို့သော် ဦးကြည်သည် လင်းသူရိယနွယ်၏ ဆရာဖြစ်သည်။

''မင်းက ကျောင်းတက်တာ နောက်ကျတယ်လေ။ ဒီတော့ စာနောက်ကျပြီး မကျေမှာစိုးလို့ မေးနေရတာ''

ဆရာ့အကြောင်းပြချက်က ခိုင်မာနေပြန်သည်။ ဒါပေမဲ့ လင်းသူရိယနွယ်သည် လင်းသူရိယနွယ်သာ ဖြစ်၏။

www.burmeseclassic.com



''ကျေးဇူးတင်ပါတယ် ဆရာ။ ဒါဆို ကျန်တဲ့မေးခွန်းအားလုံးကို ကျွန်မပဲ ဖြေပါတော့မယ်''

''မလို...''

ဆရာ့စကား မဆုံးလိုက်ပါ။ သူတို့နှစ်ဦး၏ စစ်ပွဲကို ခေါင်းလောင်းထိုးသံက အဆုံးသတ်ပေးလိုက်သည်။ ထိုနေ့တစ်နေ့တာအတွက်သာ ဖြစ်၏။ နောက်နေ့များတွင် (မဖြစ်သင့်ဘဲ) တစောင်းစေးနှင့် မျက်ချေး ဖြစ်နေကြသော ဆရာတပည့်နှစ်ယောက်ကတော့ ဓာတုဗေဒအချိန်တိုင်း စစ်အေးတိုက်ပွဲ ဆင်နွှဲနေခဲ့။

လင်းသူရိယနွယ်က ပြောသည်။

''မဆိုးပါဘူး မင်းရဲ့။ ဖေဖေနဲ့အတိုက်အခံဖြစ်ရတဲ့ ငါ့အတွက် ရလာဒ်က အမုန်တရားနဲ့တရားမျှတမှုရယ်၊ တာဝန်သိတတ်မှုနဲ့ စိတ်ကောင်းရှိမှုတွေရယ် ပိုလာစေတယ်။ ခု ဆရာနဲ့ငါနဲ့ စစ်ပွဲမှာတော့ ငါ့ဓာတုဗေဒအမှတ်က အပြည့်ဖြစ်ပြီး အမြဲတရနေစေတယ်''

ဒီသူသည် ထိုသို့တော့ အရှုံးထဲမှ အမြတ်ယူတတ်သူဖြစ်၏။

''တချို့အရာတွေက let it be ဆိုပြီး ထားလိုက်လို့ မရဘူးဟ။ သိလား...မင်း။ ငါတို့ဟာ သူတော်စင်တွေ တရားပေါက်နေတဲ့ သူတွေမှ မဟုတ်သေးတာ။ ခွင့်လွှတ်တယ်ဆိုတာကလည်း ထိုက်တန်တဲ့သူမှ ရတာပါ။ တစ်ခါတလေကျ ငါ အားလုံးကို Beatles တွေရဲ့ သီချင်းထဲကလိုပဲ let it be! လို့ ထားလိုက်ချင်တယ်...မရဘူးဟ။ ဒါကြောင့် တစ်ခါတလေ ငါတစ်ယောက်တည်း မှောင်ကျနေရတတ်တာပေါ့''

''ဒါကြောင့် နင့်နှလုံးရောဂါက မသက်သာတာ''

ကျွန်တော်က အဲဒီလို ဆရာကြီးလုပ်တော့ သူမက...

''နင်ကပါ အန်ကယ်လ်နိုင့်လေသံနဲ့။ အင်း...နင်က အန်ကယ်လ်နိုင့်သားဖြစ်ရတာ ကံကောင်းပါတယ်''

''နင်လည်း အန်တီနွယ့်သမီးဖြစ်ရတာ ကံကောင်းတာပဲ''

''ဟုတ်တယ်။ ငါ့ဘဝမှာ မေမေပဲရှိတယ်။ မေမေ့ကိုတော့ သနားလည်း သနားတယ်၊ အားလည်း ကိုးတယ်၊ ယုံလည်း ယုံကြည်တယ်''





တကယ်တော့ အန်တီနွယ်ဆိုသော ဒေါ်သက်ထက်နွယ်သည် ချမ်းသာပြည့်စုံထက်မြက်သူ ဖြစ်၏။ လုပ်ငန်းအားလုံးကို ဦးစီးသူက ဒေါ်သက်ထက်နွယ်ဖြစ်သည်။ မိသူ၏ အဖေ ဦးပိုင်စိုးကတော့ ဘာမှ အားမကိုးရ။ အားမကိုးရ၍ မိန်းမလုပ်စာ ငြိမ်ငြိမ်စားသူလားဆိုတော့လည်း မဟုတ်ပြန်။ မိန်းမရှာထားသောငွေနှင့် သောက်စား၊ လောင်းကစားရုံမက မယားငယ်ပင်ယူထားသေးသည်ဟု သိရသည်။ ဒီတော့ လင်းသူရိယနွယ်နှင့် မတည့်တာ သိပ်တော့မဆန်း။

အိမ်မှာ တစ်ခါတစ်ရံ ပြန်လာတတ်သော အဖေနှင့်မတည့်၍ အန်တီနွယ်က မိသူကို ကျောင်းပြီးတာနှင့် ကျွန်တော့်အိမ်သို့ ပို့ထားတတ်သည်။ ကျွန်တော်တို့ကျူရှင်ပိုင်းက ကျွန်တော့်အိမ်မှာပဲ မဟုတ်လား။ နေ့လယ်နှစ်နာရီမှ ညနေ ငါးနာရီထိ စာသင်၊ အန်တီနွယ်က သူ့အလုပ်များအပြီး ငါးနာရီခွဲ၊ ခြောက်နာရီခန့်မှ အိမ်မှာ လာခေါ်တတ်သည်။

မေမေကလည်း သားတစ်ယောက်တည်းရှိသူမို့ ကျွန်တော့်သူငယ်ချင်းအားလုံးကို တကယ်ပင် သားသမီးအရင်းလို ချစ်သည်။ မိသူကိုဆိုလျှင်တော့ ပြောစရာမရှိတော့။ ကျွန်တော်တို့အုပ်စု လိုအပ်သမျှကို မေမေက ဒိုင်ခံဖြည့်ဆည်းပေးတတ်၏။ စားချင်တာ စားလို့ရအောင် ဆရာ၊ ဆရာမများ မလာသေးလျှင် ဆော့ချင်တာ ဆော့လို့ရအောင်ထိ မေမေက စီစဉ်ပေးသည်။

ကျွန်တော်တို့ ယောကျ်ားလေး လေးယောက်က အားတာနှင့် T.V Game နှင့် ကွန်ပျူတာ Game ကို လုကာ ကစားကြတော့၏။ မိန်းကလေးသုံးယောက်ကတော့ စာဖတ်ချင်ဖတ်၊ မေမေနှင့်စကားပြောချင်ပြော၊ ဆော့ချင်ဆော့နေတတ်ကြသော်လည်း များသောအားဖြင့်တော့ မိသူက နားကြပ်ကက်ဆက်တစ်လုံးနှင့် ငြိမ်ကာ သီချင်းနားထောင်နေတတ်၏။ တစ်ခါတစ်ရံမှာတော့ ခပ်တည်တည်နှင့် ခါတညီမျှခြင်းများ ခါတ်ငွေ့ထုတ်ဖော်ပုံများကို ကျက်မှတ်နေတတ်ပြန်သည်။

ပြီးလျှင်တော့...

'ဆရာဆင်အော်သံက ကျေးဇူးကြီးတယ်ဟ'ဟု ရယ်ဟဟဆို တတ်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ...ဆင်အော်သံ"

"ကျီ...လေ...ဆင်တွေက 'ကျီ'လို့အော်ပြီး ပြေးတတ်တယ်တဲ့"

"ဟာ...မဟုတ်တာ။ ဝူး...ပါ"

"မဟုတ်ဘူး...လန့်ပြေးရင် အော်တာ"

"ကြဲကြဲဖန်ဖန်"

အဲဒီလို ကြဲကြဲဖန်ဖန်လည်း ပြောကာ တစ်ယောက်တည်း ပျော်ချင် ပျော်နေတတ်သေးသည်။ ဘယ်လိုလေးမှန်း မသိတာကတော့ သေချာပါသည်။



# IV

I look at the sky, running my head
over my eyes, and I fell out of bed
haunting my head, from things
that I said.

"I started a **joke**"
by 'Bee Gees'

Bee Gees Maurice Gibb
Robbin Gibb
Barry Gibb

www.burmeseclassic.com

www.burmeseclassic.com



၈

စာသင်နေရင်း ဖုန်းလာသဖြင့် မေမေ ထ ကိုင်ပေးသည်။ ပြီးမှ ကျွန်တော့်ကို လှမ်းခေါ်ကာ တဆက်တည်း သင်နေသော ဆရာကိုပါ ခွင့်တောင်းပေး၏။

''သား...ဖုန်း။ လင်း...တဲ့၊ ဆရာ လင်းသူရိယနဲ့ ဖုန်းဆက်လို့''

''ဩော်...ဟုတ်လား။ သူ နေကောင်းပြီလား''

''သက်သာစပြုပါပြီ''

မေမေက ဆရာ့ကို ဖြေနေဆဲ။ ကျွန်တော် ဖုန်းရှိရာ လှမ်းခဲ့လိုက်သည်။ မိသူ နေမကောင်းပြန်ဖြစ်၍ ကျောင်းကော၊ ကျူရှင်ပါ မတက်သည်မှာ သုံးရက်ရှိပြီ။ စိုးထွေးက သူ့တွဲဖက်မရှိ၍ ငြိမ်နေ၏။ စန္ဒီက နဂိုတည်းက စကားခပ်နည်းနည်းဆိုတော့ ဝိုင်းက တိတ်နေတတ်သည်။

''ဟဲလို...''

''မင်း လား''

''အင်း...''

''နင်ကလည်း ငါ နေမကောင်းတာ တစ်ချက် မလာဘူး''

''လာမှာပါ။ ဒီညနေ ဖေဖေနဲ့လိုက်ခဲ့မှာပါ''

''အရင်နေ့တွေကကော''

''နင့်စာတွေ ငါ ကူးပေးနေရတယ်လေ။ ပြီးတော့ ဆရာဦးဟာမား



က သင်္ချာတွေ အိမ်စာပေးတာ အရမ်းများတယ်ဟ''

''ဟော့တော့...ဒုက္ခပဲ၊ ငါက နဂိုတည်းက သင်္ချာကြောက်တာ''

''မခက်ပါဘူး။ တွက်ရတာများတာပါပဲ၊ ငါ တွက်ပေးထားတယ်။ ပြီးရင် အကုန်ရှင်းပြမယ်''

''အဲဒါတွေထက် အရေးကြီးတာ ရှိသေးတယ်''

''ဘာလဲ''

''Chemistry လေ''

''ဩော်...နင်က နင့်ဆရာ ဆင်အော်သံကျတော့ ကြောက်သလား''

''မကြောက်ပါဘူး။ ငါ့ဘက်က ဟာကွက်မရှိချင်တာ။ နင် မသိဘူးလား။ စစ်တိုက်တာပဲဖြစ်ဖြစ်၊ စစ်တုရင်ထိုးတာပဲဖြစ်ဖြစ်၊ ဘာအားကစားပဲဖြစ်ဖြစ်ပေါ့ဟာ...ဟာကွက်မရှိရင် နိုင်ဖို့ ရာနှုန်းများနေပြီပဲ''

''အေးပါ...ဟုတ်ပါပြီ။ ဒါလည်း မပူပါနဲ့။ ငါ ညနေလာရင် အားလုံး အိုကေသွားစေရမယ်''

''ဟာ...အားလုံးတော့ တစ်ထိုင်တည်း မရှင်းနဲ့နော်။ ငါ ခေါင်းမူးလာရင် နင့်ကို အန်ကယ်လ်နိုင် ဆူလိမ့်မယ်''

''အေးပါ...ဟိုမှာ ဆရာစာသင်ဖို့ စောင့်နေပြီ''

''အင်းအင်း...အားလုံးကို သတိရကြောင်း ပြောလိုက်နော်။ အထူးသဖြင့် စိုးထွေးကို''

ကမန်းကတန်း 'အင်း...'လိုက်ကာ ဖုန်းချလိုက်ရ၏။

ကျွန်တော် ပြန်ထိုင်တော့ သူငယ်ချင်းတွေက ဝိုင်းမေးကြသည်။ ခဲဝင်းအေးက...

''ဘယ်လိုလဲ...နေကောင်းပြီလား''

''ကောင်းစပြုပါပြီ''

''အေး...ကောင်းပါမှပဲ၊ မဟုတ်ရင် ငါတို့ဝိုင်းက ဆရာ့စာသင်သံသာမရှိရင် သရဲကားကြည့်နေရသလိုဖြစ်နေမှာ''

စကားနည်းသော စန္ဒီကပင် ထိုသို့ ဝင်ပြော၏။

''ကောင်းမှာပါဟာ...ငါ့အဖေ ကုနေတာပဲ''

www.burmeseclassic.com

www.burmeseclassic.com



''အရေးထဲ…''

ကျွန်တော့်အပြောင်အနောက်စကားကြောင့် အားလုံး ဝိုင်းရယ်ကြ၏။ ရယ်သံများဆုံးတော့ ဆရာက စာဆက်သင်သည်။ ဆရာသည် ကျွန်တော်တို့ကို သင်္ချာနှင့် ဓာတုဗေဒ သင်ပေးသူဖြစ်၏။ ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ကို နားလည်ကာ လိုက်လျောညီထွေရှိလှသူလည်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံးက ဆရာ့ကို ချစ်ကြောက်ရိုသေကြသည်။ တကယ်တော့ 'ဆရာ'ဟူသော ဝေါဟာရကို ခံယူရန် လွယ်ကူသလောက် ထိုက်တန်ရန် မလွယ်ကူဟု ကျွန်တော် တွေးနေမိသေးသည်။

နောက်တစ်ရက်သည် ကျောင်းပိတ်ရက်ဖြစ်သဖြင့် ကျွန်တော်တို့ စာသင်ချိန်ပြီးလျှင် 'လင်းသူရိယနွယ်'ထံ သွားကြရန် ဆရာနှင့်ပါ ချိန်းဖြစ်ကြသည်။

ဒီတစ်အုပ်လုံး သူ့ဆီရောက်လာတာတွေ့လျှင် မိသူ အရမ်းပျော်သွားပေလိမ့်မည်။ သို့သော် ညနေ ဖေဖေနှင့်အတူ မိသူထံ လိုက်သွားသောအခါ အခြေအနေက တစ်မျိုးပြောင်းခဲ့သည်။ အန်တီနွယ်က ဖေဖေနှင့် ကျွန်တော့်ကို မိသူ၏ အေးစိမ့်ကာ အလင်းရောင်နည်းသော အခန်းလေးထဲ ခေါ်သွားစဉ်ကပင် တစ်ခုခုထူးခြားနေသလို ကျွန်တော် ခံစားမိသည်။

တစ်အိမ်လုံးက တိတ်ဆိတ်နေ၏။ မိသူ၏ အချစ်တော် ခွေးကလေး ဖြူလုံးကိုလည်း မတွေ့ရ။ အန်တီနွယ့်ကြောင်ကလေးများနှင့် အိမ်မွေးဖော်များ၏ အသံကိုလည်း မကြားရ။ နေ့လယ်က စန္ဒီပြောသော သရဲကားကြည့်နေရသလိုပင် တိတ်ဆိတ်ကာ ခြောက်ခြောက်ခြားခြားပင် နိုင်လာသလိုလို။

အခန်းထဲက ကုတင်ပေါ်မှာကတော့ မောဟိုက်စွာ အသက်ကို နိုင်နိုင် လုရှူနေရင်းက မျက်ရည်စိုသော မျက်ဝန်းများနှင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော မိသူကို တွေ့လိုက်ရသည်။

''ဘယ်လိုဖြစ်တာလဲ ဒေါ်သက်ထက်နွယ်''

''ထုံးစံအတိုင်းပေါ့။ သူ့အဖေပြန်လာတာနဲ့ ပြဿနာတက်တော့တာပဲ''



ကျွန်တော်က မနေနိုင်စွာ မိသူ၏ လက်သီးဆုပ်များကို ဖြည်ဆန့်ပေးရင်းက…

''မိသူက နေမကောင်းဘူးလေ။ ဒါလည်း ပြဿနာတက်တာပဲလား''

''ကလေး နေမကောင်းတာတွေဘာတွေ သူက နားလည်တာ မဟုတ်ဘူး သားရဲ့။ အခက်ဆုံးက သမီးခုလိုဖြစ်နေတာကို သူက သူ့ကို ပညာပြနေတာ…တကယ်ဖြစ်နေတာ မဟုတ်ဘူးလို့ ထင်နေတဲ့ အချက်ပဲ။ အန်တီ့ကိုလည်း သမီးကိုတန်းပြပြီး သူ့ကို ကြိုးကိုင်ချင်တယ် ထင်နေတာ''

နှစ်မိသားစုက တစ်မိသားစုလိုပင် (ဦးပိုင်စိုးမှလွဲ၍) ဖြစ်နေပြီးဖြစ်၍ အန်တီနွယ်က ပွင့်ပွင့်လင်းလင်းပင် ပြောပြသည်။

''ကျွန်တော်ကိုယ်တိုင် ကုနေတာပဲ။ ကျွန်တော်က အရူးမှ မဟုတ်တာ။ ဒေါ်သက်ထက်နွယ်''

''ဟုတ်ပါတယ်။ ပြောရရင်တော့ သူက ဦးကိုကိုနိုင်ကိုပါ မဟုတ်ဘဲ ဆွဲကုနေတာလို့ ထင်ချင်ပုံရတယ်''

ကျွန်တော်က ရှူးခနဲ ဒေါသထွက်သွားရသလောက် ဖေဖေက ခပ်အေးအေးရယ်၏။

''ထားလိုက်ပါ ဒေါ်သက်ထက်နွယ်။ ကျွန်တော်တို့က ကိုယ်လုပ်စရာရှိတဲ့အလုပ်ကို လုပ်ရမှာပဲ။ ပုံမှန်စိတ်မရှိတဲ့သူတွေနဲ့ ပြိုင်ပြီး ဒေါသထွက်နေဖို့ မလိုဘူးလေ''

''ဟုတ်ကဲ့…ကျွန်မလည်း ဒီလိုပဲ သဘောထားပါတယ်''

''ကဲ…သမီးကို စမ်းသပ်ရအောင်''

ဖေဖေက လင်းသူရိယနွယ်ကို သေသေချာချာ ဂရုတစိုက်စမ်းသပ်၏။ ပြီးမှ…

''ဒေါ်သက်ထက်နွယ်''

''ဟုတ်ကဲ့…ပြောပါ''

''ဦးပိုင်စိုးက ဒီလိုပဲ ပြဿနာရှာနေမယ်ဆိုရင် ကျွန်တော် လင်းကို ဆေးရုံပို့ထားချင်တယ်''

''ရပါတယ်။ ဦးကိုကိုနိုင် အကောင်းဆုံးဖြစ်မယ်ထင်သလို စီစဉ်ပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဆိုတော့ ကျွန်တော် သမီးလင်းရဲ့အခြေအနေကို စိတ်မချသေးဘူး"

"ကောင်းပါပြီ ဦးကိုကိုနိုင်"

ကျွန်တော်တို့ မိသူကို ဆေးရုံပို့ရန် ပြင်ကြသည်။ အခန်းရဖို့ကိုပင် အတော်လေးကြိုးစားကြရသည်။ ဖေဖေက ဆေးရုံများကို ဆက်ကာ အခန်းရှာနေစဉ်မှာ အန်တီနွယ်က ပစ္စည်းတချို့ကို စီစဉ်၏။

ကျွန်တော်က မိသူနားမှာ ထိုင်နေရင်း သိချင်စိတ်က ပြင်းပြလာသောကြောင့် တိုးတိုးလေး ကပ်မေးလိုက်သည်။

"မိသူ ဘယ်က စဖြစ်ပြန်တာလဲ။ ဟိုနေ့ကလိုပဲ အန်တီနွယ့်ပစ္စည်းတွေ ယူသွားပြန်လို့လား"

လွန်ခဲ့သော လေးရက်ကလည်း အန်တီနွယ့်ပစ္စည်းတချို့ကို ယူပြီး ပြန်အထွက် မိသူနှင့်တိုးကာ သားအဖ ပြဿနာတက်ကြခြင်းဖြစ်သည်။ မိသူက...

'မေမေ မသိအောင် သော့ဖျက်ပြီး ယူတယ်ဆိုကတည်းက နိုးတာပဲ ဖေဖေ'ဟု ပြောသောစကားကို ဦးပိုင်စိုးက မချီအောင် နာလေသည်။ ထို့ကြောင့် ကိုယ်မွေးထားသော သမီးကိုပင် မသိနိုင်တော့လောက်အောင် ခြေထောက်နှင့် ကန်ပစ်လိုက်ရာက စပြီး ပြဿနာထပ်တက်ကြကာ မိသူက ရောဂါပြန်ထတော့၏။

"ခုဟာက မေမေ့ပစ္စည်းယူတာ မဟုတ်ဘူး။ ငါ့ကို ဖွားဖွားအမွေပေးခဲ့တဲ့ ပတ္တမြားလော့ကက်ကလေးကို မှန်တင်ခုံပေါ် တင်ထားတာကို ငါ ကျောင်းသွားတယ်ထင်ပြီး ဝင်ယူတာ။ ငါ ရှိနေတော့ ပြဿနာတက်တာပေါ့"

"ဟင် သူက နင် နေမကောင်းလို့ ကျောင်းမတက်နိုင်တာတောင် မသိဘူးလား"

"ဝေးပါသေးတယ် မင်းရယ်။ ပြီးတော့ ညနေပဲ ရှိသေးတယ်။ ဖေဖေက မူးနေပြီ။ သူ ငွေလိုရင် ငါ့ဆီကတင် မဟုတ်ပါဘူး။ တောင်းယူရင် မေမေ့ဆီကလည်း ရနေတာပဲ။ ခုဟာက ငွေပဲလိုလို့လား သူ့မိန်းမ ပေးဖို့ပဲလား မသိဘူး။ ခုလည်း ငါက ဖေဖေလိုချင်ရင် တောင်းယူပါ





'လင်း'ပေးပါတယ်လို့ ပြောလိုက်တာကို နာပြန်ရောလေ။ ခုရော ဖါ ... နိုးနေလို့လားတဲ့။ စိတ်ညစ်ပါတယ်ဟာ...ငါ ဘယ်ဘဝက ဝဋ်ကြွေး ... ဒီလိုအဖေမျိုး ရနေတာလဲ မသိပါဘူး"

ကျွန်တော် စိတ်ညစ်သွားရပါသည်။ မိသူကို သနားသွားမိသလို ဦးပိုင်စိုးကိုလည်း စိတ်ရှိလက်ရှိ ပြောပြစ်ချင်နေမိ၏။ ဖေဖေ့လို ကိုယ့်အလု ... ကိုယ်လုပ်တတ်ရန် ကျွန်တော် ကြိုးစားရဦးမည်ထင်သည်။

အားလုံးသည် ကိုယ့်သီးခြားဘဝများနှင့်ကိုယ် ရပ်တည်နေကြ ... သည်ဆိုသော်လည်း ခုလို ဘဝချင်း ဆက်ယှက်လာသောအခါ ကျွန်တေ ... ဖေဖေနှင့် မေမေကို အရမ်းကျေးဇူးတင်သလို ဘာအပြစ်မှ မရှိသေ ... မိသူအတွက်လည်း ကျွန်တော် ကိုယ်ချင်းစာကာ စိတ်ဝင်ညစ်ပေးနေရတေ ... သည်။

မိသူမှာကတော့ အပြစ်မရှိတာ သေချာပါသည်။ ဒါဆိုအပြစ်ရှိ ... က မည်သူနည်း။ လူရွေးမှားခဲ့သော အန်တီနွယ်လား။ လူရွေးမှန် ... မှန်ခဲ့သော ဦးပိုင်စိုးလား။ ကြွေးပေးကြွေးယူ ကြီးလှသော သံသရာလား ကျွန်တော် နားမလည်နိုင်တော့ပါ။

သေချာတာကတော့ ထိုနေ့ညက မိသူရောက်ခဲ့သော ... ကလေးက ဖြူဖွေးလင်းချင်းနေခဲ့သည်။ ဆေးရုံဟူသော အသိကလွဲလျှ ... ပေါ့။ ကျွန်တော်က ကျွန်တော့်သူငယ်ချင်းကလေးကို နာမည်နှင့်လိုက် ... အောင် လင်းချင်နေစေချင်သူလေ။ လောလောဆယ်မှာတော့...။



www.burmeseclassic.com

www.burmeseclassic.com



When life doesn't seem worth the living
And you don't really care who you are
When you feel there is no one beside you
look for a star.

'Look for a star'
by Garry Miles.





''ဘ၀က…နေလို့မပျော်လိုက်တာ မင်းရာ''

ဆေးရုံမှဆင်းပြီး သိပ်မကြာခင်မှာဘဲ ကျောင်းပြန်တက်နိုင်ခဲ့သည်။ သူငယ်ချင်းများကလည်း စာကူ ကူးပေး၊ ရှင်းပြပေးသဖြင့် ကျွန်တော် အရမ်းကြီး မပင်ပန်းခဲ့။ ခု စာမေးပွဲနီးလာကာမှ မိသူထံမှ စိတ်ညစ်စကား ကြားရပြန်သည်။

''ဘာဖြစ်ပြန်တာလဲ မိသူ''

''ကိုကြီးလေ''

''အင်း…နင့်အစ်ကို ဘာဖြစ်လဲ''

သူမအစ်ကိုကို ကျွန်တော်တို့ သိပ်မရင်းနှီးပါ။ အစ်ကိုဖြစ်သူကလည်း အဖေလောက်နီးနီး အိမ်မှာ မရှိတတ်။ ကျွန်တော်ပင် နှစ်ခါလား ဆုံဖူးသည်။

''မိန်းမယူတော့မှာတဲ့''

''ဟင်…အဲဒါ ဘာစိတ်ညစ်စရာရှိလဲ၊ နင့်အစ်ကိုက ဘွဲ့ရပြီးလို့ အလုပ်တောင် လုပ်နေပြီပဲ။ မိန်းမယူတာ ဘာဆန်းလဲ''

''နင်မသိပါဘူး''

မိသူက ခပ်ညည်းညည်းလေးဆိုဏ်။

''ဘာလဲ…နင်က သဘောမတူလို့လား''

''အေး…''

''ဟင်…ဘာလို့ သဘောမတူတာလဲ၊ အစ်မကြီးက ဘာဖြစ်နေလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် မိသူက မျက်လုံးလေး ထောင့်ကပ်ကာ ပြုံးစစနှင့် ပြော၏။

''နင်လည်း ဝေးတာပဲ''

''ဘာဝေးတာလဲ''

''သဘောမတူတိုင်း ယောင်းမလောင်းက အပြစ်ရှိရရောလား''

''မသိဘူးလေ…ဒါဆို ဘာဖြစ်လို့လဲ''

''ငါ့အစ်ကိုကို မိန်းမကို မယူစေချင်တာ''

ကျွန်တော် အဲဒီတော့မှ ရယ်မိတော့သည်။ လက်စသတ်တော့ သူမက အစ်ကိုကို တိုနေတာကိုးဟု တွေးမိသောကြောင့် ဖြစ်သည်။

''ဒီလိုကျတော့လည်း နင်က နင့်အစ်ကိုကို ချစ်တတ်၊ တိုတတ်သားပဲ''

မိသူ မျက်မှောင်ကြုတ်သွားပြန်တာ…

''နင်ကလေ ဝေးပြီးရင်း ဝေးနေတာပဲ''

''ဘာဝေးတာလဲဟ''

ကျွန်တော့်လိုကောင်ကို 'ဝေး'တယ်လို့ပြောတာ မိသူမို့ ခံနေခြင်း ဖြစ်သည်။ မဟုတ်လို့ကတော့ မလွယ်ချေ။

''ငါ့အစ်ကိုကို ချစ်လို့မဟုတ်ဘူးဟေ့။ မိန်းမတစ်ယောက် ဒုက္ခမရောက်စေချင်လို့…ရှင်းပြီလား''

''ဟင်…နင့်အစ်ကိုကို ယူတာနဲ့ မိန်းမတစ်ယောက်က ဒုက္ခရောက်ရရောလား''

''ဒါပေါ့''

''ဘာဆိုင်လဲ''

''ဆိုင်တယ်…ကိုကြီးအကြောင်း ငါပဲသိတယ်။ နင့်ကို အလွယ်ကူဆုံး အထိမိဆုံး ပြောပြရရင် မင်းဆန္ဒစိုးဆိုတာ ဦးပိုင်စိုးသားနော်။ နောက်ထပ် ဒေါ်သက်ထက်နွယ်လို ဝဋ်ကြီးတဲ့မိန်းမတစ်ယောက် ထပ်ဖြစ်မှာစိုးလို့''

မိသူအစ်ကို မင်းဆန္ဒစိုးကို ဦးပိုင်စိုးလောက်နီးနီးဆိုးမှန်း မသိပါ။ ထင်လည်း မထင်ထားခဲ့ပါချေ။ ကျွန်တော် ဘာပြောရမှန်း မသိတော့၍



ငြိမ်နေမိဆဲမှာပင် မိသူက စကားကို ဆက်၏။

''ငါပူတာက ငါ့ယောင်းမလောင်းကို မေမေ့လို ဒုက္ခမရောက်စေချင်ဘူး''

''နင့်အဖေက နင့်အမေကို ပစ္စည်းနဲ့တွက်ယူခဲ့လို့ဖြစ်တာပဲ။ နင့်အစ်ကိုက သူယူချင်တဲ့သူ ယူတာဆိုတော့ မဖြစ်တန်ကောင်းပါဘူး''

ခပ်တည်တည်နှင့်သာ သူမအတွက် ဖြည်စကားတွေ ဖြည်ပြောပြောပေးနေရသော်လည်း ကိုယ်တိုင်ပင် ထိုစကားများကို ရာနှုန်းပြည့် အယုံအကြည်ရှိ မရှိ မသေချာ။

''နင်သိလို့လား မင်း…ခု ကိုကြီးက သူယူချင်တဲ့သူကို ယူမှာတော့ သေချာတယ်။ ဒါပေမဲ့ သူ့ရည်းစားမဟုတ်ဘူး''

''အာ…ဘာလဲဟ…ရှုပ်ကုန်ပြီ။ ယူချင်တယ်လည်း ပြောသေးတယ်…သူ့ရည်းစားလည်း မဟုတ်ဘူးဆိုတော့ ဘာလဲ''

မိသူက သက်ပြင်းမွှမ္ဘကို မသိမသာချ၏။

''ပြောရရင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာ ကျတယ်ဟ''

အရေးထဲ ဥပမာ၊ ဥပမေယျတွေ၊ စကားပုံတွေနှင့် အစချီနေတာမို့ ကျွန်တော် ရယ်ချင်သွားရသည်။ သို့သော် လေးနက်နေပုံရသော မိသူ၏မျက်နှာကြောင့် ကျွန်တော် မရယ်ရက်တော့ဘဲ နားထောင်နေလိုက်တော့သည်။

''ခု ကိုကိုယူမယ့် မိန်းမက မေမေ့လိုပဲ။ သိပ်ထက်၊ သိပ်တော်တယ်။ သိပ် ပြည့်စုံတယ်''

''အင်း…ဆက်ပါဦး''

''သူအရင်က တွဲခဲ့တဲ့သူ့ရည်းစားက ချစ်ဖို့ကောင်းတယ်၊ မထက်ဘူး…သာမာန်ပဲ။ အလယ်အလတ်အဆင့်လောက်တောင် နေနိုင်ပုံမရဘူး''

''သြော်…''

''ပြောရရင်ဟာ…ကိုကြီးက ဖေဖေဦးပိုင်စိုးသားပီသစွာနဲ့ သူ့ကိုချစ်တဲ့ ခု မမြနန္ဒာကို စျေးတွက် တွက်ပြီး ယူမှာလေ။ ဒါမှ ဖေဖေ့ကို နေလို့ရမယ်လို့ တွက်မှာပေါ့''

''နင့်ဟာကလည်းဟာ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ သူ့ မိမြနန္ဒာကို ဘကယ်ကြိုက်သွားလို့ နေမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



မိသူက ကျွန်တော့်စကားကြောင့် နှုတ်ခမ်းထောင့်စွန်းလေး ကွေးရုံ မထိတရိပြုံး၏။

"မဖြစ်နိုင်တာ မင်းရာ။ ငါတောင် မယုံတာ…နှင် ယုံစရာမလိုပါဘူး။ တစ်ခုတော့ ကောင်းတယ်"

"ဘာလဲ"

"ဩော်…သူထားခဲ့တဲ့ သူ့ရည်းစားက ဒုက္ခမရောက်တော့ဘူးပေါ့။ အင်း…ခက်တော့ခက်တယ်ဟ"

"ဘာခက်ရပြန်တာလဲ"

"မြန်မာပြည်မှာကတော့ အိမ်ထောင်ပြုတာ အားကိုးရှာတာတဲ့။ ဟုတ်လား"

"ငါ…ဘယ်သိမလဲ"

ကျွန်တော် စိတ်ညစ်စပြုလာပြီမို့ ဘုတောမိတော့သည်။ သို့သော်ဘာက ကျွန်တော်ပင် ခုလို စိတ်ညစ်နေလျှင် မိသူဆိုလျှင်ဟု တွေးမိသောအခါ ဘာရိတ် ပြန်အုပ်လိုက်ရသည်။

မိသူကတော့ သူ့စကားကို သူဆက်၏။

"အဲဒါ မှားနေသလိုပဲ။ ဘယ်သူ့က ဘယ်သူ့ကို အားကိုးဖို့ရှာတာလဲ မသိဘူး။ တခြားလူတွေတော့ ငါ မသိဘူး။ ငါ့မိသားစုမှာကတော့ ပြောင်းပြန်ကြီး ဖြစ်နေတယ်…ရှက်စရာကြီး။ ငါတောင် ကြားက ရှက်တာ။ သူတို့ဘာလို့ မရှက်ကြတာလဲ မသိဘူး။ တကယ်တော့ တကယ်တော်နေတဲ့ မိန်းမတစ်ယောက်ဟာ ဘာအကြောင်းပြချက်နဲ့မှ အားကိုးစရာ တစ်စုံတစ်ယောက် မလိုအပ်ပါဘူး"

"ကျွတ်…မိသူ နှင်ဘာတွေ ပြောနေတာလဲ"

"နှင် နားမလည်ဘူး မဟုတ်လား။ အမှန်တော့ ငါတို့က ဒါတွေ နားလည်ရမယ့် အရွယ်မဟုတ်ဘူး။ ငါက နားမလည်ချင်ဘဲ ဘဝ အခြေအနေအရ နားလည်နေရတာ။ ထားလိုက်ပါတော့ဟာ"

"ထားပါတယ်…နှင့်ဘာသာနှင်သာ စိတ်ချမ်းသာအောင် နေပေါ့ပါ"

"နေတာပဲ…ရမှမရတာ။ တစ်ခါတလေကျ ငါ အရမ်းအထီးကျန်



တာပဲ။ ဒါပေမဲ့ ပြန်တွေးကြည့်တော့ ငါ့မှာ မေမေရှိတယ်၊ နှင်ရှိတယ်၊ အန်တီခင်လေးနဲ့အန်ကယ်နိုင်ရှိတယ်။ စိုးတွေးတို့ စန္ဒီတို့ရှိတယ်။ မေမေ့မှာတော့ ပိုအထီးကျန်မှာပဲလို့ ငါတွေးမိတယ်။ တစ်နေ့တစ်နေ့ မေမေ့မှာ ပင်ပမ်းလိုက်ရတာ။ မေမေကတော့ အလုပ်လုပ်ရတာ ပျော် တယ်တဲ့။ တော်သေးတာပေါ့နော်။ မဟုတ်ရင် မေမေလည်း အရူး စိတ်ညစ်မှာ"

ပြောရင်းက စိတ်ညစ်စရာတွေ ပြန်ပါလာပြန်သည်။

"နှင် Look for a star ကို နားထောင်ဖူးလား။ Garry Miles ရဲ့ သီချင်းလေ"

"အင်း…ဖေဖေ နားထောင်တာကို ကြားဖူးသလိုပဲ"

"အဲဒီသီချင်းလေးထဲကလိုပဲ သိလား မင်း။ ကောင်းကင်မှာ ငါ့ရဲ့ Lucky star လေးရှိတယ်၊ အဲဒီကြယ်ကလေးက မှုံကြယ်တွေရဲ့ လည်း တောက်ပစူးလက်မနေပါဘူး။ မာကျူရီရောင်နဲ့ ပန်းနုရောင်သန်းတဲ့ အလင်းလက်လက်ကလေး တစ်စက်လိုပဲ၊ အဲဒီကြယ်ကလေးကို ကြည့်နေ ရရင် ငါ စိတ်ချမ်းသာတယ် သိလား"

"ကောင်းတာပေါ့ မိသူရဲ့။ နှင့်ကြယ်ကလေးကို ငါ့ကို ကြည့်ခိုင်း ပြဦးလေ"

"ပြမယ်…တစ်ညကျ ငါတို့ ကြယ်ကလေးကို အတူကြည့်ကြတာ ပေါ့။ အဲဒီ Look for a star ဆိုတဲ့ သီချင်းလေးထဲမှာ ငါ မကြိုက်တာ တစ်ခုပဲရှိတယ် သိလား"

"ဘာလဲ"

"If you wish on your lucky star ကိုယ့်ကြယ်ကလေးကို ကိုယ်ဆုတောင်းရင်တဲ့။ ဟော…ဆရာလာပြီ ထားလိုက်ပါတော့။ နောက်မှ ပြောတော့မယ်။ ဆရာ့ကို ငါ တိုက်ထရေးရှင်းတွေ မေးချင် သေးတယ်"

ကျွန်တော်တို့ စကားစ ပြတ်သွားခဲ့ကြသည်။

ညကျတော့ ကျွန်တော် မနေနိုင်စွာ ဖေဖေ့အခွေတွေကို မွှေနှောက်ကာ Look for a star ပါသော 20 year before

www.burmeseclassic.com

www.burmeseclassic.com



အခွေကို ရှာရတော့သည်။ တွေ့ပြန်တော့ မိသူပြောသွားသော စာကြောင်းလေးကို သိရန် နားထောင်ရပြန်သည်။ ထူးထူးဆန်းဆန်း သီချင်းမကြိုက်တတ်သောသူက စာမေးပွဲနီးကာမှ တကူးတက အခွေကို မွှေနှောက်ရှာကာ သီချင်းနားထောင်နေသည့်အတွက် ဖေဖေကပင် တအံ့တဩနှင့်။ ဘာမှတော့ မမေး။

If you wish on your lucky star, you're sure to find somenone to love ...

ဦးသူ မကြိုက်သော စာကြောင်းသည် ထိုစာကြောင်းသာ ဖြစ်လိမ့်မည်။ ဘာကြောင့်လဲဟု ကျွန်တော် တွေးမနေတော့ပါ။ သူ့အစ်ကိုနှင့်ဆက်စပ်နေ၍ ဖြစ်လိမ့်မည်ဟုပဲ လွယ်လွယ်ကူကူ ထားခဲ့လိုက်သည်။ ကျွန်တော်က သီချင်းတွေကို လုံးစေ့ပတ်စေ့ ခံစားတတ်သူမှ မဟုတ်ဘဲ။

ထိုနေ့သူက ကောင်းကင်တွင် မာကျူရီရောင်နှင့် ပန်းနုရောင် ရောယှက်ကာ လင်းလက်နေသော ကြယ်ကလေးတစ်ပွင့် ကောင်းကင်မှာ ရှိနေခဲ့ပါလိမ့်မည်။ ကျွန်တော်နှင့်ကတော့ အဝေးကြီး ဖြစ်လေသည်။



# VI

Only yesterday, when I was sad
And I was lonely
You showed me the way to leave the past
And all the tears behind me
Tomorrow may be even brighter than today
Since I threw my sadness away
Only yesterday.

'Only yesterday'
by 'Carpenters'

www.burmeseclassic.com

www.burmeseclassic.com



မနေ့က ဦးပိုင်စိုးဆုံးသည်။

ထိုနေ့သည် ကျွန်တော်တို့ဆယ်တန်း ပထမအစမ်းဖြေပြီးသော ကျောင်းပိတ်ရက်အစလည်းဖြစ်၏။ ကျွန်တော်တို့မိသားစုက ဒီနေ့မနက် သိသိချင်း လာခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်ကတော့ အကောင်းဘက်မှ လှည့်တွေးသည့်အနေနှင့်...

''တစ်ခုတော့ ကောင်းတာပေါ့ ဖေဖေ''

''ဘာလဲသား''

''အန်တီနွယ်နဲ့ မိသူ စိတ်ဒုက္ခထပ်ရောက်စရာမရှိတော့ဘူးပေါ့''

ဖေဖေက ကျွန်တော့်စကားကို ထောက်ခံခြင်း မပြုသလို ငြင်းလည်း မငြင်းချေ။ မေမေကသာ...

''အဲဒီလိုတော့ မပြောပါနဲ့ သားရယ်။ ဦးပိုင်စိုးလည်း သူ့ဝဋ် သူခံရမှာပါ။ ခုချိန်မှာတော့ ဘာမှ ဝေဖန်မနေပါနဲ့ကွယ်''

''ဟုတ်ကဲ့...မေမေ''

မိသူတို့အိမ်ရောက်တော့ လူတချို့ကို တွေ့ရသည်။ အန်တီနွယ်နှင့် မိသူက သာမာန်မျက်နှာများနှင့်ပင် ကျွန်တော်တို့ကို ကြိုဆိုသည်။ ဝမ်းနည်းကြေကွဲခြင်း နက်ရှိုင်းမနေသလို ပေါ့လည်းမပေါ့ပါးနေကြပေ။

''ဘာဖြစ်တာလဲ''

ဖေဖေက အန်တီနွယ့်ကို မေးတော့ အန်တီနွယ်က...

''ညက ကားတိုက်တာလေ။ သူက ကုန်ကားကြီးကို ဝင်တိုက်တာ...အရှိန်နဲ့တဲ့။ ကားတစ်စီးလုံး မှွနေတာပဲ။ ကျွန်မ သတိပေးပါတယ်



မူးနေရင် မမောင်းဖို့နဲ့ ဒရိုင်ဘာခေါ်ထားဖို့''

''ဘယ်တတ်နိုင်မလဲ နွယ်ရယ်...ကံတရားပေါ့''

မေမေက တရားသမားပီပီ အန်တီနွယ့်ကို နှစ်သိမ့်၏။ ကျွန်တော်ကတော့ မိသူ့ကို ခြံထဲခေါ်ချလာပြီး...

''နင့်စိတ်ထဲ ဘာဖြစ်နေလဲ''

''ဘာဖြစ်နေမှန်းကို မသိပါဘူး မင်းရာ''

''နင် ငိုသေးလား''

''အဲဒါပဲ အရမ်းအံ့ဩဖို့ကောင်းတယ်။ ဖေဖေနဲ့ပြဿနာတက်ရတိုင်း ငိုရတဲ့ငါက ခု မျက်ရည်တစ်စက် မကျဘူး''

တကယ်တော့ အံ့ဩစရာ မကောင်းလှပါ။ မိသူနှင့် အန်တီနွယ်တွင် ကျစရာ မျက်ရည်လက်ကျန်ပင် မရှိဟု ကျွန်တော် ထင်ပါသည်။ ဒါမှ မဟုတ် ရင်ထဲမှ ပြင်းလှသော အပူမီးက မျက်ရည်များကို ခန်းသွားစေသည်လား မသိ။

''မင်း...''

''ဟင်...ဘာလဲ''

''လူတွေက ငါတို့ကို ပျော်နေတယ် ထင်နေမလား မသိဘူးနော်''

''ကပ်သီးကပ်သပ် မိသူရယ်''

''ငါတို့မငိုတာ ငါတို့မျက်ရည်မကျတာ ငါတို့တရားပါတယ်နော်''

ခုကျမှ မိသူအသံက တုန်ကာ မျက်ရည်ကျချင်လာသည်။ ကျွန်တော်က မိသူကို ပခုံးဖက်ကာ နှစ်သိမ့်ရ၏။

''တရားပါတယ်ဟာ။ လောကမှာ လူတိုင်း နားလည်နေဖို့ အရေးမကြီးပါဘူး။ ကိုယ့်ကိုယ်ကို လိပ်ပြာသန့်ဖို့က အရေးကြီးပါတယ်''

''ဒါတော့ဟုတ်တယ် မင်း။ ဖေဖေသေတာ ငါ ပျော်မနေတာတော့ အမှန်ပဲ။ မေမေလည်း မပျော်ပါဘူး။ ဒါကို ငါ သိတယ်''

''နင်ကော နေကောင်းရဲ့လား''

''အရမ်းအကောင်းကြီး မဟုတ်ပေမဲ့ ငါ နေလို့ရပါတယ်။ မေမေ့နားမှာ ငါ ကူရဦးမယ်။ ကိုကြီးက ထုံးစံအတိုင်း အသမကိုးရဘူး''

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ ကိုမင်းဆန္ဒစိုးကို အရိပ်အယောင်မျှပင် မမြင်ရချေ။

''အသုဘကိစ္စကရော''

''မေမေ စီစဉ်နေတယ်''

''ဟိုလေ…ဟို''

ကျွန်တော် မေးမည်ပြုပြီးမှ တုံ့ဆိုင်းနေမိပြန်သည်။

''ဘာ ဟိုလဲ မင်းရဲ့''

''ဟို ငါ ဘာကူရဦးမလဲလို့''

မိသူက မျက်မှောင်ကြုတ်ကာ စူးစူးဝါလေး ကြည့်၏။ ပြီးမှ…

''နင် မညာနဲ့မင်း။ နင် အဲဒါပြောမလို့ မဟုတ်ဘူး''

''ဟုတ်ပါတယ်''

''မဟုတ်ပါဘူး ငါသိတယ်''

ကျွန်တော် ခေါင်းကုတ်မိတော့၏။ မတတ်သာတော့သဖြင့်…

''နင့်ကို အားနာလို့ပါ။ နင့်အဖေရဲ့ နောက်အိမ်ထောင်ကကော မလာဘူးလား။ ဘာမှ မစီစဉ်ဘူးလား''

မိသူက လှောင်ရယ်သံနှင့် တစ်ချက်ရယ်၏။

''မင်း…နင် နားမလည်ဘူးလား။ သူက မယားငယ်လေ။ အကျိုးရှိမလားလို့ သူများယောကျ်ားကို ယူတာ။ အကျိုးမရှိတော့တဲ့ လူသေအလောင်းကို ဘယ်လာလွမ်းပါ့မလဲဟာ''

မိသူပြောတာ မှန်နေသဖြင့် ကျွန်တော် ဘာမှ ပြန်မပြောသာတော့။

''ကဲပါဟာ…နင်ပဲ နေကောင်းအောင် နေပါ။ စိတ်ဒုက္ခတွေအားလုံး မနေ့က ပြီးဆုံးသွားပြီလို့ သဘောထားလိုက်…ဟုတ်ပြီလား''

ကျွန်တော့်စကားကြောင့် မိသူက ရယ်၏။

''အဲဒီလို ထားချင်တာပါပဲ။ စိတ်ဒုက္ခတွေအားလုံးကို 'မနေ့က' မှာ ထားခဲ့ပြီး မနက်ဖြန်မှာ စိတ်သစ်လူသစ်နဲ့ အသက်ရှင်ဖို့ လူတိုင်းကြိုးစားကြည့်ကြဖူးမှာပဲ''

''အေးလေ…မကောင်းဘူးလား''

''ကောင်းသလိုပါပဲ။ ဒါပေမဲ့…''





''ဘာ ဒါပေမဲ့လဲ မိသူ''

''စကားပုံတစ်ခုရှိတယ်''

''ဘာစကားပုံလဲ''

''Tomorrow never come တဲ့''

ပြောပြီး သူ့ဘာသာသူပြုံးနေပြန်သည်။ ကျွန်တော့်မှာသာ အောင့်သက်သက်နှင့်။ သူမက ကျွန်တော် မသက်မသာဖြစ်နေပုံကို ကြည့်ကာ…

''တကယ်တော့ ဒီနေ့ဆိုတာ အရေးအကြီးဆုံးပဲဟ''

**Unborn Tomorrow**

**Dead yesterday**

**Why fret about them**

**If today be sweet.** တဲ့''

အရေးထဲ ပိုတတ်နေသော လင်းသူရိယနွယ်ကို ကျွန်တော် ယောကျ်ားတန်မဲ့ မျက်စောင်းထိုးလိုက်မိသည်။ သို့သော် သူမကား ထိုမျက်စောင်းကို မသိကျိုးကျွံပြုကာ စကားကို ဆက်၏။

''ဒါပေမဲ့ဟာ ငါ့အတွက်က ဒီနေ့ကလည်းမချိုပါဘူး မလှပါဘူး''

ကျွန်တော် သူမ၏ ခံစားချက်ကို ဖြေသိမ့်ရန် စကားလုံးရှာမရတော့။ နဂိုတည်းကမှ ဝေါဟာရကြွယ်ကြွယ်နှင့် စကားပြောကောင်းသူတစ်ယောက် မဟုတ်ခဲ့ချေ။

ထိုစဉ်မှာပင် ခြံထဲသို့ နောက်ထပ်ကားတစ်စီး ဝင်လာ၍ ကြည့်လိုက်ရာ…ကိုမင်းဆန္ဒစိုးနှင့် အမျိုးသမီးတစ်ယောက်။ မိသူ ပြောပြဖူးသော မမြနန္ဒာဆိုသူ ဖြစ်မည်။ အမျိုးသမီးက ကားမောင်းလာပြီး ကိုမင်းဆန္ဒက ဘေးမှ လိုက်လာခြင်းဖြစ်သည်။ တစ်ခါမှ ထိုသို့ မမြင်ဘူးသော ကျွန်တော့်အတွက်ကတော့ ကိုမင်းဆန္ဒအစား ရှက်နေမိ၏။

''ဟော…သူရိန်ရောက်နေတာလား။ ဆရာကော ပါလား''

''ပါတယ်…အထဲမှာ''

''အေး…ဒီမှာ နန္ဒာက ဖေဖေ့အသုဘအတွက် ဘာကူရမလဲလို့ လာကြည့်တာတဲ့။ မေမေနဲ့နန္ဒာအတူစီစဉ်ရအောင် ငါ အထဲခေါ်သွားလိုက်ဦးမယ် လင်း''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်...''

ကိုမင်းဆန္ဒစိုးနှင့် မနန္ဒာတို့ အထဲဝင်သွားသောအခါ မိသူက...

''တွေ့လား...ကိုယ့်အဖေအသုဘ ကိုယ်မစီစဉ်ဘူး။ မယူရသေးတဲ့ မိန်းမကို ခိုင်းဖို့ကြံနေပြီ။ အံ့ရော မနန္ဒာကလည်း လုပ်ပေးတယ်''

ကျွန်တော်ကတော့ ခေါင်းခါရုံမှတစ်ပါး ဘာမှ မပြောတတ်တော့။

ဦးပိုင်စိုးကို သင်္ဂြိုဟ်သည့်မှအစ ရက်လည်သည်အထိ မမြနန္ဒာက အန်တီနွယ့်ကို တော်တော်လေး အကူအညီပေးခဲ့လေသည်။ ကျွန်တော်တို့ မိသားစုကတော့ လင်းသူရိယနွယ်ကိုသာ ဂရုတစိုက် နေပေးခဲ့ရ၏။ ကိုမင်းဆန္ဒစိုးနှင့်မမြနန္ဒာတို့၏ မင်္ဂလာပွဲကိုလည်း နောက်နှစ်ဆန်းမှ လုပ်ဖို့ ရက်ရွှေ့ထားလိုက်ကြသည်ဟု သိရသည်။

လောလောဆယ်မှာတော့ ဦးပိုင်စိုးလည်း မရှိတော့၊ ကိုမင်းဆန္ဒစိုးနှင့်ကလည်း သိပ်မတွေ့ကြသဖြင့် မိသူအတွက် စိတ်အေးရသည်။ အန်တီနွယ်ကတောင် သူ့သမီးကျန်းမာရေး ပိုကောင်းလာသဖြင့် ပျော်လို့။ ကျောင်းမှာကလည်း မနှစ်က ဓာတုဗေဒဆရာက ဆယ်တန်းမှာ မသင်ရတော့သဖြင့် မိသူနှင့် ပြဿနာတက်စရာ မရှိတော့။

တစ်ခုပဲ။ မိသူ ဓာတုအမှတ်များ လျော့သွားခဲ့သည်။

ကျွန်တော်တို့တစ်ဝိုင်းလုံးက ဆယ်တန်းမို့ နှစ်ဆသုံးဆကြိုးစားကြသလောက် လင်းသူရိယနွယ်ဆိုသော ကောင်မလေးကတော့ ခပ်အေးအေးပင်။ သူ့ကို စာကူးပေးစရာ၊ ရှင်းပြစရာမလိုတော့သော်လည်း စာကျက်ဖို့ပြောရသည့်အလုပ်က ပိုလာသည်။

''နင့်ကြည့်ရတာ အေးတိအေးစက်နဲ့''

''ဘာလို့လဲ။ ငါ စာလုပ်တာပါပဲ...မကျပါဘူး စိတ်ချ''

'ကျဖို့ပြောတာ မဟုတ်ပါဘူး။ ဂုဏ်ထူးများများပါဖို့''

''ပါတော့ကော ဘာလုပ်ရမှာလဲ။ ငါ ဘာမှ မဖြစ်ချင်ဘူး''

''ကျွတ်...ဒါဆို နင်က ဘာလုပ်မှာလဲ''

''ဘာမှ မလုပ်ဘူး။ ခု လောလောဆယ်တော့ သီချင်းနားထောင်မလို့''

''စာမေးပွဲ...''



''အဝေးကြီးလိုသေးတယ်''

ဘယ်လို ပြောပြော မရပါ။ သူများတွေ စာကြည့်နေလျှင် သူမက နားကြပ်တစ်ခုနှင့် သီချင်းနားထောင်ရင်း စာအုပ်ကို လက်က ကိုင်ထားတတ်သည်။ ဘာလုပ်နေတာလဲ သွားမမေးနှင့်။ စာကြည့်ရင်း သီချင်းနားထောင်သည်ဟု ဖြေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် မိသူ အခြေအနေ အတော်လေးတိုးတက်ကာ ပျော်ရွှင်လာတာ ကျန်းမာရက် များလာတာကိုတော့ ကျွန်တော် ကျေနပ်ပါသည်။ ကျွန်တော်က သူမကို လင်းချင်းစေချင်သူကိုး။

www.burmeseclassic.com

www.burmeseclassic.com



VII

You fill up my senses, like a night in a forest
Like the mountain in spring time
Like a walk in the rain
Like a storm in the desert
Like a sleepy blue ocean
You fill up my senses, come fill me again.

'Annie's song'
by 'John Denver'





''ဝေး...''

စာမေးပွဲပြီးပြီမို့ အားလုံးက ခုန်ပေါက်ထွက်လာချိန်မှာ မပျော်နိုင်သူက ကျွန်တော်။ ပျော်လင့်ချက်များသူသည် ဆုံးရှုံးမှုများသည်ဆိုသော အယူအဆသည် မှန်နိုင်သည်။ ကျွန်တော့်မှာ ထွက်လာကာမှ သုံးမှတ်တန် တစ်ပုဒ် မှားခဲ့တာ သေသေချာချာသိလိုက်ရသည်မို့ စိတ်ညစ်နေမိသည်။

''ဟား...ခုမှပဲ ဝန်ထုပ်ဝန်ပိုးကြီး ပေါ့သွားတော့တယ်''

စိုးထွေးက ဝမ်းသာအားရပြော၏။ စန္ဒီက ထောက်ခံသည်။

''အေးလေ''

မိသူကတော့...

''သီချင်းအေးအေးဆေးဆေး နားထောင်လို့ရပြီ။ လောလောဆယ်တော့ ဗိုက်ဆာပြီ အန်တီခင်လေးက ကတ်ကြေးကိုက်ကြော် ထားမှာတဲ့။ ပြန်ရအောင်။ ဟဲ့...ရဲဝင်းအေးကော၊ အောင်ထွန်းဦး လာလေ။ ဟင်... မင်း နင်က ဘာဖြစ်နေတာလဲ''

အသံစာစာနဲ့ လျှောက်အော်နေပြီးမှ ကျွန်တော့်ကို မြင်တော့ တအံ့တဩမေးသည်။

''ဘာဖြစ်ရမှာလဲဟ မှားဖြေလာလို့''

''ဟယ်...ဟုတ်လား။ ဘယ်နှစ်မှတ်ဖိုးလဲ''

စိုးထွေးက စိုးရိမ်တကြီးမေး၏။

''သုံးမှတ်တန်''



www.burmeseclassic.com

www.burmeseclassic.com



''သေလိုက်''

''အေးလေ…ကြိုက်တဲ့နည်းနဲ့ သေလိုက်''

အားလုံးက ဝိုင်းဝန်းကာ ထောမနာ ပြုကြ၏။ မိသူကတော့ အနားမှာ လာထိုင်ချကာ…

''နင်ကလဲဟာ ၉၇ မှတ်ဖိုးကျန်တာပဲ။ ဘာတွေ လောဘကြီးနေတာလဲ''

''ငါက အမှတ်ပြည့် လိုချင်နေတာ''

သူများတွေလို မိသူက မေတ္တာ မပို့ပါ။ လေသံအေးအေးလေးနှင့်ပင်…

''အများကြီးလိုချင်တဲ့ သူက တစ်မှုန်နှစ်မှုန်လွင့်ကျသွားတာကို ခံနိုင်ရည် မရှိတတ်ဘူး။ မင်း နင် အရမ်းမျှော်လင့်ချက် မထားနဲ့။ နင့်မှာက အရည်အချင်းအပြည့်ရှိတာပဲ။ ဖြစ်လာမှာပါ။ ခုလို သုံးမှတ်နဲ့ တစ်ရာမပြည့်လို့ စိတ်ညစ်နေရတာ တန်သလား။ နင့်ဟာနင် တွေးကြည့်ဦး လာ…ငါတို့ ပျော်ပျော်နေရအောင်။ နင် မှားခဲ့တဲ့ သုံးမှတ်က ငါ့အဖြစ်တွေလောက် မဆိုးပါဘူးဟာ။ နင်ပဲ ငါ့ကို ပျော်ပျော်နေဆို အတိတ်ကို အဘိတ်မှာ ထားခဲ့ဆို''

''အေးပါဟာ…''

ထိုအခါကျမှ ကျွန်တော်လည်း ပြုံးနိုင်တော့၏။ ရဲဝင်းအေးက…

''ဟင်း…သုံးမှတ်နဲ့ဖြစ်နေတာ။ လင်းသူရိယနွယ်ပြောလိုက်တော့လည်း ပြုံးလို့ အတန်းထဲက ထွက်လာတည်းက ဒီထိ ငါ့မှာ ဖြေသိမ့်လိုက်ရတာ ပါးစပ်အမြုပ်ထွက်မတတ်ဘဲ။ မသိတဲ့သူက ငါက အရမ်းဖြေနိုင်ပြီး သူက တစ်လုံးမှ မရခဲ့လို့ ဖြေသိမ့်လာရသလိုပဲ''

ရဲဝင်းအေးစကားကြောင့် အားလုံးက ဝိုင်းဟားကြ၏။ စိုးထွေးကတော့ ခပ်တည်တည်နှင့်။

''ဒါကတော့ ဟိုက လင်းသူရိယနွယ်လေ။ နင်က ရဲဝင်းအေးလေ။ တူချင်လို့လား''

''မတူချင်ပါဘူး''

ကပျာကယာ လက်ကာငြင်းသည်မို့ အားလုံးပေါ့ပါးစွာ ရယ်မိကြပြန်သည်။





''လာလာ…ဗိုက်ဆာပြီ။ ကတ်ကြေးကိုက် ပြန်စားရအောင်''

''ဟင်…ခုမှ ဆာတတ်လား''

ကျွန်တော့်လောဆော်သံကြောင့် စန္ဒီက မကျေမနပ် ရေရွတ်ကာ အိမ်မှ လာကြိုသော ကားပေါ် လှတက်လိုက်ကြသည်။ အိမ်ကျတော့ ဆရာက ထုံးစံအတိုင်း အသင့်စောင့်နေတာမို့ အရင်ဆုံး အဖြေတိုက်ကာ အမှတ်တွက်ကြရ၏။

''ဟို သုံးမှတ်ကျန်တဲ့ကောင် မင်း အများဆုံး မဟုတ်လား''

အောင်ထွန်းဦးက မကျေမနပ် ဝင်ပြောတာမို့ ကျွန်တော် ငြိမ်နေရသည်။ စန္ဒီ့ထက်ပင် အေးဆေးပြီး အသံပင် မကြားရတတ်သော ဒွေးမြင့်က ခုမှ…

''ငါလည်း သုံးမှတ်မှားခဲ့တယ် ၉၇ ပဲ''

''တွေ့လား ဟိုက ဘာမှမဖြစ်ဘူး။ ငြိမ်လို့။ သူ့ကျမှ မျက်စိမျက်မျက်နှာပျက်နဲ့ သုံးဆယ်ဖိုးပဲ မှားခဲ့သလိုလိုနဲ့''

မိသူက ဝင်ပြော၏။

ကျွန်တော် ဘာမှမပြောဖြစ်တော့ပါ။ ခုချိန်မှာ တကယ့်ကို လွတ်လပ်ပေါ့ပါးသွားတာကတော့ သေချာသည်။ မေမေ ပြင်ဆင်ပေးသမျှကို စားသောက်ပြီးသောအခါ…

''ငါတို့ နောက်ဆို တွေ့ဖြစ်ဖို့ သိပ်မလွယ်ဘူး။ ဒီတော့ ဒီနေ့ တစ်ခုခုလုပ်ရအောင်''

အောင်ထွန်းဦးက အဆိုတင်သွင်း၏။

''အေး…ဟုတ်တယ်''

''ဘာလုပ်ကြမလဲ''

''စဉ်းစားကြလေ''

အားလုံးက တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းထောက်ခံကြသည်

''လျှောက်လည်ရအောင်''

ရဲဝင်းအေးက အဆိုတင်သွင်းသောအခါ စန္ဒီက…

''ပင်ပန်းပါတယ်ဟာ…ဒီမှာပဲ ကစားကြပါလား''

''နင်ကလည်း အရေးထဲ''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စန္ဒီ့ကို မကျေမနပ် ရေရွတ်သောအခါ မိသူက...

"စန္ဒီပြောတာ မှန်ပါတယ်။ ငါတို့အားလုံး ပင်ပန်းထားကြတယ်လေ။ ဒါပေမဲ့..."

"ဒါပေမဲ့...ဘာဖြစ်လဲ"

"ဪ...လွတ်လပ်သွားတဲ့အနေနဲ့ လျှောက်သွားလိုက်တာက ပျော်ပါးသွားမလားလို့"

"ဘယ်သွားမှာလဲ"

ဒိုးထွေးက ဝင်မေး၏။

"ခြေဦးတည့်ရာပေါ့ဟာ"

အောင်ထွန်းဦးက ခပ်တည်တည်နှင့်ပြောကာ ယိုင်ရာမှ ထရင်း ခြေထောက်ကို ခွင့်တောင်း၏။

"အနတ္တ သားတို့လျှောက်လည်ဦးမယ်။ စိတ်ချလက်ချ လွှတ်လိုက်စမ်းပါ။ သားအိမ်က ဒရိုင်ဘာကြီးပါတယ်"

"အေးပါကွယ်"

သူ လောဆော်သဖြင့်သာ ကျွန်တော်တို့ ကားပေါ်ရောက်ခဲ့ကြသည်။ ဘယ်သွားရမည်မှန်း မသိသေး။

"ဘယ်သွားကြမှာလဲ သားတို့သမီးတို့"

ဦးလေးကြီးက ကားဘီးကို စလှိမ့်ရင်း မေးရာ...

"ပို့ချင်တဲ့နေရာပို့ ဦးလေးရာ...ကျွန်တော်တို့လည်း ဘယ်သွားရမှန်း သိတာ မဟုတ်ဘူး"

ဦးလေးကြီးက နားလည်စွာ ပြုံးကာ ကျွန်တော်တို့ကို ဘုရားပို့ပေး၏။

"ဟာ...ဘုရားလား ဦးလေး"

"ကောင်းပါတယ်...လာ...ဘုရားပေါ် ဦးတိုက်ပြီးမှ ဆက်သွားကြတာပေါ့"

စိုးထွေးက ပြောပြောဆိုဆို သူကပင် ဦးဆောင်ကာ ဘုရားပေါ် တက်သွားသဖြင့် အားလုံး တစ်ယောက်တစ်ပေါက် ပြောဆိုကာ လိုက်ခဲ့ကြသည်။



ဘုရားပေါ်ရောက်တော့ စန္ဒီက...

"ဟေ့ လာကြ...ငါတို့အားလုံး အောင်မြေမှာ ဆုသွားတောင်းရအောင်"

"ဟာ...ကောင်းတာပေါ့"

"ဒါမျိုးကျ စန္ဒီက တော်ပြန်ရော"

အောင်မြေအဝိုင်းပေါ်သို့ ကျွန်တော်တို့ ခုနစ်ယောက် ကပ်ထိုင်လိုက်ကြကာ ဘုရားရှိခိုး ဆုတောင်းကြ၏။ ကိုယ့်အာရုံနှင့်ကိုယ်မို့ ဘုရားဆုတောင်းပြီး၍ လှည့်ကြည့်လိုက်သောအခါ အခန့်သားထိုင်နေကြသော ငွေးမြင့်နှင့်လင်းသူရိယနွယ်ကို တွေ့လိုက်ရ၏။

ထိုအခါကျမှ ဗုဒ္ဓဘာသာမဟုတ်သော ငွေးမြင့်ကို သတိရသွားကာ အားနာသွားရသော်လည်း လင်းသူရိယနွယ်ကိုတော့ နားမလည်မိ။

"နင်က ဘာလုပ်နေတာလဲ"

သူများတွေ ဘုရားရှိခိုးဆဲမို့ ကျွန်တော်က ကြိတ်မေးသောအခါ ငွေးမြင့်ကပါ ပြုံးရင်း...

"ငါလည်း အဲဒါ စဉ်းစားနေတာ"

ဟု ဝင်ပြော၏။

လင်းသူရိယနွယ်ကတော့ ခပ်အေးအေးပင် ပြောသည်။

"ငါ ဆုမတောင်းတတ်ဘူး။ ဘာကိုမှလည်း တောင်းချင်စိတ်မရှိဘူး။ ငယ်ငယ်တည်းက ဘုရားရှိခိုးရွတ်ရင်တောင် ဆုတောင်းခန်းကို ချန်ထားတတ်တယ်။ 'ဤသို့ ကန်တော့ရသော အကျိုးအားကြောင့်...' ဆိုတဲ့ အပိုဒ်ကို ဘယ်တော့မှ မဆိုတတ်ဘူး။ ဆုတောင်းရင် ပြည့်တယ်လို့ ဘယ်သူက ပြောလို့လဲဟင်။ ဗုဒ္ဓရဲ့တရားကိုက ကိုယ်ကျင့်ကြံမှ ကိုယ်ရမှာ မဟုတ်ဘူးလား"

ကျွန်တော်က လင်းသူရိယနွယ်ကို ခုမှ တွေ့ရသော သူငယ်ချင်း အသစ်လို တအံ့တသြ ကြည့်မိ၏။ ငွေးမြင့်ကတော့ ခေါင်းတဆတ်ဆတ် ညိတ်ကာ နားထောင်နေသည်။

"ထားလိုက်ပါတော့ဟာ။ ငါတို့ဒီနေ့ ပျော်ပျော်ပါးပါးလာကြတာ။ ဘာမှ လေးလေးပင်ပင် စဉ်းစားမနေနဲ့။ ကဲ အားလုံးပြီးရင် သွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျန်သူများက မကြားတစ်ဝက်ကြားတစ်ဝက် စကားများကို နားမလည်ကြသော်လည်း ဘာမှ ထပ်မမေးတော့။ ကျွန်တော့်အတွက်ကတော့ ထူးထူးဆန်းဆန်း သူငယ်ချင်းမလေးက ဒီနေ့မှ ပြန်အသစ်ဖြစ်တည်သလို စူးနစ်ထူးခြားသွားခဲ့ရသည်။ ကျွန်တော် လင်းသူရိယနွယ်ကို သာမာန် သူလိုကိုယ်လို မိန်းကလေးတစ်ယောက်ဟုပင် သဘောထားခဲ့သည်။ ခုတော့ တဖြည်းဖြည်းနှင့် လင်းသူရိယနွယ်က လေးလေးနက်နက် တွေးတတ်ပြောတတ်သော မိန်းကလေးဆိုတာကို နားလည်ခဲ့ရသည်။

ထိုနေ့က နောက်ထပ် ဦးဖလေးကြီးမှိုပေးသော ကစားကွင်းသို့ ရောက်ပြန်တော့လည်း မိသူက အများနည်းတူ ညံ့စီပျော်ရွှင်နေပြန်သည်။ ပြီးတော့ ပြောသေးသည်။

"ဒီမှာ ကစားရတာက ငွေနဲ့စိုက်ကစားပြီး အနိုင်အရှုံးဖော်ရလို့လားမသိဘူး မောလည်း မောတယ်။ စိတ်လည်း လှုပ်ရှားတယ် သိလား။ ဝါ အိမ်မှာဆို အဲဒီလို Game ကစားလေ့ မရှိဘူး"

တကယ်တော့ ကျွန်တော်က 'မိသူ'ဟုခေါ်သောလင်းသူရိယနွယ်သည် သူ့ခံယူချက် အကန့်လေးအကန့်လေးများဖြင့် ရပ်တည်နေသော မကျန်းမာသော်လည်း မာကျောသည့် မိန်းကလေးဖြစ်သည်ကို ထိုနေ့ကမှ ကျွန်တော် သတိပြုမိခဲ့သည်။

ထိုသို့ သတိပြုမိခဲ့ခြင်းတွင် အခြားသော တစ်စုံတစ်ရာများ ကပ်ငြိလိုက်ပါလာခဲ့သေးလားဟု ထိုစဉ်ကတော့ ကျွန်တော် မတွေးမိခဲ့ပါ။



## VIII

When you're weary, feeling small
When tear are in, your eyes
I'll dry them all
I'm an your side, oh...when time get through
And friends just can't be found.

'Bridge over trouble water'
by
Paul simon &
Art Garfunkar.



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက်ရှည်မှာတော့ ကျွန်တော်တို့သူငယ်ချင်းများ သိပ်မတွေ့ဖြစ်ကြတော့ပါ။ မိသူနှင့် ကျွန်တော်ကတော့ ခြွင်းချက်မို့ အမြဲလို သူ့ဆီ ကျွန်တော် ရောက်လျှင်ရောက် မရောက်လျှင် သူ ကျွန်တော့်ထံ ရောက်လာတတ်သည်။

ဒီနေ့လည်း မိသူထံအလာ ခြံဝကပင် အသံကြားလိုက်ရသည်။

''ယောက်ျားဖြစ်ပြီး အကုန် မမနန္ဒာချည်းပဲ သိမ်းကြုံးလုပ်နေရတာ ကိုကြီးတရားသလား''

''ဟ…မေမေလည်း ဒီလိုလုပ်ခဲ့တာပဲ''

''ဩော်ဩော်…ဒါကြောင့်လို့ ဆိုချင်တာလား။ ဒါဆိုရင်တော့ မေမေတို့ မနန္ဒာတို့လောက်အရည်အချင်းမရှိတာ ကိုကြီးဝန်ခံတယ်ပေါ့''

''ဘာကွ…''

''တခြားနေရာမှာလည်း မိန်းမတွေ ကမ္ဘာမှာ ယောက်ျားတွေကို ရင်ဘောင်တန်းနေကြတာပါပဲ။ ဒီအိမ်မှာတော့ ပိုဆိုးတယ်။ မိန်းမဖြစ်ရက်နဲ့ ယောက်ျားတွေလုပ်သမျှလည်း လုပ်နိုင်တယ်။ မိန်းမအလုပ်လည်း လုပ်ကြရတယ်။ တကယ်တော့ ကိုကြီးနဲ့ဖေဖေဟာ ယောက်ျားလို့တောင် ကြွေးကြော်နေရမယ့်သူတွေ မဟုတ်ဘူး။ ခုတော့ ငါ…ငါ…ယောက်ျား… ယောက်ျားနဲ့ အတ္တတွေများပြီး ဘာမှလည်း မဟုတ်ဘူး''

''နေစမ်းပါဦး မိလင်းရဲ့။ နင်တို့ မိန်းမတွေ ယောက်ျားလုပ်သမျှ လုပ်နိုင်တယ်၊ ရင်ဘောင်တန်းနိုင်တယ်နဲ့၊ ထဘီခါးတောင်းကြိုက်ရဲလို့လား''

ကိုမင်းဆန္ဒစိုး၏ စကားကြောင့် ကျွန်တော်ပင် ရယ်ချင်သွားရသော



မိသူတော့ ဒုက္ခဟု တွေးနေမိဆဲမှာပဲ…

''ထဘီခါးတောင်းကြိုက်တဲ့ကိစ္စ၊ လမ်းဘေးသေးပန်းရဲတဲ့ကိစ္စမျိုး ပေါက်လွှတ်ပဲစားကိစ္စမျိုးကို ပြောနေတာ မဟုတ်ဘူး။ တကယ့် ability ကိစ္စကို ပြောနေတာ။ တကယ်တော့ ယောက်ျားတွေက မိန်းမတွေကို ဒီလို ပေါက်လွှတ်ပဲစားကိစ္စမျိုးလုပ်ရဲလားနဲ့ပဲ အနိုင်ယူနေတာ။ အမှန်က အရှက်နဲ့ကိုယ်ကျင့်တရားကို မိန်းမတွေက ပိုနားလည်တာတော့ သေချာတယ် ကိုကြီး။ ပြီးတော့ တကယ် နင်လားငါလား ယှဉ်ရမယ့် ability ကိစ္စကျ ယောက်ျားတွေ တော်တော်များများ နောက်ရောက်နေကြတာပါပဲ၊ especially in my family.''

မိသူ၏ လေသံအေးအေးနှင့် ရဲရဲဝင့်ဝင့်ပြောလိုက်သော စကားကို ကျွန်တော် သဘောကျသွားမိသည်။ ဒီစကားကို ကျွန်တော်သာဆို ချေနိုင်လိမ့်မည်။ ကိုမင်းဆန္ဒစိုးလို လူတစ်ယောက်အတွက်ကတော့ မချေနိုင်ဘဲ ရန်ပွဲနှင့် အဆုံးသပ်ရမှာ သေချာသည်မို့ ကျွန်တော် အိမ်ထဲ ခပ်သွက်သွက်ဝင်ချသွားလိုက်သည်။

''တောက်…ဟော…သူရိန်''

'တောက်'တစ်ချက် ပြင်းထန်စွာခေါက်နေဆဲမှာပဲ ကျွန်တော့်ကို တွေ့သောအခါ ကိုမင်းဆန္ဒစိုးက စစ်ကူတွေ့သလို ကယ်တင်ရှင်တွေ့သလို အကြည့်နှင့်ကြည့်၏။ ကျွန်တော်က ဘာမှ မသိသလိုပင်…

''မိသူ လာ…မြန်မြန်အဝတ်အစားလဲ၊ ဗိုးတွေးအဖေ ဆုံးလို့တဲ့''

''ဟာ…ဟုတ်လား ဘယ်တုန်းကလဲ''

''မနေ့ကမှ လုပ်…အားလုံး ချိန်းထားတာ လွဲကုန်မယ်''

ကျွန်တော်တို့ကိစ္စကမှ တကယ့်အရေးကြီးကိစ္စလိုလိုနှင့် ပြောလိုက်မှ မိသူက အထဲဝင်သွားသလို ကိုမင်းဆန္ဒစိုးက…

''မင်းသူချင်း မင်းကြည့်ပြောဦး။ သူ့ဘာသာသူ ဖေဖေနဲ့ မတည့်ခဲ့တာ ခု ငါ့ဘက် လှည့်လာပြန်ပြီ။ ကြီးကြီးကျယ်ကျယ်တွေချေး ကြီးကြီးကျယ်ကျယ်တွေပြောနဲ့ ကြာရင် ရူးလိမ့်မယ်''

''ဟုတ်ကဲ့…အစ်ကို''

''အေး…ငါ သွားမယ်''

www.burmeseclassic.com

www.burmeseclassic.com



ခုမှ ဘယ်ကမှန်းမသိ ထွက်လာသော မနန္ဒာက ကားကို မောင်းကာ ကိုမင်းဆန္ဒက ဘေးကလိုက်ပြီး ပါသွားတော့၏။

မိသူထွက်လာတော့မှ…

''ကဲ…ထိုင်ဦး''

''ဟင်…နင်ပဲ အမြန်ဆို''

''အဲဒါက နင်တို့စကားများနေလို့ ဖျန်ပေးတာ''

မိသူက မျက်စောင်းလုလုလေးတစ်ချက် ထိုး၏။ ပြီးမှ…

''နင် ကြားလို့လား''

''အကုန်ကြားတယ်''

''နင့်ကိုပြောတာ မဟုတ်ဘူးနော်''

''ငါသိပါတယ်။ ခုတောင် နင့်အစ်ကိုက ငါ့ကိုမှာသွားသေးတယ်''

''ဘာမှာသွားတာလဲ''

''နင့်ကို ကြည့်ထိန်းဖို့''

''အလကား…အရှုး''

''အေး…သူကလည်း နင့်ကို အဲဒီလိုပဲ ပြောသွားတယ်။ ကြာရင် ရူးမှာတဲ့''

''ရူးရူးပေါ့''

''နေဝမ်းပါဦး…နင်တို့က ဘာအတွက် စောစောစီးစီး ပြဿနာ တက်နေတာလဲ''

မိသူက သက်ပြင်းကို တစ်ချက်ချ၏။ ပြီးမှ…

''ငါ့ကိုက မနေနိုင်တာပါ။ မနန္ဒာပင်ပမ်းတာကို ကြည့်ပြီး ပြောမိတာ။ တစ်နေကုန်ဆိုင်တွေသွားရ၊ ရုံးမှာ ဦးစီးရ၊ ပြန်လာတော့ သူ့ဝေယျာဝစ္စတွေ လုပ်ပေးရနဲ့။ အိမ်ဖော်ရှိတာပဲ နားပါစေလား။ သူကျ မနန္ဒာကိုကျ ဘာမှမကူဘူး။ အိမ်ထဲမှာ မနန္ဒာရှိနေလို့ ဒီထက်ဆိုးတာ ရှိသေးတယ်''

''ဘာလဲ''

''သူ့အရင်ရည်းစားနဲ့ ပြန်ဆက်နေတယ်လေ''





''ဗျာတ်…ပြဿနာပဲ''

''အေး…ပြဿနာပဲ။ ငါကလည်း မနေတတ်ဘူး။ ဖေဖေမရှိတော့လို့ အေးပြီမထင်နဲ့ဆိုတာ ငါ ဒါတွေကြုံမြင်လို့ပြောတာ။ ကိုကြီးမှာ ဖေဖေ့ထက်သာတာတစ်ခုက အလုပ်နည်းနည်းပါးပါးလုပ်ပြီး ငွေရှာနေသေးတာပဲရှိတယ်။ ကျန်တာကတော့ ကြာရင် ဖေဖေ့ခြေရာ အကုန်နင်းမှာ သေချာတယ်''

မိသူတော့မသိ။ ကျွန်တော်ပင် မောသွားရ၏။ ဆိုဖာပေါ်တွင် မှီလျော့ထိုင်လိုက်ရင်းက အရွယ်နှင့်မမျှ စိတ်ပင်ပမ်းရရှာသော သူငယ်ချင်းကလေးကို ဘယ်လို ဖြေသိမ့်ပေးရပါ့ဟု အပြေးအလွှားစဉ်းစားနေမိသေးသည်။ သို့သော် ကျွန်တော်က လူညံ့တစ်ယောက်ဖြစ်၏။ ဘယ်လိုမှ အဖြေမထွက်။ ထို့ကြောင့် လာရင်းကိစ္စကိုပဲ ပြန်လမ်းလွှဲရတော့၏။

''လာဟာ…သွားရအောင်။ အောင်ထွန်းဦးတို့နဲ့ချိန်းထားတာကတော့ သုံးနာရီမှ လိုသေးတယ်။ ငါတို့အပြင်မှာ တစ်ခုခု သွားစားရအောင်''

''ကောင်းသားပဲ…ဒါနဲ့ နေပါဦး။ စိုးထွေးအဖေဆုံးတာ ဘာဖြစ်လို့လဲ''

''တကယ်ပါ။ ဒါ ညာစရာလားဟ''

''စိုးထွေး သနားပါတယ်''

''အေးနော်… နင်လည်း အဖေမရှိတော့ဘူး။ ငါ ကိုယ်ချင်းစာပါတယ်''

မိသူက ဘာမှ ပြန်မပြော။ ငြိမ်နေ၏။

''ကဲ…လာ…သွားမယ်။ နင် ဘာစားမလဲ''

''မသိဘူးလေ။ ပိုက်ဆံသိပ်မရှိဘူးဟ။ လာ ငါတို့ မေမေ့ဆီ အရင်ဝင်ပြီး မုန့်ဖိုးတောင်းရ အောင်''

ထိုအခါကျမှ ကျွန်တော်မှာလည်း များများစားစား မပါတာကို သတိရမိ၏။ ထို့ကြောင့် အန်တီနွယ့်ထံဝင်ကာ မုန့်ဖိုးတောင်းကြရာ အန်တီနွယ်က မုန့်ဖိုးသာမက ဒရိုင်ဘာနှင့် ကားပါ ထည့်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိသူက ဒီနေ့ကျမှ ထူးထူးဆန်းဆန်း ထဘီဝတ်ထားသည်။ သူမက ကျောင်းစိမ်းကလွဲရင် ထဘီဝတ်လေ့မရှိသူမို့ အမြင်မှာ တစ်မျိုးဆန်းကာ လှပနေသလိုပင်။

"နင်က ခုတည်းက လူကြီးလုပ်နေပြီလား"

"ဘာလို့လဲဟ"

"လုံချည်တွေဘာတွေဝတ်လို့"

"အေး…ဒီတစ်ထည်တည်းရှိတာ။ နောက်ဆို ငါတို့လူကြီးဖြစ်တော့မှာ။ မဟုတ်ဘူးလား"

"နင့်ကို ဘယ်သူပြောလဲ"

ကျွန်တော်က ပြုံးစစနှင့်မေးတော့ မိသူက ရယ်ကာ….

"ကိုယ့်ဘာသာကိုယ် သတ်မှတ်တာ"

"ကဲ…ပြောပါဦး။ လူကြီးဖြစ်ရင် ဘာထူးခြားလာလဲ"

"ဘာ…နင် ကပ်သီးကပ်သပ်မမေးနဲ့"

"ဟ…ကပ်သီးကပ်သပ်မေးတာ မဟုတ်ဘူး။ နင်ရဲ့သတ်မှတ်ချက်တွေကို သိချင်လို့။ ဩော်…ဒီနေ့တော့ ဒီပုံစံနဲ့ နင် တော်တော်လှတယ်သိလား"

မိသူက ရှက်သွားသလို တစ်ချက်ရယ်၏။

"ပြောစရာ မလိုပါဘူးဟာ။ ငါ ကျွေးမှာပါ"

"ကဲ…ပြောပါဦး။ လူကြီးဖြစ်ရခြင်းရဲ့ သတ်မှတ်ချက်"

မိသူက တစ်ချက်စဉ်းစားသလို ပြုံးကာ…

"နံပါတ်တစ်က ကိုယ့်ကိုယ်ကို တာဝန်ယူတတ်လာတာ"

"အင်း…ဟုတ်ပြီ။ နောက်ကော…"

"နံပါတ်နှစ်က ဘဝနဲ့ယှဉ်တဲ့ အသိတရားတွေရှိလာတာ"

"နောက်ကော…"

"နံပါတ်သုံးက ကိုယ် ဘာလုပ်ရမယ်ဆိုတာနဲ့ ဘာလုပ်သင့်တယ်ဆိုတာကို ချိန်ထိုး ဆုံးဖြတ်တတ်လာတာ"

"အင်း…နောက်ကော…"

"နောက်တစ်ခု နံပါတ်လေးက ဩော်…တစ်ခုတော့ရှိတယ်နော်"



"ဘာလဲ…"

"ဒါ ငါ့ကိုယ်ပိုင် အယူအဆနော်။ သူများတွေအတွက် မှန်ချင်မှ မှန်မယ်။ ဒါ ငါ့တစ်ယောက်တည်းအတွက် ငါ့ကိုယ်ပိုင် သတ်မှတ်ယူဆချက်တွေပဲ"

"ဟုတ်ပါပြီ…ဆက်ပါဦး"

"မှားနေတဲ့ အမှန်တရားဆိုတာတွေနဲ့ မှန်နေတဲ့ အမှားတွေကို ချင့်ချိန် ဆင်ခြင်တတ်လာတာ"

မြတ်စွာဘုရား…မှားနေတဲ့အမှန်တရားနဲ့ မှန်နေတဲ့ အမှားတွေဆိုပဲ့လား။ ကျွန်တော် ဘာမှ နားမလည်တော့ပါ။ ထို့ကြောင့် လက်ကာတားလိုက်ရသည်။

"အိုကေ…ဒီလောက်ဆို လုံလောက်ပြီ။ ဆက်ပြောရင် ငါပါ ရူးသွားလိမ့်မယ်"

မိသူက စိတ်မဆိုးပါ။ ရယ်ပင် ရယ်နေသေးသည်။

ခက်တာက ထိုအရယ်မျက်နှာလေးကိုပင် ကျွန်တော် အရူးအမှတ်မဲ့ သတိလက်လွတ် ငေးမိသွားခြင်းဖြစ်သည်။ မိသူကတော့ သတိပြုမိသလား မပြုမိသလားမသိ။

"နင် ဘာဖြစ်သွားတာလဲ။ လာလေ…ထမင်းသွားစားကြမယ်"

ပုလဲကြွယ်တွင် ထမင်းသွားစားဖြစ်ကြ၏။ သူမနှင့် မတည့်သော အရာများကို ဂရုစိုက်ကာ လွတ်အောင် ရွေးချယ် မှာပေးမိသည်။ သေချာတာကတော့ အရင်က ဂရုတစိုက်စာကူးပေး၊ စာရှင်းပြပေး၊ စာကြည့်နိုင်းသော စေတနာထက်ပိုသော တစ်စုံတစ်ရာ ရင်ထဲမှာ ရှိနေပြီဆိုသည်ကို သိနေခြင်းပင်။

သူမပြောသလို ကျွန်တော် 'လူကြီး' ဖြစ်သွားခြင်းလား။

သတ်မှတ်ချက်ကတော့ ကွာခြားနေခဲ့ပြီ။

ထိုအတွေးနှင့်အတူ ကျွန်တော် ပြုံးမိသဖြင့် မိသူက…

"ဘာပြုံးတာလဲ"

"ဩော်…နင့်လိုပဲ ငါလည်း လူကြီးဖြစ်ပြီထင်တယ်လို့ တွေးမိလို့"

"ဒါ ပြုံးစရာလား"

www.burmeseclassic.com

www.burmeseclassic.com



''နည်းနည်းပါတာပေ့ါဟာ။ နင် နားမလည်ပါဘူး''

''နားလည်း မလည်ချင်ပါဘူး''

မိသူက ဘုမသိ ဘမသိနှင့်ပင် နှာခေါင်းလေး ရှုံ့ကာ အနိုင်စကားကို ဆို၏။ သူမကိုပါ ရင်ထဲက တစ်စုံတစ်ရာအတွက် နားလည်စေချင်သော ဆန္ဒရှိသော်လည်း ဘာမှ ပြန်မပြောဖြစ်တော့။

သူမနှင့်အတူ ထမင်းအတူစားသည်မှာ ဒါ ပထမအကြိမ်မဟုတ်ချေ။

သူမနှင့်အတူ တွဲ၍ သွားလာဖြစ်သည်မှာလည်း ဒါ ပထမအကြိမ်မဟုတ်။ ဒါနှင့်များတောင်။

ကျွန်တော် ဘာကြောင့် စိတ်လှုပ်ရှားနေမိသလဲ။ ကျွန်တော့်အသဘောကျွန်တော်ပင် မတွေးတတ်။

ထိုနေ့က ကျွန်တော်တို့ 'လူကြီး'ဖြစ်ပြီဟု 'တွေး'ပုံချင်းတူခဲ့ကြသော်လည်း သတ်မှတ်ချက်ကတော့ ကွာခြားနေခဲ့တာ အသေအချာဖြစ်သည်။



# IX

I'd like to be the stars outside your window
The lucky chair that pulled you everynight
I'd like to be a coffee pot you need in the mornin'
I'd even like to be an apple that you bite

And when you need someone to talk with
I'd like to be a little boy inside
And if you ever have a heartache I wanna
be the tears you're hide.

'I'd like to be...
by 'Jim Reeves'

www.burmeseclassic.com

www.burmeseclassic.com



သီချင်းများကို နားထောင်ရန် ဝါသနာပါသော မိသူအတွက် အချို့သော သီချင်းများကို ကျွန်တော် ကူးပေးထားမိသည်။ သို့သော် ပေးရန်လက်တွန့်နေသဖြင့် မပေးဖြစ်၊ အစီပွါယ်များစွာကို သယ်ဆောင်သွားသည့် ထိုသီချင်းလေးများသည် ပေါင်းကူးတံတားဖြစ်နိုင်သော် ကောင်းရဲ့။ ဖြစ်နိုင်ခဲ့လျှင်...

သို့နှင့်...

ကျွန်တော်တို့ အောင်စာရင်းများ ထွက်ခဲ့ကြသည်။

ကျွန်တော်၊ အောင်ထွန်းဦးနှင့် ဌေးမြင့်က ဘာသာစုံဂုဏ်ထူးထွက်ကာ စိုးထွေးနှင့် စန္ဒီက လေးဘာသာစီ ထွက်၏။ ရဲဝင်းအေးနှင့် သင်းသူရိယနွယ်ကတော့ နှစ်ဘာသာစီသာ ပါခဲ့ကြသည်။ ကျွန်တော်တို့ အမှတ်စာရင်းများကို စောင့်ကြရဦးမည်ဖြစ်သော်လည်း ခုတည်းက ကိုယ် ဘာလုပ်ရမည်၊ ဘာ ဘာသာရနိုင်သည်ကို သိထားကြပြီးဖြစ်သည်။

''နင်တို့က ဘာလျှောက်မှာလဲ''

စန္ဒီက စိတ်ဝင်တစားမေး၏။

''ဆေး...''

ကျွန်တော်၊ အောင်ထွန်းဦးနှင့်ဌေးမြင့်က သံပြိုင်ဖြေလိုက်ခြင်း ဖြစ်သည်။

ဌေးမြင့်က ပြန်၍ 'နင်တို့ကရော'ဟု မေးသောအခါ စိုးထွေးက

' Y.I.T '





စန္ဒီက...

' Computer '

ဟု ဖြေ၏။

ထိုစကားဝိုင်းထဲတွင် မပတ်သက်သလို ထိုင်နေတာက လင်းသူရိယနွယ်နှင့်ရဲဝင်းအေး။ ထို့ကြောင့် ကျွန်တော်ကပင်...

"မိသူ နင်ကော။ ရဲဝင်းအေး မင်းကော"

ရဲဝင်းအေးကတော့...

'အင်္ဂလိပ်စာ'ဟု ဖြေ၏။

''ဒါဆိုကောင်းတာပဲ။ မိသူ နင် အဖော်ရှိအောင် ရဲဝင်းအေးနဲ့ အတူ အင်္ဂလိပ်စာလျှောက်ပါလား''

စန္ဒီက မိသူကို စေတနာနှင့် ဝင်တိုက်တွန်းသည်။ မိသူကတော့ ခပ်အေးအေးပင်။

''အဖော် ဟုတ်လား...မလိုပါဘူးဟာ။အားလုံးက ကိုယ်လျှောက်ချင်တဲ့လမ်း လျှောက်ကြမှာပဲ။ အဲဒီလမ်းမှာလည်း အဖော်တွေ တွေ့ထာဦးမှာပဲ''

ရဲဝင်းအေးက မိသူစကားကြောင့် မဲ့ရွဲ့လိုက်ကာ...

''ဟုတ်တယ်...ဟုတ်ပါတယ်။ ငါကတော့ နင့်ကို သူ့ရိန့်လို ဂရုစိုက်နိုင်မှာ မဟုတ်ဘူး။ သူရိန် မင်းပဲ သူလျှောက်တဲ့မေဂျာလိုက်လျှောက်ပါလား''

ရဲဝင်းအေးစကားက အနှောင့်အသွား မလွတ်သော်လည်း အားလုံးက ထုံးစံအတိုင်း ရယ်မောခြင်းနှင့် အစဖျောက်လိုက်ကြသည်။

''မလိုပါဘူးဟာ။ မင်းက ဆရာဝန်ဖြစ်ချင်တဲ့သူပဲ။ သူလုပ်ချင်တာ လုပ်ပါစေ''

''ဒါလည်းကောင်းတာပဲ။ ဒါမှ လင်းကိုနင်က ဆေးကုပေးနိုင်မှာ''

စန္ဒီက ထိုသို့ဝင်ကာ မှတ်ချက်ချ၏။

ရင်ထဲမှာတော့ ကိုယ်ဖြစ်ချင်တာလုပ်ဖို့က တစ်ဖက်၊ မိသူကို တစ်ယောက်တည်း ကျောင်းတက်ရမှာစိုးတာက တစ်ဖက်နှင့် ဝေဝါတော့ တွေဝေချင်သွားမိသေးသည်။ သို့သော် မိသူက...



www.burmeseclassic.com

www.burmeseclassic.com



''ထားပါဟာ…နင်တို့ပြောပုံက ငါတို့အားလုံး အဝေးကြီးဝေး သွားမယ့်ပုံနဲ့။ ကျောင်းပဲ ကွဲမှာ။ တစ်မြို့တည်းပဲဟာ။ ကျောင်းတွေကို လာလည်ရင်လည်း ရတာပဲ။ ငါတို့ အမြဲတွေ့နေကြမှာပါ''

''ဒါလည်း ဟုတ်တာပဲ''

မိသူ့စကားကို အားလုံးက ထောက်ခံလိုက်ကြသည်။

တကယ့်တကယ် ဝင်ခွင့်တွေ တင်ခါနီးကျတော့ မိသူက ကောက် ခါငင်ကာ နေမကောင်းဖြစ်သည်။ ဖေဖေနှင့်အတူ သူ့အတွက် ကူညီ ပေးရင်း သူငယ်ချင်းများ ဝင်ခွင့်တင်သည့်နေ့က ကျွန်တော်တို့ မတင် ဖြစ်လိုက်။ မိသူ နေကောင်းကာစမှပင် တင်ဖြစ်၏။

ထိုနေ့က ဝင်ခွင့်တင်ရသည့် နောက်ဆုံးနေ့လည်း ဖြစ်သည်။ အိမ်မှ မထွက်ခင် ဖေဖေက…

''သမီး လင်း ဘာလျှောက်လဲ''

''Philosophy''

''ကောင်းတယ်…ကောင်းတယ်''

ဖေဖေကတော့ ထောက်ခံ၏။ မေမေကတော့…

''သမီးအမှတ်က များသားနဲ့''

''ဟုတ်ကဲ့အန်တီ။ သမီး ဒါပဲဝါသနာပါလို့၊ မေမေကလည်း ကြိုက်လို့ ဒါပဲ ပြောနေတာ၊ သမီးကလည်း ကျောင်းပြီးရင် မေမေ့အလုပ် ပဲ လုပ်ရမယ့်တူတူ ကျောင်းတက်တုန်း ကိုယ်သင်ချင်တာလေး သင်ထား ချင်လို့။ ရွေးချယ်ခွင့်ရှိတုန်းလေး ရွေးရတာ။ ရွေးချယ်ခွင့် မရှိတဲ့အခါကျ ကိုယ်မလုပ်ချင်တာလည်း လုပ်ရတော့မှာပဲလေ''

မိသူက ရှည်ရှည်လျားလျား ရှင်းပြနေ၏။

မေမေကတော့ သဘောပေါက်ပါသည်။ ဖေဖေကတော့ ပြော မနေနိုင်တော့။ လင်းသူရိယနွယ်သည် အကြိမ်ကြိမ် ပြန်လည် မွေးဖွား ပေးထားသော သူ့သမီးပမာမို့ ဘာလုပ်လုပ် ထောက်ခံနေတတ်သူဖြစ် သည်။

အထက်တန်းပညာဦးစီးဌာနတွင် ဝင်ခွင့်များတင်၊ ဖြတ်ပိုင်းများယူ ကာ ပြန်လာသောအခါ…





''မင်း…ဆာတယ် တစ်ခုခုစားရအောင်''

''ဘာစားမှာလဲ…ဘယ်မှာ စားမှာလဲ''

''ဒီနား နီးနီးနားနားမှာပဲ စားရအောင်။ ငါ ဆာလှပြီ''

ထို့ကြောင့် ကျွန်တော် သူမကို ဘီအီးဒီကင်တင်းသို့ ခေါ်သွား လိုက်သည်။ ဘီအီးဒီကင်တင်းသည် သီးသန့်လေးလိုဖြစ်ကာ သစ်ရိပ်တချို့ နှင့် စိမ်းနေသည်မို့ ထိုင်ရသည်မှာ အေးအေးချမ်းချမ်းရှိလှသည်။

''နင် ဒီနေရာကို ဘယ်လို သိတာလဲ''

မိသူက နေရာလေးကို သဘောကျကာ မေး၏။

''မေမေနဲ့အတူ ငယ်ငယ်တည်းက ရောက်ဖူးတယ်လေ''

''ကောင်းတယ်နော်။ အေးချမ်းတယ်''

စားပွဲထိုးလေးက အနားရောက်လာကာ 'ဘာမှာမလဲ' မေး၏။ မိသူက…

''ထမင်းကြော်တစ်ပွဲ၊ အအေးတစ်ပုလင်း၊ ပေါက်ကလင်ပဲအေး လက်ဖက်ရည်ကျဆိမ့်တစ်ခွက်''

စားပွဲထိုးလေးက ပြန်လှည့်ထွက်သွား၏။

''ဟ…အဲဒါ ငါ့အတွက်ကောပါလား''

''ပါပါဘူး''

''ဟင်…ဒါဆို နင့်ဟာက အပူကော အအေးကော''

''အေးလေ…ခု ပူနေတော့ အအေးသောက်မယ်၊ ပြီးရင် ထမင်း ကြော်စားမယ်။ ပြီးမှ လက်ဖက်ရည် သောက်မယ်''

ကျွန်တော် ချစ်သော သူငယ်ချင်းမလေးသည် ထိုသို့ မိန်းကလေး မျိုးဖြစ်၏။

''လက်ဖက်ရည်သောက်ပြီး ရင်တုန်ဦးမယ်''

''အာ…သောက်မယ်''

''ဒါဆို တစ်ယောက်တစ်ဝက်''

''ရတယ်''

''ထမင်းကြော်ကကော ကုန်မှာလား''

''ဟင့်အင်း…ဒါပေမဲ့ တစ်ဝက်နဲ့နင်က ဝမှာလား''



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်။ ခု မှာထားတာပဲ အတူစားကြတာပေါ့။ နောက်ဆို ဒီလို အတူစားရတော့မှာ မဟုတ်ဘူး"

ကျွန်တော်က တကယ့်ကို ခံစားချက်နှင့် ပြောခြင်းဖြစ်သော်လည်း မိသူက မျက်နှာလှလှလေးကို မဲ့ပစ်လိုက်ကာ ပြော၏။

"သေရွာသွားကြမှာ ကျနေတာပဲ။ ကျောင်းလေးကွဲသွားတာကို ဈေးကြီးခွင်ကျယ် လုပ်နေကြတယ်"

"ဈေးကြီးခွင်ကျယ် မဟုတ်ပါဘူး။ နောက်ဆို နင့်ကို ဆရာလုပ်မယ့်သူ၊ ကာဆီးကာဆီးလုပ်မယ့်သူ မရှိတော့ဘူးဆိုပြီး နင် ပျော်နေတယ် မဟုတ်လား"

မိသူက ကျွန်တော် အသည်းယားလာအောင် ပခုံးလေးတွန့်ကာ တခစ်ခစ် ရယ်၏။

"နင့်အတွက်လည်း ကောင်းတယ်မဟုတ်လား။ နင့်ကို စာကူးခိုင်း၊ ကျွန်ခိုင်း ဟိုဟာခိုင်း၊ ဒီဟာခိုင်းနဲ့ ဂျီကျမယ့်သူ မရှိတော့ဘူးလေ"

"မကောင်းပါဘူး။ ဒါက နင် မခိုင်းလည်း ငါ လုပ်ပေးမှာပဲလေ။ ခုအောင် ကြည့်ပါလား။ ငါ နင့်အတွက် ဆရာဝန်လုပ်ဖို့ ဆေးကျောင်းတက်မှာ"

ကျွန်တော့်စကားကြောင့် မိသူက မျက်မှောင်လေးကြုတ်ကာ ပြုံးစစနှင့်မေး၏။

"ဩော်…ဒါဖြင့် နင်က ဝါသနာ မပါဘူးပေါ့"

"ဝါသနာပါတာက သပ်သပ်လေ။ နင့်ကို ကုပေးချင်တာက ပိုများပါတယ်။ မဟုတ်ရင် နင်နဲ့အတူ ဖလော်လာတက်မှာပေါ့"

"ဟားဟား…အပြောကောင်းတယ်"

မိသူက ရယ်ဟဟလေးနှင့် ကျွန်တော့်ကို စူးစူးလေးကြည့်ကာ ပြော၏။

"အပြောမဟုတ်ပါဘူး မိသူရာ…တကယ်ပါ။ ငါက နင့်ဘေးမှာ အမြဲတမ်းရှိနေပြီး နင် လိုတာတွေ ဖြည့်ဆည်းပေးချင်တာ"

"အံမယ်…တကယ်"

"တကယ်ပေါ့။ နင့်ဘေးက နင့်ရဲ့ရာသက်ပန်လက်တွဲဖော် ဖြစ်ချင်တာ"





ကျွန်တော့်ကို မခံချင်အောင် ရယ်ဟဟလေးနှင့် နောက်နေသော မိသူ၏ မျက်နှာလေး တဖြည်းဖြည်း တည်သွား၏။ ပြီး ကျွန်တော့်ကို စူးစူးလေးကြည့်ကာ…

"ဘယ်လို…မင်း နင်ဘာပြောလိုက်တယ်။ ပြန်ပြောစမ်းပါဦး"

ကျွန်တော်လည်း မထူးတော့ပြီမို့ (ခုမှတော့ ရှောင်လွှဲလိမ်ညာလို့ မရတော့မည့်အတူတူ) ပြန်ပြောလိုက်၏။

"နင့်ဘေးက နင့်ရဲ့ ရာသက်ပန်လက်တွဲဖော်ဖြစ်ချင်တယ်လို့ ပြောတာ"

"ဘုရားရေ နင် ငါ့ကို သွယ်ဝိုက်ပြီး ရည်းစားစကားပြောနေတာ လား မင်း"

ကျွန်တော် သူမမျက်ဝန်းများကို စူးစူးနစ်နစ်ကြည့်ကာ ခေါင်းညိတ် ပြလိုက်သည်။

မိသူက မယုံကြည်နိုင်သလို ခေါင်းကို ခါရမ်းကာ…

"မင်း..နင် ဒီစကားကို ဘယ်သူကမြှောက်ပေးလို့ ပြောရမှာလဲ"

ဒီတစ်ခါတော့ ကျွန်တော် မိသူကို ပထမဆုံးအနေနှင့် အံ့သြ သွားရသည်။

"မိသူ ဒီမှာ ငါက သူများမြှောက်ပေးတိုင်း လုပ်မယ့်သူလား။ ခု ငါ နင့်ကိုပြောတာ ငါ့ရင်ထဲမှာရှိတဲ့အတိုင်း မလိမ်ညာချင်လို့ ဘာပယောဂ မှ မပါဘဲ ဖွင့်ပြောမိတာ။ ဘယ်သူမှ မြှောက်မပေးဘူး"

မိသူတစ်ချက်တော့ ငြိမ်သက်သွားသည်။ လက်ဖက်ရည်ခွက်ကို အစိပ္ပါယ်မဲ့ မွှေနှောက်နေရင်းက ကျွန်တော့်ကို မျက်လုံးလှန်ကြည့်ကာ မေး၏။

"မင်း ဒီစကားအတွက် နင် ပြင်ဆင်ချက်ချချင်သေးလား"

"မိသူ နင့်စကားတွေက ငါ့ကို စော်ကားတာများနေပြီ"

"နင်ကကော ငါ့ကို မစော်ကားခဲ့ဘူးလား"

"ဘာ ဘာစော်ကားတာလဲ၊ ငါ နင့်ကိုချစ်တာစော်ကားတာလား"

မိသူက ခေါင်းကိုငုံ့လိုက်ကာ ကျွန်တော် မမြင်အောင် တစ်ချက် မဲ့ပြုံးပြုံး၏။ ကျွန်တော်ကလည်း စက္ကန့်မလပ်ကြည့်နေတတ်သူမို့ မြင်ဖြစ် အောင် မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ နင့်ကို မေးစရာရှိသေးတယ်"

"မေးလေ...ဘာလဲ"

"ငါ့အနေအထိုင်၊ ငါ့ခင်မင်မှု၊ ငါ့ရဲ့နင့်အပေါ်ထားတဲ့ သံယောဇဉ်တွေက နင် ငါ့ကို ဒီလိုစည်းကျော်လာဖို့ ဖိတ်ခေါ်ခဲ့သလိုများ ဖြစ်နေခဲ့လို့လား။ ငါ့အနေအထိုင်က နင် အဲဒီလို ပြောချင်လာအောင်များ သွေးဆောင်နေမိသလို ဖြစ်နေလို့လား"

ဒရစပ်ဝင်လာသော မျှော်လင့်မထားသည့် မေးခွန်းတွေက ကျွန်တော့်ရင်ကို မြားအစင်းစင်းနှင့်ပစ်သည့်နှယ်။

"မဟုတ်ဘူး မိသူ။ တစ်ခုမှ မဟုတ်ဘူး"

"မဟုတ်ဘူးဆိုရင် နင့်ဘာသာနင် ကျူးလွန်တာပေါ့ ဟုတ်လား"

"ကျွတ်...မိသူရာ။ ဒါ ချစ်ခြင်းမေတ္တာတစ်ခုပါ။ အပြစ်တစ်ခု ကျူးလွန်တာ မဟုတ်ဘူး"

မိသူ ပြုံးသည်။ လှို့ဝှက်အေးစက်သော အပြုံးမျိုး။

"ဒုတိယအကြိမ် ထပ်မေးမယ်။ နင့်စကားကို မပြင်တော့ဘူးလား"

"ဘယ်တော့မှ မပြင်ဘူး"

"ကောင်းပြီလေ...နင် မပြင်ရင် ငါ ပြင်ရမှာပေါ့"

ပြောပြောဆိုဆို အိတ်ကိုဆွဲကာ ထိုင်ရာမှ ထမည်လုပ်သဖြင့် သမန်းကျအတိုင်း ကျွန်တော် သူ့လက်ကို ဖမ်းဆွဲထားလိုက်သည်။ သူမ ရုပ်ပျက်အောင် မရုန်းပါ။ သို့သော် ကျွန်တော့်ကို စိမ်းစိမ်းစူးစူးပြောလိုက်သော စကားများက ကျွန်တော့်လက်များကို ဖြည်လျော့ကျသွားစေသည်။

"ဒီမှာ မင်း ငါ့ဘဝမှာ သူရိန်မင်းနိုင်ဆိုတဲ့ သူငယ်ချင်း မရှိတော့ဘူး။ သေသွားပြီ။ ဘာလို့လဲ သိလား...နင်က လင်းသူရိယနွယ်ဆိုတဲ့ သူငယ်ချင်းကို သတ်ခဲ့တယ်လေ"

ပြောချင်ရာပြောပြီး ထိုင်ရာမှ ထထွက်သွားသဖြင့် ကျွန်တော် ပိုက်ဆံရှင်းကာ ကပျာကယာလိုက်ရ၏။ ကမ္ဘာပေါ်တွင် ရည်းစားစကားပြောမိ၍ ကျွန်တော့်လောက် အပြစ်ကြီးသူတစ်ယောက်မှ ရှိမည်မထင်။ သူ့အတွေးနှင့်သူ သူလုပ်ချင်ရာလုပ်၊ ပြောချင်တာပြောတတ်သော



လင်းသူရိယနွယ်ကတော့ သူပေးခဲ့သော ပြစ်ဒဏ်များနှင့် ကျွန်တော် ဘယ်လောက် နာကျင်ခဲ့ရသည်ကို သိလိမ့်မည် မဟုတ်ချေ။

ထိုနေ့က ကျွန်တော် သူ့ကို အိမ်တိုင်ရာရောက် ပို့ပေးပြီး ပြန်လာခဲ့သည်ထိ ကျွန်တော့်ကို စကားတစ်ခွန်းမှ မပြောတော့။ အလာတုန်းက ဆူညံနေသလောက် အပြန်မှာ တိတ်ဆိတ်လာသဖြင့် ဒရိုင်ဘာကြီးကတော့ စိတ်ကောက်လာသည်ဟု ထင်ပေလိမ့်မည်။

နောက်နေ့များတွင်လည်း မိသူက ကျွန်တော့်ကို လုံးဝ အတွေ့မခံတော့။ ဖုန်းဆက်လည်း မကိုင်။ အန်တီနွယ်နှင့် မေမေတို့ကတော့ ကျွန်တော်တို့ အပရိကသဘော စိတ်ကောက်နေကြတာဟု ထင်ခဲ့ကြသည်။ သို့သော် ကျောင်းတွေဖွင့်သည်ထိ ကျွန်တော့်ကို သူစိမ်းပမာဆက်ဆံနေဆဲ။

ခံနိုင်ရည် ဘယ်လိုမှ မရှိတော့သော ကျွန်တော်က ဖေဖေ့ဆွေမျိုးများရှိရာ အမေရိကားသို့ M.D ဘွဲ့ယူရန် ထွက်လာခဲ့လိုက်သည်။ မထွက်ခင် သွားနှုတ်ဆက်တော့လည်း မတွေ့ခဲ့ရ။

ခု ကျကာမှ...

လင်းသူရိယနွယ်၏ ရက်စက်မှုများကို ထပ်တွေ့နေရသည်။

သေချာသည်ကတော့ ကျွန်တော် သူမကို တစ်နေ့မှ မမေ့ခဲ့ခြင်း ပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# Part

# B

www.burmeseclassic.com

www.burmeseclassic.com



# I

I forgot to remember to forget him
I can't seem to get him off my mind
I thought I'd never miss her
But I found out somehow
I think about him almost all the time

The day he went away
I made myself a promise
That I'd soon forget we ever met
But something sure is wrong
'cause I'm so blue and lonely
I forgot to remember to forget.

'I forgot to remember to forget'
by 'Elvis Presley'



ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာနနှင့် အနီးဆုံးဖြစ်သော ကင်တင်းရှိ 'မြကျွန်းသာ'ဘေး ကွက်လပ်တွင်ဖြစ်သည်။

''ကဲပါ...ဒေါ်စိုးထွေးရယ်။ နင့်လိုလူက အတန်းချိန်တွေ ပျက်ပြီး ငါ့ဆီလာရင် ကိစ္စတစ်ခုတော့ ပါလာမှာပဲ ပြောပါဦး''

''အင်း...ပြောမလို့ဘဲ စနေ့ကိုတောင် ဝင်ရှာသေးတယ်။ မတွေ့လို့''

''သူက အားချိန်မှာ ငါတို့ကို အချိန်မပေးနိုင်တော့ဘူးဟာ''

''အေးနော်''

''ထားပါဟာ...ကဲ...ပြောလေ နင့်ကိစ္စကို''

''ခုလာမယ့် ဇူလိုင်လမှာ နင် သူရိန့်အတွက် ဘုန်းကြီးဆွမ်းကပ်ဦးမှာလား''

''အင်းလေ...နှစ်တိုင်းကပ်နေကျပဲ။ နင်တို့လည်း လာလေ''

ထိုစကားကြောင့် လင်းသူရိယနွယ်ကို စိုးထွေးက နားမလည်နိုင်သလို ကြည့်သည်။ ကြည့်သည်မှ မိနစ်များပင်တိုင်သည်ထိ ကြည့်သည်။ ပြီးမှ သက်ပြင်းကို အရှည်ကြီးချ၏။

''အရှည်ကြီး နင် နာမည်နဲ့လိုက်အောင် သက်ပြင်းရှည်ကြီး ချနေပြီလား''

''ချရတာပေါ့...နင်က အဲဒီလို ချရအောင် လုပ်ထားကိုး''

လင်း မျက်မှောင်လေးကြုတ်သွားရသည်။ ပြီးမှ ဇဝေဇဝါနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးရ၏။

''ငါ ဘာလုပ်မိလို့လဲ''

''နင် ဘာလုပ်ခဲ့လဲ၊ နင်မသိဘူးလား လင်း''

''ဟင့်အင်း...မသိဘူး။ ငါ ဘာလုပ်ခဲ့လို့လဲ''

''နင် ညာခဲ့တယ်လေ''

''ငါညာတယ်ဟုတ်လား...ဘာညာလို့လဲ။ နင့်ကို ဘာညာခဲ့လို့လဲ''

စိုးထွေးက မချိုပြုံးပြုံးကာ...

''ဟုတ်တယ်... နင် ညာခဲ့တယ် လင်း။ ညာတာမှ ငါ့တစ်ယောက်တည်းကို မဟုတ်ဘူး။ အားလုံးကိုညာတာ...အဆိုးဆုံးက နင့်ကိုယ်နင် ညာတာ''

လင်း စိတ်ခွပ်လာသည်။ ခေါင်းမှ ဆံပင်ရှည်များထဲ လက်ကို ထိုးသွင်းကာ ဖွလိုက်ရင်းက စိတ်မရှည်တော့သလို မေးလိုက်၏။

''ဘာလဲဟာ...ဘာတွေလဲ။ ငါ နားမလည်တော့ဘူး''

''နားမလည်ချင်ယောင် ဆောင်တော့လည်း ရှင်းပြရမှာပေါ့ လင်း''

''မြန်မြန်ပြောစမ်းပါ အရေးထဲ''

''နင် ဘာဖြစ်လို့ သူရိန်ကို သေပြီလို့ ပြောရတာလဲ''

လင်း မျက်လုံးပြူးသွားရသည်။

''မြတ်စွာဘုရား...မဟုတ်လို့လား''

''မဟုတ်ဘူး လင်း၊ နင် ခုထိ ညာချင်တုန်းလား''

''ဘာညာစရာရှိလဲဟာ။ ငါ နှစ်တိုင်းဆွမ်းကပ်ပေး၊ ဝမ်းနည်းကြေကွဲခြင်းတွေ ထည့်ပေးနေတာပဲ။ နင်တို့လဲ သိတာပဲ''

စိုးထွေးက လင်းကို ခပ်စူးစူးကြည့်၏။ ပြီးမှ...

''အေး...အဲဒီလောက်ထိ ရက်ရက်စက်စက်တတ်နိုင်တာကိုပဲ ငါလည်း စဉ်းစားမရတာ။ ငါ့သူငယ်ချင်း လင်းသူရိယနွယ်အစစ်မှ ဟုတ်ရဲ့လား တွေးနေမိတာ''

လင်း စိတ်မရှည်တော့။





''ကဲ...စိုးထွေးရယ် ကျန်တာထားပါ။ မင်း မသေဘူးလို့ နင့်ကို ဘယ်သူက ပြောလိုက်တာလဲ။ ဘာအထောက်အထားပြနိုင်လဲ။ ပြောစမ်းပါဦး''

စိုးထွေးက လွယ်အိတ်ထဲမှ စာတစ်စောင်ကို ထုတ်လိုက်သည်။

''ကဲ...ပြည့်ပြည့်စုံစုံသိချင်ရင် ဒီစာကို ဖတ်၊ ဒါ အောင်ထွန်းဦး ရေးလိုက်တဲ့စာပဲ။ အောင်ထွန်းဦးက ငါ့ဆီတကူးတက သတိရကြောင်း စာရေးစရာ အကြောင်းမရှိပါဘူး။ ဒီကိစ္စပြောချင်လွန်းလို့ကို ရေးတာ''

လင်း ကပျာကယာ ယူဖတ်လိုက်သည်။

*စိုးထွေး၊ ခင်ရှိ*

*နိဒါန်းတွေ ဘာတွေ ပျိုးမနေတော့ပါဘူး။ နင့်ကို* message *ပေးချင်တာနဲ့ အကျအသိတောင်းချင်တာ သက်သက်ပါ။ ငါ ဒီမှာ ဘယ်သူနဲ့ တွေ့တယ်ထင်လဲ။ သူကိုနဲ့ သူကိုနယ်နိုင်နဲ့။ အားလုံးက သေပြီထင်ခဲ့တဲ့ သူကိုနဲ့တွေ့တယ်။ ဒီတော့မှ လင်း ငါတို့ကို ညာထားတာကို သိရတော့တယ်။ သူကိုနဲ့လည်း ဒါတွေသိရတော့ တော်တော် စိတ်မကောင်းဘူး။*

*အားလုံးကို နင် သတင်းပေး ပေးပါ။ သူကိုနဲ့ကို နေသေးတဲ့အကြောင်း။ ခု သူဒီမှာ* M.D *တက်နေတယ်။ ငါက နောက်ကျရောက်တော့ သူ့ပဲ အားကိုးရမှာပေါ့။ ဪ...နင်တို့ လင်းရေးထားတဲ့ ဟို နေကြတ်တယ်ဆိုလား ဘာလားပဲ...အဲဒါကဗျာလေ။ နင် သိမ်းထားတယ်မဟုတ်လား။ ငါ့ကို* e-mail *နဲ့ ပို့ပေးစမ်းပါ။* 'as soon as possible'

*အောင်ထွန်းဦး*

www.burmeseclassic.com

www.burmeseclassic.com



လင်း စာကို ကိုင်ကာ ငိုင်သွားရသည်။ ဝဲတက်လာချင်နေသော မျက်ရည်များကို ခေါင်းမော့ဖယ်ရှားလိုက်ရင်းက စိုးထွေးကို စာပြန်ကမ်းပေးလိုက်သည်။

"ဟုတ်တယ် ငါ ညာထားတာပဲ။ ခု မင်း မသေတာသိရတော့ နင်တို့ဝမ်းသာကြတယ် မဟုတ်လား။ အဲဒီဝမ်းသာမှုနဲ့ပဲ ငါ့အပြစ်ကို ချေဖျက်နားလည်ပေးပါ"

လင်း ရှေ့တူရူတွင်ရှိနေသော A.E ဆောင်များကို အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိသည်။ စိုးထွေးကတော့ သူ့ကို နားမလည်နိုင်စွာ ကြည့်နေဆဲဆိုတာကို လင်း သိပါသည်။

"လင်း"

"ပြောလေ"

"နင် ဘာလို့ အဲဒီလို လုပ်ရတာလဲ"

"သူက ငါ့ကို သူငယ်ချင်းစာရင်း ဖျက်လိုက်လို့ပဲ။ ငါက စဖျက်တာမဟုတ်ပါဘူး"

"မဖြစ်နိုင်တာ…သူ့ရိန်က အားလုံးထဲမှာ နင်နဲ့အရင်းနှီးဆုံး။ သံယောဇဉ်အရှိဆုံး။ သူက နင့်ကို သူငယ်ချင်းစာရင်း ဖျက်တယ်ဆိုတာကတော့ လုံးဝ မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်လို့ဖြစ်ခဲ့ပြီးပြီပဲ။ ငါ့တုန့်ပြန်မှုက လွန်တယ်ထင်ရင် ငါကပဲ နင်တို့ကို တောင်းပန်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ တကယ်ပါ။ ပြင်လို့မရတော့ဘူး။ နင်တို့ကို အလကား စိတ်ဒုက္ခရောက်အောင် လုပ်ခဲ့မိတယ်။ ခု နင်တို့ မင်း မသေတာသိတော့ ပျော်ရပြီ မဟုတ်လား။ ငါလည်း နင်တို့ပျော်တဲ့အတွက် ကျေနပ်ပါတယ်"

စိုးထွေးက စူးစူးလေးစိုက်ကြည့်ကာ ခေါင်းခါနေဆဲ။

"ငါ နားကိုမလည်တော့ဘူး လင်း"

"တချို့အရာတွေဟာ နားမလည်တာဘဲ ကောင်းပါတယ်ဟာ"

"ဒါပေမဲ့ ငါက နားလည်ချင်တယ်ဟ။ ခု နင် မပြောချင်ရင်လည်း မပြောနဲ့လေရတယ်။ တစ်နေ့တော့ နင် ပြောချင်လာမှာပါ။ ဒါမှ မဟုတ်



လည်း ငါ့ဘာသာငါ ရှာဖွေတွေ့ရှိ နားလည်သွားရင် နားလည်သွားမှာပါ"

လင်း စိုးထွေးကို ကျေးဇူးတင်စွာ ပြုံးပြလိုက်မိသည်။

"ကျေးဇူးပဲဟာ"

"တစ်ခုတော့ ငါ့ကို ကူညီဦး"

"ပြောလေ…ငါ ဘာကူညီရမလဲ"

"ခုနကစာထဲမှာ တောင်းထားတဲ့ကဗျာလေ…ငါက သိမ်းထားတာမှ မဟုတ်တာ။ နင့်ဆီမှာတော့ ရှိမှာပဲ။ ငါ့ကို ကူးပေးဦး"

လင်း ပြုံးမိ၏။ ဘာအဓိပ္ပါယ်နှင့်မှန်းတော့ ကိုယ်ဘာသာပင် မသိ။

"ထားလိုက်ပါတော့ဟာ…မရှိဘူး ပြောလိုက်ပေါ့"

"အာ…မပြောနိုင်ပါဘူး ပေးပါဟာ"

"မပေးချင်ဘူး"

"ဘာလို့လဲ"

"ရှက်စရာကြီး"

"ဟင်…ကဗျာရေးတာ ရှက်စရာလား"

"မဟုတ်ဘူးဟ… သူ့ကို သတိရလို့ ရေးထားတယ်ထင့်ရင် ရှက်စရာကြီး"

"ဟင်…မဟုတ်လို့လား"

"ဟုတ်မဟုတ် ငါ့ဟာငါတောင် မသိပါဘူးဟာ"

စိုးထွေးက ခေါင်းခါပြန်၏။

"လင်း…လင်း…နင်တော့ ဒုက္ခပဲ အရင်ကနဲ့ကို မတူဘူး။ တခြားစီပဲ"

"ပိုလှလာလို့လား"

လင်းက စကားလွှဲခြင်းဖြစ်သော်လည်း စိုးထွေးက ပါးနပ်၏။

"စကားမလွှဲနဲ့ လင်း။ နင် ငါ့ကို အဲဒီကဗျာ ပေးမလား မပေးဘူးလား ပြော။ ဒါပဲ သိချင်တယ်"

"မပေးချင်ဘူး…မပေးရင် နင် ဘာလုပ်မလဲ"

"ဘာမှ ကြီးကြီးကျယ်ကျယ်လုပ်စရာ မရှိပါဘူး။ စာကြည့်တိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



သွားရှာပြီး ကူးပေးလိုက်မှာပေါ့''

''နင် ပင်ပန်းမှာပေါ့''

''မပင်ပန်းစေချင်ရင် နင် ပေးလေ။ ငါလည်း ခုမှ သေသေချာချာ ထပ်ဖတ်ပြီး သေသေချာချာကို ကူးထားဦးမယ်''

''နင်တို့နဲ့တင် ငါ နာမည်ကြီးတော့မှာပဲ''

ဘယ်လိုစကားလှည့်လှည့် မရသော စိုးထွေးကို နောက်ဆုံးကျ လင်း သဘောတူလိုက်ရသည်။ ကိုယ်က အပြစ်လုပ်ထားသူကိုး။ တစ်ခုပဲ ရှိသည်။ ထိုပြစ်မှုကို ဘာကြောင့် ကျူးလွန်ခဲ့ရပြီး လင်းတစ်ယောက် ခုထိ ဘယ်လောက် ကြေကွဲနေရသည်ဆိုသည်ကိုတော့ သူတို့ သိနိုင်၊ နားလည်နိုင်မည် မဟုတ်ပါ။

တကယ်တော့ မင်းကို တစ်နေ့မှ မေ့မရခဲ့တာကို လင်း ကိုယ့်ဘာသာကိုယ် သိပါသည်။ အစကတော့ သေသောသူ ကြာရင်မေ့မှာပါဟု တွေးကာ ကိုယ့်ဘာသာကိုယ် ဖာတ်ခင်းခဲ့သော်လည်း ကိုယ့်ဖာတ်ကိုယ် မနိုင်ခြင်းကာ တစ်နေ့ထက်တစ်နေ့ ပိုပို နာကျင်လာရသည်ကို မိမိပဲ သိသည်။

''နင် ဘာတွေ စဉ်းစားနေပြန်တာလဲ။ ဉာဏ်နီဉာဏ်နက်တွေ မကုန်သေးဘူးလား''

စိုးထွေးက မျက်စောင်းထိုးကာ ပြောသည်။

''မဟုတ်ပါဘူးဟာ...စနေနေ့ကျ အိမ်မှာ ကဗျာလာယူလို့ ပြောမလို့ပါ''

''ဒါဆိုလည်း ပြီးတာပဲ။ စနေ့ပါ ခေါ်လာမယ်။ အဲဒီတော့မှ ရှောင်မနေနဲ့ဦးနော်''

''မရှောင်ပါဘူး''

စိုးထွေး ထိုအခါကျမှ စိတ်ချလက်ချ ပြန်သွားတော့၏။ လင်းမှာသာ ထိုနေ့က စာထဲ ဘယ်လိုမှ စိတ်ဝင်စား၍ မရဖြစ်ကာ ကျန်ခဲ့ရသည်။

သတိရခြင်းသည် ဆူးတစ်ချောင်းဆိုလျှင် လင်း၏ နှလုံးသားတွင် ဆူးများစွာ နစ်ဝင်နေခဲ့သည်မှာ သေချာသည်။





II

Hello darkness, my old friend
I've come to talk with you again
Because a vision softy creeping
Left its seeds while I was sleeping
And the visions that was planted in my brain
Still remain, within the sound of silence.

'Sound of silence'
by
'Simon & Garfunkal'

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ကျတော့ လင်း ကဗျာကို စာရွက်တစ်ရွက်နှင့် ကူးထား ပေးလိုက်သည်။ သို့သော် စိုးထွေးတို့ မလာခင်မှာဘဲ ကိစ္စက ပေါ်လာရသည်။

"တင် မနန္ဒာ ဘယ်လဲ"

"ဆေးခန်းလေ"

"ကိုကြီးရော မနန္ဒာတစ်ယောက်တည်းလား"

"အင်း…ဒရိုင်ဘာနဲ့သွားမယ်လေ။ လင်းအစ်ကိုက ဘယ်သွားလဲ မသိပါဘူး"

"မနန္ဒာက ဆေးခန်းသွားမှာ မပြောထားဘူးလား"

"ပြောထားပါတယ်"

"ပြောထားရက်နဲ့များ…နေဦး မနန္ဒာ လင်း လိုက်ပို့မယ်"

"ရပါတယ် လင်းရဲ့။ ဒရိုင်ဘာနဲ့ပဲ"

မနန္ဒာစကားကို ဆုံးအောင် နားမထောင်နေတော့ဘဲ အဝတ်လဲရန် အခန်းထဲ ဝင်ခဲ့လိုက်သည်။ မနန္ဒာကိုယ်ဝန်ရှိကတည်းက ကားမမောင်းတော့။ ဒရိုင်ဘာခေါ်ရသည်။ အိမ်မှာက အစဉ်အဆက်ကိုယ်တိုင် မောင်းကြတာမို့ ဒရိုင်ဘာ မခေါ်ခဲ့ဘူးသဖြင့် မနန္ဒာ ကားမမောင်းနိုင်သည့်အခါ ရှုံးသွား၊ ရှုံးပြန် ကြိုပို့ရန် ကိုကြီးကို မောင်းပေးရန် ပြောသော်လည်း မရသည့်အတွက် ပြဿနာတက်ခဲ့ရသေးသည်။

ခုလည်း ကြည့်ပါဦး။



ကိုယ်ဝန်ကို တစ်ပတ်တစ်ခါ O.G ပြဖို့တောင် ကိုယ့်ဘာသာကိုယ် သွားရမည်ဆိုသည်ကတော့ မဖြစ်တန်ကောင်း။

လင်း ပြန်ထွက်လာတော့ မနန္ဒာက…

"လင်း သူငယ်ချင်းတွေနဲ့ ချိန်းထားတာဆို"

"ရပါတယ်…မနန္ဒာရာ။ နောက်နေ့ ပြောင်းချိန်းလိုက်မှာပေါ့"

"မနန္ဒာ ဒရိုင်ဘာနဲ့ပဲ သွားလို့ရပါတယ်"

"အဲဒီ ဒရိုင်ဘာက ကားပေါ်နေခဲ့မှာလေ။ ဆေးခန်းထဲထိ ဘယ်သူလိုက်မှာလဲ။ ပြီးတော့ အရှင်းဆုံးပြောရရင် ကိုယ့်အစ်ကို အသုံးမကျပေမဲ့ ကိုယ်က ကြည့်မနေနိုင်ဘူး။ ဒီကိုယ်ဝန်က သူနဲ့ရတာလေ။ ဒရိုင်ဘာနဲ့ရတာမှ မဟုတ်တာ"

လင်း ပါးစပ်များလည်း လူရှိန်းနှစ်ဦးနှင့် နေလာမှတော့ ဒီလောက် ထွက်လာတာ မဆန်း။ တံငါနားနီးတံငါ မဟုတ်လား။

မနန္ဒာကတော့ ထုံးစံအတိုင်း ညှိုးညှိုးငယ်ငယ်ကလေး ကြိုးစား ပြုံးကာ အားနာနေပြန်သည်။ လင်းကတော့ ကိုကြီးပြန်လာလျှင် ပြောဖြစ် အောင်ပြောမည်ဟု တေးထားလိုက်၏။ ပြောမရလျှင်တော့ ကိုယ်တစ် လှည့်၊ မေမေတစ်လှည့် တာဝန်ယူရှာသာ။ တကယ်တော့ လောကမှာ တာဝန်ယူတတ်သူသာ တာဝန်များတတ်ပြီး တာဝန်မယူတတ်သူအတွက် ကတော့ အင်မတန် ဝန်ပေါ့လှသည်။

ဆေးခန်းက ပြန်လာတော့ စိုးထွေးတို့က လာသွားပြီ။ သို့သော် ကိစ္စမရှိ။ တနင်္ဂနွေနေ့ပြန်လာဦးမည်ဟု မှာသွား၏။ ကိစ္စရှိသည်က မင်းဆန္ဒစိုးဟူသော ကိုယ့်အစ်ကိုပင်။

"ဘယ်လျှောက်သွားနေကြတာလဲ"

မေးပုံကိုပဲ ကြည့်ပါ။ ဒီလောက် (၇)လကျော် (၈)လထဲဝင်နေသော ဗိုက်နှင့် ဘယ်သူကမှ လျှောက်လည်နေမည် မဟုတ်တာ သိသင့်သည်။

"ဘယ်သွားရမှာလဲ ဆေးခန်းပေါ့"

ကိုယ်ကသာ ဒီလိုလေသံနှင့် ဖြေတာပါ။ မနန္ဒာကတော့…

'မနက်က ကို့ကို ပြောထားခဲ့သားပဲ'ဟု လေသံကလေးနှင့် ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



''သြော်…ဟုတ်သားပဲ။ မေ့နေလိုက်တာ။ ဟိုမှာ ဘီလီယက်ထိုး တာ အရှိန်ရနေလို့''

''ဟင်…ဘီလီယက်နဲ့မိန်းမ ဘယ်ဟာက ပိုအရေးကြီးတာလဲ''

လင်းကပင် မနေနိုင် မထိုင်နိုင် ပြောမိပြန်၏။

''နင့်အလုပ် မဟုတ်ပါဘူး လင်း။ နင် အချွန်နဲ့ ဝင် မ,မနဲ့''

''အချွန်နဲ့ မ စရာအကြောင်း မရှိဘူးကိုကြီး။ ကိုကြီးဘက်က မှန်ကန်နေရင် ဘာပြောစရာလိုလဲ''

''ခုကော ငါက ဘာမမှန်မကန် လုပ်နေလို့လဲ''

''ဒါတော့ ကိုယ့်ဟာကိုယ် အသိဆုံးပါ''

''အေး…ငါ့ဟာငါ ဘီလီယက်ထိုးနေတာ။ မဟုတ်တာ မမှန်တာ လုပ်နေတာ မဟုတ်ဘူး။ ပြီးတော့ ဒရိုင်ဘာ ငှားထားတာပဲ။ ငါမရှိတော့ ကော ဘာဖြစ်စရာအကြောင်း ရှိလို့လဲ။ နင်တောင် လိုက်ပို့စရာ မလိုဘူး''

မင်းဆန္ဒစိုးခေါ် စကားကြောင့် လင်း ပိုစိတ်တိုသွားရသည်။ သို့သော် လေသံ ခပ်ပျော့ပျော့၊ မျက်နှာထားမထီတရီနှင့်ပင် မေးခွန်းတစ်ခု ကို ပြန်မေးလိုက်ရာ မင်းဆန္ဒစိုး ပိုဒေါကန်သွားရတော့၏။

''အဲဒီကိုယ်ဝန်က ဒရိုင်ဘာနဲ့ရတာမို့လို့လား''

''ဘာကွ…ဘာ မိလင်း နင် တော်တော် ရိုင်းပါလား''

''ရိုင်းတယ် ဟုတ်လား။ ဒရိုင်ဘာဆိုတာ ကိုယ့်သွေးသား မဟုတ်ဘူး ကိုကြီး။ ဒီဗိုက်ထဲက ကလေးက ကိုကြီးရဲ့သား၊ သမီး။ လင်းတို့ရဲ့ တူ၊ တူမ၊ မေမေ့မြေး ဖြစ်လာမှာ။ လင်းတို့မှာပဲ တာဝန်ရှိတယ်။ သူ့မှာ တာဝန်မရှိဘူး။ တာဝန်ရှိရက်နဲ့ မယူတဲ့လူတွေကြောင့် တာဝန်မရှိဘဲ တာဝန်ယူလိုက်ရတဲ့ အဖြစ်မျိုး လင်း အဖြစ်မခံနိုင်ဘူး။ လင်းကတော့ ရှက်တတ်တယ်။ တာဝန်မဲ့ရမှာကို ရှက်တယ်''

''ရှက်ရင် လဲသေလိုက်။ ငါ့ကို ဘာမှ လာမပြောနဲ့''

''ပြောစရာရှိတာတော့ ပြောရမှာပဲ''

''နင်အကြီးလား ငါအကြီးလား''

ထိုစကားကြောင့် လင်း ထရယ်ပစ်လိုက်သည်။ ကိုကြီးကတော့ သူ့ကို လှောင်ရယ်သည်ဟုပဲ ထင်ပေလိမ့်မည်။ ကိစ္စမရှိပါ။



''အသက်က အရေးမကြီးပါဘူး ကိုကြီးရယ်။ အသက်နဲ့အနိုင် မကျင့်ချင်ပါနဲ့။ အသက်ကြီးတိုင်းလည်း လေးစားစရာ မကောင်းသလို လူငယ်တိုင်းကလည်း ကလေးမဆန်ကြပါဘူး။ တာဝန်သိကြပါတယ်''

ဘာပြန်ပြောရမှန်း မသိတော့သဖြင့် ကိုကြီးဒေါပွကာ ဘေးရှိ ကြိမ်ခုံပုကလေးကို ကန်ပစ်လိုက်ရာ စားပွဲခုံ(side table)လေးပေါ် တင် ထားသော ဖေဖေ့ပုံက ပြုတ်ကျ၏။ လင်းက ဘာသိဘာသာပင် မကောက်ပေးဘဲ နေလိုက်သဖြင့် မနန္ဒာက သွားကောက်သည်။ ပြီး…

''ကဲ…ကဲ…တော်ကြပါတော့။ ဘာမှလည်း မဟုတ်ဘဲနဲ့။ ဒီမှာ ပြုတ်ကျကုန်ပြီ''

ဒီလောက် သူ့အတွက် စကားများနေကြတာကိုပင် 'ဘာမှလည်း မဟုတ်ဘဲနဲ့'လို့ ဖြည်ဖြည်ပြော ပြောပေးနိုင်နေသေးသော မနန္ဒာကိုလည်း လင်း စိတ်ပျက်အံ့သြရ၏။

ထိုအခါကျမှ ကိုကြီးက အကွက်တွေ့သွားသလိုနှင့်---

''နင့်ဘာသာနင် ဖေဖေ့ကို မကျေနပ်ခဲ့တဲ့မြာဉ်က ငါ့ဘက်လည်း မလာနဲ့''

''မလှည့်ပါဘူး။ သူ့ဘာသာသူ တည့်တည့်လာရပ်ပြီးမှ ဒီမှာ ကိုကြီး''

''ဘာလဲ''

''မကြာခင် ကိုယ်က သမီးမွေးမလား၊ သားမွေးမလားမသိ မွေးတော့မှာ။ သမီးမွေးခဲ့ရင် ခု မနန္ဒာကို ကိုကြီးအနိုင်ကျင့်သလို ဖေဖေက မေမေ့ကို အနိုင်ကျင့်သလိုကျင့်မှာ မကြောက်ဘူးလား''

လင်းစကားက ထိထိမိမိရှိလှ၍ မနန္ဒာက မျက်လုံးပြူးသွားသော် လည်း လင်းအစ်ကိုတော်ကတော့ မဖြုံရေးချမဖြုံ။

''အဓိပ္ပါယ်မရှိတာ မိလင်းရယ်။ ဘာလဲကွ နင်က 'ဝဋ်'လို့ပြောဦး မလို့လား။ အားလုံးက ကိုယ့်လမ်းကိုယ်သွားရမှာပဲ။ ငါမပူဘူး။ ဖေဖေ ကြောင့် ငါဘာဝဋ်ခံရလဲ၊ နင်ဘာဝဋ်ခံရလဲ။ အလကားပါဟာ ဖြစ်မှာကို များ တွေးကြောက်မနေနိုင်ပါဘူး။ နင်အယုံအကြည်ရှိရင် နင့်ဘာသာ။ ငါက တော့ အယုံအကြည်လည်း မရှိဘူး။ ခံရစရာအကြောင်းလည်း မရှိဘူး''

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဖေဖေနှင့် ကိုကြီးလို လူများသည် ဟောရင်းနှင့် ဟောသည့်သူကသာ ပျံလွန်တော် မူသွားမည်။ တရားမရနိုင်ကြသည့်လူများ ဖြစ်သည်။ လင်းကတော့ အရှုံးမပေးနိုင်ပါ။

''အင်းလေ…မယုံလည်း စောင့်ကြည့်ပေါ့။ ခုဆို သိကြားမင်းရဲ့ ခွေးရေပုရပိုဒ်က သိပ်မကျန်တော့တဲ့အတွက် ဝဋ်တွေက ဘဝတောင် မကူးကြတော့ပါဘူး။ ချက်ချင်း ခံကြရတာပါပဲ''

''ကဲ…ကဲ…လာကို။ ညီမလေးလင်းလည်း ပင်ပမ်းနေပြီ။ သွားနားတော့နော်။ လာ ကို့ကို နန္ဒာ ပြောစရာရှိသေးတယ်''

မနန္ဒာက အတင်းကြားဝင်ဖြန်ဖြည်ကာ ကိုကြီးကို ခေါ်ထုတ်သွားမှ လင်း အမောပြေရတော့၏။ မေမေ ပြန်လာတော့ မေမေ့ကို ဖြစ်ကြောင်း ကုန်စင် ပြောပြရသေး၏။

''သမီးရယ်…ဒါများ ရောဂါအတက်ခံပြီး စကားများနေသေးတယ်။ မေမေလည်း ဒီသားနဲ့ဒီသမီးကို ဒီလိုပဲ မွေးခဲ့ရတာပါ''

''မဟုတ်သေးပါဘူး၊ မေမေရယ်။ သဘာဝ မကျလိုက်တာ''

''သမီး…ဆေးခန်းမှာရော တွေ့ခဲ့လား။ ကိုယ်ဝန်သည်တိုင်း ယောကျ်ားကိုယ်တိုင် ဖေးဖေးမမလိုက်ပို့ပေးတာက တစ်ရာမှာ ဆယ် ယောက်တောင် ရှိပုံ့မလားဘဲ။ တစ်ယောက်တည်း ဒါမှမဟုတ် မိန်းမဖော်နဲ့ လာကြတာချည်းပဲ''

''ဒါ သူတို့ ကျေနပ်လို့လေ''

''ဩော်…မေမေရယ် ကျေနပ်တယ် ဟုတ်ပါ့မလား။ 'ခန္တီ' တိုင်းဟာ 'သည်းခံခြင်း'မှ မဟုတ်တာ။ အားမတန် မာန်လျှော့ ဆိုပြီး စိတ်လျှော့သည်းခံရတာလည်း ရှိမှာပေါ့။ ဒါတွေက 'လေဥ'တွေမှ မဟုတ် ဘဲ မေမေရယ်''

''ကြံကြံဖန်ဖန် သမီးရယ်။ သမီးက ဒီလောက်တွေးနေမှတော့ အပျိုကြီးပဲ ဖြစ်မှာပါပဲ''

ထိုစကားကိုတော့ လင်း ဘယ်လိုမှ မတုံ့ပြန်မိတော့။ တိတ်ဆိတ် စွာ မေမေ့အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။ ကိုယ့်အခန်းထဲ ကိုယ်ပြန် ရောက်မှပင် လင်း ထိန်းထားခဲ့သော သက်ပြင်းမောကြီးကို ချခွင့်ရတော့၏။





လင်း ကျန်မာရေးအခြေအနေက အတော်ကြီး တိုးတက်နေခဲ့သည်ဆိုသော် လည်း လူပင်ပန်းစရာအကြောင်းက လုံးဝမရှိဘဲ စိတ်ပင်ပန်းစရာ အကြောင်းချည်း ရှိနေခဲ့သည်။

သီချင်းနားမထောင်ဖြစ်သည်မှာ ကြာပြီဖြစ်၍ အခန်းမီးကို ပိတ်ကာ နားကြပ်နှင့် သီချင်း နားထောင်ရန် ပြင်လိုက်သည်။

ကြားလိုက်ရသော သီချင်းက ' Sound of Silence '။

ဒီလိုပါပဲ။

လင်းဘဝတွင်လည်း အမှောင်ထုသည်သာ မိတ်ဆွေဖြစ်ခဲ့သည် မှာ ကြာပါပြီ။

တကယ်တော့ သိပ်သည်းသော အမှောင်ပင် အလင်း၏အရင်း အမြစ် ဖြစ်နေနိုင်သည်ဟု မျှော်လင့်ခွင့်ရှိသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



III

Lemon tree, very pretty
And the lemon flower is sweet
But the fruit of the poor lemon
it isn't possible to eat.

'Lemon tree'
by 'Peter, Paul & Mary'

Don't forget to remember me
And the love that use to be
I still remember you, I love you
In my heart lies a memory
To till the star above
Don't forget, to remember me, my love.

Don't forget to remember
by Bee Gees

www.burmeseclassic.com

www.burmeseclassic.com



''ဟင် နင်က ဘာလို့ 'သိသု'ဆိုတဲ့နာမည်ကို သုံးရတာလဲ''

ကဗျာကို ဖတ်ပြီးသောအခါ စန္ဒီက မေး၏။

''ဟဲ့...အဲဒါ ကလောင်နာမည်ပေါ့''

လင်း ဖြေခြင်းမဟုတ်ပါ။ စိုးထွေးက ဆရာကြီးလုပ်ကာ ဝင်ပြောလိုက်ခြင်းဖြစ်၏။

''ဟဲ့...ဒါတော့ သိတာပေါ့။ အဓိပ္ပါယ်က ဘာလဲ''

''ဪ...အဲဒါ 'ကလေးလေး'လို့ အဓိပ္ပါယ်ရတယ်''

လင်းက ရှင်းပြရ၏။ သို့သော် စန္ဒီက ဘဝင်မကျနိုင်သေး။

''ဟင်း...အဓိပ္ပါယ်ကတော့ မဆိုးပါဘူး။ ဒါပေမဲ့ဟယ်...''

''ဒါပေမဲ့ ဘာဖြစ်လဲ စန္ဒီရဲ့''

''ဘာဖြစ်ရမှာလဲ။ လင်းသူရိယန္တယ်ဆိုတဲ့ နာမည်ကမှ ကောင်းဦးမယ်။ လှလည်းလှတယ်၊ မာလည်း မာတယ်''

''ဟင်းဟင်း...ဟုတ်တယ်။ စန္ဒီပြောတာ မှန်တယ်''

စိုးထွေးကပါ ဝင်ထောက်ခံနေသဖြင့် လင်း ရှင်းပြတော့၏။

''အဲဒီ 'လင်းသူရိယန္တယ်'ဆိုတဲ့နာမည်က နာမည်တူရှိနေတယ်''

''နာမည်တူရှိနေတယ် ဟုတ်လား''

စိုးထွေးကော စန္ဒီကပါ တအံ့တဩ။ သူတို့ထင်ထားတာက နှစ်ယောက်မရှိနိုင်ဟု တွေးထင်ထားပုံရသည်။ အရင်ကတော့ လင်းကိုယ်တိုင်လည်း ဒီလိုပဲ တွေးခဲ့ဖူးသည်ပဲ။

''ဟုတ်တယ်...ကဗျာရေးတာလေ။ ခုတော့ မဂ္ဂဇင်းတွေမှာ မတွေ့ရတော့ပြန်ဘူး''

''ဘာဖြစ်လဲဟယ်...နင်က နာမည်အရင်းပဲ''

''နာမည်အရင်းပေမဲ့ သူက စာစရေးကတည်းက သုံးတာ။ ပြီးတော့ ငါ့ထက်ဦးတယ်လေ''

''အင်းလေ...ဟုတ်သားပဲ၊ နှမြောစရာတော့ ကောင်းတယ်နော်''

''ဒါတော့ဒါပေါ့။ ဒါပေမဲ့ ဘာမှ လုပ်လို့ရတာမှ မဟုတ်ဘူး။ ဒါမျိုးရှိဖူးတယ် သိလား''

''ဟုတ်လား...ဘယ်လိုလဲ''



www.burmeseclassic.com

www.burmeseclassic.com



ခု ကြီးလာမှ စပ်စုတတ်လာသော စန္ဒီက မေး၏။

''ဪ...လုံမငြိမ်းချမ်းဆိုတဲ့ ကလောင်နာမည်ကို နာမည်ရင်းရှိတဲ့လူက ကန့်ကွက်တာလေ''

''ဟယ်...နာမည်လေးက ချစ်ရာလေး''

စိုးထွေးကတော့ ထိုသို့ ဝင်ကာ မှတ်ချက်ချ၏။

''ဒါပေမဲ့ နာမည်ရင်းပိုင်ရှင်က စာမှ မရေးသေးတာ။ ဟိုကလောင်ရှင်က ရေးနေတာ လူသိများနေပြီ။ ဒီတော့ ငါ့လိုပဲ နှမျောရုံက လွဲလို့ ဘာမှ လုပ်ခွင့်မရှိဘူးပေါ့''

''အင်းလေ...အံ့မယ် ထားပါ။ စကားတွေက လွဲကုန်ပြီ''

စိုးထွေးက မျက်လုံးပြူးကာ ဝင်ပြော၏။

''ဟင်...ဘယ်ကို လွဲကုန်တာလဲ''

''ကဗျာအကြောင်းကနေ ကလောင်နာမည်ရောက်သွားတာလေ''

''အဲဒါက နင်တို့ဘာသာ ပြောတာပဲ။ ငါက ပြောချင်လို့ လွဲပြောတာမှ မဟုတ်တာ''

''အင်းလေ...ဟုတ်ပါပြီ။ ကဗျာအကြောင်း ပြောပါဦး''

''ဘာပြောရမှာလဲ''

ထိုအခါကျမှ စိုးထွေးနှင့်စန္ဒီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ အဖြေရသွားဟန်ရှိသော စန္ဒီက...

''ကဲကဲ...ငါ အရင်မေးမယ်''

''မေးရင်မေးပါ။ ဖြေတာ မဖြေတာက ငါ့အပိုင်းပဲ''

''ဘယ်ရမလဲကွာ။ လာရိုကင်းထက်သာအောင် မေးပြမယ်...ဟဲဟဲ...''

''အရေးထဲ မန္တိုင်းကောင်းမယုဉ်သာ ဟိုကကြားရင် ကိုယ့်ကိုယ်ကို သတ်သေသွားဦးမယ်''

စိုးထွေးက ဝင်ပြီး ထောပနာပြု၏။

''ဒီကဗျာကို ဘာလို့ရေးရတာလဲ''

''ရေးချင်လို့''

စန္ဒီ မျက်မှောင်ကြုတ်သွားကာ စိုးထွေးက ပြုံးစိစိလုပ်၏။





''ဟုတ်ပြီ...ဘာလို့ ရေးချင်ရတာလဲ''

''မင်း သေတဲ့နေ့ကို အမှတ်တရဖြစ်စေချင်လို့''

ထိုအခါကျမှ စိုးထွေးက မနေနိုင်မထိုင်နိုင် ဝင်ပြောတော့၏။

''ဟဲ့...သူရိန်က သေမှ မသေတာ''

''မင်းက သေတယ်''

''မိန်းမ နင် စကားကို မကပ်နဲ့''

''မကပ်ပါဘူး''

''ဒါဆို ငါ ထပ်မေးမယ်''

စန္ဒီက ဖွဲမလျော့သေးဘဲ မေးပြန်၏။

''ကဗျာကို ဖတ်မိတဲ့သူကတော့ သူရိန်တကယ် ကားမှောက်သေသလိုပဲ''

''ကားက တကယ်မှောက်ခဲ့တာ''

လင်း ကပျာကယာဝင်ရှင်းမိသည်။

''ဟုတ်ပါတယ်...သူတို့ ပဲခူးက အဘွားဆီ သွားနှုတ်ဆက်တယ်။ အပြန်မှာ ကားမှောက်တယ်မှန်တယ်။ မှားတာက ဘယ်သူမှ မသေတာ''

စိုးထွေးက အောင်နိုင်သူလေသံနှင့် ဝင်ပြောပြန်သဖြင့် စန္ဒီက လက်ကာကာ...

''နေဦး...ငါ့စကားမှ မဆုံးသေးတာ''

''ဒါဆို ဆက်...''

''ဆက်မယ်... မသိတဲ့သူတွေအတွက်ကတော့ သူရိန်ကားမှောက်လို့သေတာကို ရေးထား၊ လွမ်းထားသလိုပါပဲ။ ဒါပေမဲ့ ဒါကို မဟုတ်မှန်းသိနေတဲ့ နင်က ဘာလို့ရေးရတာလဲ၊ ကိုယ့်ကိုယ်ကို သတိပေးနေတာများလား''

စန္ဒီ့မေးခွန်းက အတော်လေးတော့ အကွက်ကျနေသဖြင့် လင်းဘာ ဖြေရမှန်းမသိ ဖြစ်သွားရသည်။ စိုးထွေးကတော့ လင်းနှင့်စန္ဒီကို တစ်လှည့်စီ အကဲခတ်နေ၏။ လင်း သက်ပြင်းကို ချလိုက်သည်။ ပြီးမှ

''ဟုတ်ရင်ဟုတ်မှာပေါ့''

''ဟင်...ဟုတ်ရင်ဟုတ်မှာပေါ့ မလုပ်နဲ့လေ၊ ဟုတ်ရင်ဟုတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် မဟုတ်ဘူး။ ဒါပဲလိုချင်တယ်''

''အေး...ဟုတ်တယ်''

စိုးထွေးကပဲ ဝင်ထောက်ခံ၏။

''ကဗျာပဲဟာ...ရေးချင်သလိုရေးတာပေါ့။ ဘာကြောင့်ရယ်ရှိရဦးမလား။ ကိုယ့်ကိုယ်ကို သတိပေးဖို့ရယ် ရှိရဦးမလား''

လင်း မေးခွန်းမှ လက်တစ်လုံးခြား ရှောင်လိုက်ရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။ စန္ဒီက တည့်တည့်စူးစူးကြည့်ကာ...

''ဒါ အနုပညာအကြောင်း၊ ကဗျာအကြောင်း ဆွေးနွေးနေတာ မဟုတ်ဘူး မယ်လင်း။ ဒီကဗျာနဲ့ပတ်သက်တဲ့ သူရိန့်ကိစ္စ၊ နင့်ကိစ္စကို ဆွေးနွေးနေတာ''

''ဒါက ဘာဆွေးနွေးစရာရှိလို့လဲဟာ''

''ရှိတာပေါ့ဟ''

ထိုအခါကျမှ စိုးထွေးက စိတ်မရှည်တော့သလိုနှင့်...

''ကဲ...စန္ဒီကင်းရယ် တော်ပါတော့၊ တည့်တည့်ပဲမေးပါ။ သူရိန့်ကို သေပြီလို့ သတ်မှတ်ပစ်လိုက်ရလောက်အောင် သူရိန်က နင့်ကို ဘာဖြစ်မှုများ ကျူးလွန်ခဲ့လို့လဲ''

''ကျွတ်...ဒုက္ခပဲ။ ငါ ပြောပြီးပြီလေ...သူက ငါ့ကို စပြီး သူငယ်ချင်းစာရင်းက ပယ်လို့ပါဆို''

''မဖြစ်နိုင်တာ''

''အေးလေ...လုံးဝ မဖြစ်နိုင်ဘူး''

စန္ဒီကပါ ထောက်ခံပြန်၏။

''ရော်...ဖြစ်နိုင်လို့ ဖြစ်ခဲ့ပြီးပြီ၊ ဒါကြောင့် ငါက ပိုပြတ်သားအောင် ဇာတ်လမ်းဖြတ်ပေးလိုက်တာ။ ခုကာမှ ဇာတ်က ပြန်ရှုပ်နေတယ်''

''ဟဲဟဲ...ရာဇဝတ်ဘေး ပြေးမလွတ်ဘူးလေ''

''မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိတဲ့ လင်းရဲ့''

တစ်ယောက်တစ်ခွန်းပြောနေကြပုံက လင်းကပဲ မကောင်းမှု ကျူးလွန်ထားသလိုလို။ နောက်ဆုံးကျ တရားခံ 'မင်း'ကိုသာ ဒေါသထွက်မိတော့၏။





''အဲဒီကောင် ခုထိ ငါ့ကို ပတ်ရှုပ်တုန်းပဲ''

''မရှုပ်ပါဘူးဟာ''

''ရှုပ်တယ်''

ထိုစဥ်မှာပင် စန္ဒီက တစ်စုံတစ်ရာကို တွေးမိသလိုလိုနှင့် ကြားဖြတ်ပြော၏။

''နေဦး...လင်း''

''အင်း...ဘာဖြစ်လဲ''

''နင် စောစောက ပြောတယ်နော်''

''ဘာလဲ''

''သူရိန်က နင့်ကို သူငယ်ချင်းစာရင်းဖျက်တယ် ဟုတ်လား''

''ဟုတ်တယ်လေ''

စန္ဒီက လက်ညှိုးလေးထောင်ကာ စဥ်းစားဟန်ပြုပြီးမှ...

''ဒါဆို မဟုတ်မှ လွဲရော''

''မဟုတ်မှတော့ လွဲပြီပေါ့ သူငယ်ချင်းရယ်''

စိုးထွေးက ဝင်နောက်သော်လည်း စန္ဒီက ဆက်ပြော၏။

''နင့်ကို သူရိန်က ရည်းစားစကား ပြောတာပဲ ဖြစ်ရမယ်''

''အဲ...''

ထိုအခါမှ စိုးထွေးလည်း မျက်လုံးလေးပြူးကာ ခေါင်းဝင်ညိတ်၏။

''အဲ...ဟုတ်တယ်...ဟုတ်တယ်၊ ဒါပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား လင်း''

လင်းရင်ထဲ တစ်ချက်တုန်ခါသွားရသည်။

ရှက်သွားတာလား၊ ထိတ်သွားတာလား။ ကိုယ့်ဘာသာကိုယ်ပင် ဘာဖြစ်မှန်းမသိ။

လူက ငြိမ်သက်နေလျက် ရင်ထဲက မငြိမ်မသက်ဖြစ်နေတာကတော့ သေချာသည်။

လင်းက ငြိမ်နေသဖြင့် စန္ဒီက ပခုံးကို ဆတ်ခနဲပုတ်ကာ...

''ဟုတ်လား...ဖြေလေ လင်း''

လင်း သက်ပြင်းရှည်ကြီးကို ခပ်လေးလေးချကာ ခေါင်းပဲ ညိတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အားလုံး နားလည် သဘောပေါက်သွားပြန်တော့လည်း ကိစ္စက မပြီးပြတ်သေးပါ။ စန္ဒီက မကျေမနပ်ကလေး မျက်မှောင်ကြုတ်ကာ မေးပြန်၏။

''ဟုတ်တယ်...ဟုတ်လား''

''ဟုတ်တယ်''

''နေပါဦးအဲဒီအပြစ်က တော်တော်များကြီးလို့လားမရှေလင်းရယ်''

ဒီလိုကျတော့ လင်း မဖြေချင်။ လင်း သတ်မှတ်ချက်နှင့် သူတို့ သတ်မှတ်ချက် တူမှာမှ မဟုတ်တာ။ စိုးထွေးကပါ ဝင်ထောက်ခံသည်။

''ဟုတ်သားပဲ လင်းရယ်။ ဒီလောက်လေးနဲ့ အပြစ်က ကြီးလိုက်တာ။ ချစ်ဘာဟာ မတရားသဖြင့်ကိစ္စလည်း မဟုတ်ဘူး။ အပြစ်လည်း မဟုတ်ဘူးလေ''

''နှင်တို့ နားမလည်ပါဘူး။ သူက သူငယ်ချင်းစည်းကို ဖောက်တာ''

''ဟဲ့...ဒါကတော့ ဒါပေါ့။ ဒါပေမဲ့ သူရိန်က နှင့်ကို တကယ်ချစ်တာပဲ။ သူ့မှာ ပြောပိုင်ခွင့်ရှိသလို နှင့်မှာ ငြင်းပိုင်ခွင့် ရှိတယ်လေ။ အဲ ခုလို နှင်လုပ်တာကတော့ နှင် တရားလွန်ရာကျတယ်''

လင်း လွန်တာတော့ လင်းသိပါသည်။ သို့သော် လင်းမှာကလည်း ကိုယ့်ခံစားချက်နှင့်ကိုယ်။ လင်း စိတ်ရှုပ်လာမိ၏။

''တော်ပြီဟာ...စိတ်ရှုပ်လာပြီ။ နင်တို့က ငါ့ကို မတရားဘူး သတ်မှတ်ရင်လည်း ငါခံမှာပဲ။ အဲဒီအတွက်လည်း ငါ့မာနတွေမပါရင် တစ်ခါတစ်ခါ နောင်တရချင်ပါတယ်၊ ဒါပေမဲ့ ငါ့မှာလည်း ငါ့ခံယူချက်နဲ့ငါ ငါ့ခံစားချက်နဲ့ငါပါ''

ထိုစကားကြောင့် စန္ဒီနှင့်စိုးထွေး ငြိမ်သွား၏။

အကောင်းငြိမ်ခြင်းတော့ မဟုတ်တန်ရာ။ လင်းကို နားလည်ပေးရန်တော့ သူတို့ကို လင်း မတရား မတောင်းဆိုလို။ သူတို့ခံယူချက်နှင့် သူတို့ မဟုတ်လား။ ပြီးတော့ သူတို့က နှစ်ဦးလုံး၏ သူငယ်ချင်းများလည်း ဖြစ်နေသေးသည်လေ။

''တကယ်တော့ အချစ်ဆိုတာ မစားကောင်းတဲ့ အသီးပါ။



ဝေးဝေးနေလေ၊ အေးချမ်းလေလို့ ငါက ထင်တယ်။ များရင်လည်း များမှာပေါ့။ ဒါပေမဲ့ ငါ့အတွက်ကတော့ မှန်တယ်။ စစ်မှန်တဲ့ အဖြူရောင် ခင်မင်မှုနဲ့ပဲ ငါက နေသွားချင်တယ်''

သူတို့ကို Lemon tree ဆိုသော သီချင်းလေးတော့ ဖွင့်မပြလိုက်တော့ပါ။ ကမ္ဘာပေါ်တွင် Lemon tree များသာ ပေါက်ရောက်ရှင်သန်ကြသည်မှ မဟုတ်ဘဲ။ သို့သော် မမြင်ရသော ကံကြမ္မာက ကိုယ့်ကို ဘယ်စိုက်ခင်းများဆီ ခေါ်ဆောင်သွားမလဲမှ မသိနိုင်တာ။

အစိမ်းရောင်များသည် ရိတ်သိမ်းမရနိုင်သော ပျိုးပင်များဖြစ်နေနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



# IV

**Friend, I'm feeling lonely now**
**I need to find another way**
**Why is there no reason now**
**To believe in what's that people say.**

**Theme song of**
**'Princess & Photographer'**



ဆေးရုံမှ ဓါတ်လှေကားကို မစောင့်နိုင်တော့သဖြင့် လင်း လှေကားမှ ပြေးဆင်းခဲ့လိုက်သည်။ စိတ်သောကများစွာ ခံစားထားရပြီး လူပါ ပန်းနေခဲ့သော လင်း အောက်မရောက်ခင်မှာပင် မူးချင်လာ၏။ လူတွေက လှေကားကို အသုံးပြုတာ နည်းကြတာမို့ လှေကားမှာက လူပင်မရှိ။

"လင်း..."

ခေါ်သံတစ်ခုကို နောက်ဆုံး ကြားလိုက်ရပြီး လင်း မွေ့ခနဲ လဲကျသွားသည်။

လင်းသတိရလာတော့ ကုတင်ပေါ်မှာ။

ဘေးမှာ ဝိုးတဝါးတွေ့နေရသော မျက်နှာများကို ကြည့်တော့ မေမေ၊ စိုးထွေး၊ စန္ဒီနှင့်ဒွေးမြင့်။

"ဟင်...ဒွေးမြင့်"

လင်း တအံ့တသြလေသံလေးနှင့် ခေါ်မိ၏။ မတွေ့ရတာ ကြာပဲကြာလှပြီပဲ။

"ဟုတ်တယ်...ဆေးရုံမှာ နင့်ကို ဒွေးမြင့်က တွေ့လာတာ"

"ခုကော ငါဘယ်မှာလဲ"

"ဆေးရုံမှာပဲ"

လင်း စိတ်ညစ်ညူးစွာ ထထိုင်ရန် ကြိုးစားမိ၏။

"မထနဲ့ သမီး...မထနဲ့"

www.burmeseclassic.com

www.burmeseclassic.com



မေမေက တား၏။ ဒွေးမြင့်ကလည်း…

'အေးလေ…လှဲနေတာ မဟုတ်ဘူး'ဟု ဆို၏။

''မဟုတ်ဘူး။ ဟိုမှာ သမီးလေး၊ ပြီးတော့ မနန္ဒာ''

အားလုံးက ထိုအခါကျမှ မေမေနှင့်လင်းကို စူးစမ်းသလို ကြည့်ကြတော့၏။

''ကလေးက ကျန်းမာရေးကောင်းတယ်။ Special nurse နဲ့ ထားခဲ့တယ်။ နန္ဒာ့ကိစ္စတော့ မေမေရုံးတချို့ကို ခေါ်ပြီး စီစဉ်ခိုင်းလိုက်မယ်။ သမီးဘာမှ မပူနဲ့''

''ကိုကြီးကရော''

''မသိဘူး…ပြန်ထွက်သွားတာပဲ''

''ကွတ်…စိတ်ပျက်စရာ''

အားလုံးက မေမေနှင့် လင်း အပြန်အလှန်ပြောနေသည်များကို [illegible] နားထောင်နေကြ၏။ မေမေထွက်သွားမှ…

စန္ဒီက…

''မနန္ဒာမွေးပြီလား''

''အင်း…''

ခေါင်းညိတ်ပြလိုက်ရ၏။

''ဘာလေးလဲ''

''မိန်းကလေး''

''ဟယ် ကောင်းတာပေါ့''

''မကောင်းပါဘူးဟာ''

လင်း တိုးတိုးလေးညည်းမိသည်။ အားလုံးက မျက်လုံးပြူးကာ ဘာလို့လဲဟု မေးကြ၏။

''မနန္ဒာဆုံးပြီ''

''ဘာ…''

''ဟင်…''

'ဟာ…တကယ်''

သူတို့သုံးယောက် အံ့သြသွားကြ၏။ စိုးထွေးကတော့…





''ဘယ်လိုဖြစ်ရတာလဲဟာ…ကလေးမွေးရင်းနဲ့လား''

''ဆိုပါတော့ဟာ''

''ဖြစ်မှ ဖြစ်ရလေ''

စန္ဒီက စုတ်တသပ်သပ်နှင့်။

''ညတည်းက မနန္ဒာက ဗိုက်နာလို့ ဆေးရုံသွားမလို့ဟာ။ သူ့ယောကျ်ားစောင့်နေတာ မလာမလာနဲ့ ကိုယ့်ဘာသာကိုယ်ပဲ အတင်းချော့မော့ဆေးရုံခေါ်ခဲ့ရတယ်။ ဒီရောက်တော့ ကလေးက ခွဲမွေးရမယ်ဆိုလို့ လက်မှတ်ထိုးမယ့်အဖေတောင် မရှိဘူး။ မေမေပဲ ထိုးပေးရတာ။ နောက်… မနန္ဒာအမေ ရောက်လာတယ်။ ခွဲပြီးတော့ ကလေးကတော့ ကောင်းပေ… မနန္ဒာက မွေးပြီး ၄၅ မိနစ်မှာ ဆုံးသွားတယ်''

စန္ဒီက 'နင် မောနေဦးမယ်'ဟု ဆိုသော်လည်း 'လင်း'ပြောချင်နေမိသည်။ ရင်ထဲမှာ တင်းကြပ်ပိတ်ဆို့နေသလို ခံစားနေရ၍ ဖြစ်သည်။

''မိန်းမဆုံးပြီး ဆယ့်ငါးမိနစ်မှ ယောကျ်ားလုပ်တဲ့လူက ရောက်လာပြီး ဆေးရုံကို မူးမူးနဲ့ ပြဿနာရှာတယ်လေ။ ငါနဲ့မေမေမှာ အဲဒါတွေ ရှင်း၊ အသုဘကိစ္စလုပ်ဖို့ တိုင်ပင်ရ၊ ကလေးကိစ္စတာဝန်ယူရနဲ့။ ခုနက ငါဆင်းလာတာ မနန္ဒာကို အအေးတိုက်ပို့ဖို့ စီစဉ်ပေးမလို့''

''ဩော်…ဒါကြောင့် နင် ဒီလိုဖြစ်သွားတာကိုး''

ဒွေးမြင့်က မှတ်ချက်ချ၏။ စိုးထွေးကမူ…

''နင် နေကောင်းနေတာ ကြာပြီပဲနော်၊ ခု တစ်ခါပဲ ဆေးရုံရောက်သေးတယ်''

ထိုစကားကြောင့် စန္ဒီက…

''ဘာလဲ နင်က ခဏခဏရောက်စေချင်လို့လား''

''အာ…မဟုတ်ပါဘူး''

စကားမှားသွားသော စိုးထွေးကို အားလုံးက ရယ်မိကြ၏။

''ငါတို့ကကော ဘာကူညီပေးရဦးမလဲ''

ဒွေးမြင့်က လူကြီးဆန်စွာ မေးသည်။

''အေးဟာ…မေမေ့ကို ကူနိုင်တာကူပါဦး။ ခုလို မပြီးခင်ကတော့ လုပ်စရာတွေများ။ လူက စိတ်ညစ်နဲ့ မင်းကိုတောင် သွားသတိရသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



သိလား။ သူသာဆို ဘေးမှာ ငါ့ကို ကူပေးမှာလို့''

စိုးထွေးက တဖက်လှည့်ကာ ပြုံးစိစိလုပ်၏။ စန္ဒီက မျက်စောင်းထိုးကာ…

''ဒီလိုကျ သတိရတတ်သလား''

''ရတတ်ပါတယ်ဟာ သူငယ်ချင်းတွေပဲ''

''သေတဲ့သူက သေပြီ နင်တို့ကလဲ''

ဒွေးမြင့်က ဘုမသိဘမသိ ဝင်ပြောသဖြင့် အားလုံး ရယ်ကြရသေး၏။ ပြီးမှ ဒွေးမြင့်ကို စန္ဒီက ရှင်းပြ၏။ လူအေး ဒွေးမြင့်ကတော့ လင်းကို ဘယ်လိုမှ မဝေဖန်ပါ။ မင်း မသေသေးတာကို သိရတာပင် ဝမ်းသာနေပုံရသည်။

သူတို့မေမေ့ကို ကူရန်၊ အိမ်မှာ ကူရန် ပြန်သွားကြသည်။ ညနေ ညှိချိန်ကျ သူတို့ရောက်လာပြန်၏။ သို့သော် လင်းက မရှိ။ ကလေးအခန်းသို့ ရောက်နေချိန်ဖြစ်သဖြင့် သူတို့ ရှာကြရသေးသည်။

''ဟယ်…နေမကောင်းတဲ့လူက ရှာလိုက်ရတာ''

စိုးထွေးက အပြစ်တင်သံတစ်ဝက်နှင့် ပြော၏။

''ဒီမှာ သမီးလေးက တစ်ယောက်တည်းရယ်။ ဆရာမကတော့ ဂရုစိုက်ပါတယ်။ ဒါပေမဲ့ ကလေးအားငယ်နေမှာစိုးလို့''

''ဟဲ့ ဒီအရွယ်က ဘာသိမှာလဲ''

''အေးလေ…မသိတာဘဲ ကျေးဇူးတင်ရမှာပါ''

စန္ဒီက လေသံတိုးတိုးနှင့်မေး၏။

''နင့်အစ်ကိုကော''

''စောစောက မေမေဖုန်းဆက်တော့ အိမ်ပြန်ရောက်ပြီတဲ့။ မူးပြီး သောင်းကျန်းနေပြန်သတဲ့လေ''

''ဒုက္ခပါပဲ''

စိုးထွေးက ခပ်လေးလေးညည်း၏။ စန္ဒီကတော့…

''ငါတို့ပြန်လာပြီးမှ သူ ပြန်ရောက်တာပဲ ကျေးဇူးတင်ဦး။ မဟုတ်ရင် ငါတို့ပါ အရစ်ခံနေရဦးမယ်''

''အေးလေ''





အေးဆေးသော ဒွေးမြင့်ကပင် စန္ဒီ့စကားကို ထောက်ခံ၏။

''ဒီကလေးလေးကို ငါတို့ ဘယ်လို မွေးရမလဲ စဉ်းစားနေတာ မေမေက သူ့အလုပ်နဲ့သူ အားတာမဟုတ်ဘူး။ ငါကလည်း ကျောင်းတက်နဲ့။ ပြီးတော့ ကလေးပိစိကွေးလေးကို ငါမကိုင်တတ်ဘူး''

ကလေးသေးသေးလေးကို ကျွမ်းကျင်စွာကိုင်တွယ်ကာ အနီးလဲ ပေးနေသော သူနာပြုမလေးက ရယ်၏။ ပြီးမှ…

''ရပါတယ် အစ်မရဲ့။ ဒီလိုပဲကိုင်တတ်သွားမှာပါ''

''နေ့တိုင်းကြည့်ဖို့က ရှိသေးတယ်လေ''

''ဪ…ဒါက ကလေးထိန်းခေါ်ပေါ့''

စန္ဒီက ဝင်အကြံပေး၏။

''ဟဲ့…ကလေးထိန်းက ပေါက်စလေး ကြည့်တတ်ပါ့မလား''

''အမလေး…ပေါက်စလေးကြည့်တတ်တဲ့ ကလေးထိန်းက ကြေးသပ်သပ် ပေးခေါ်ရတာပါတော်''

''ဟုတ်လား ဘယ်မှာ ခေါ်ရတာလဲ''

''အလုံ ကရင်ခြံမှာလေ''

စန္ဒီ့စကားကြောင့် စိုးထွေးက တမင်မျက်လုံးပြူးကြည့်ကာ မေး၏။

''စန္ဒီ နင် ဘယ်တုန်းက မွေးလိုက်တာလဲ။ ငါတို့တော့ မသိလိုက်ရပါလား''

''သေတော့မယ် မိန်းမစုတ်နော်။ ငါ့အစ်မတွေ၊ ငါ့အစ်… သူငယ်ချင်းတွေ ခေါ်ခေါ်နေတာ တွေ့ဖူးတာပဲ။ အမေရှိတာတော့ မလုပ်တတ် မကိုင်တတ်ရင် ခေါ်ရတာ။ နင့်တူမလေးက အမေမရှိတော့ ပိုတောင် ခေါ်ရဦးမယ်''

''အေးလေ…ခေါ်မှာပေါ့။ မေမေနဲ့ ငါလည်း ဝိုင်းကြည့်မှာပေါ့ အင်း…တူမလေးက ကံဆိုးရှာတယ်။ အမေက မရှိ အဖေက အ… ရနဲ့''

''စိတ်ညစ်စရာတွေ မတွေးပါနဲ့ လင်းရာ''

ဆရာဝန်လောင်း ဒွေးမြင့်က လင်းကို ဝင်ဟန့်၏။ 'အတွေး…

www.burmeseclassic.com

www.burmeseclassic.com



တာကလည်း 'ဟန်နီ'တိုင်း ရပ်တံ့သွားတတ်သည့်အရာမှ မဟုတ်ပါဘဲ။

ဘာပဲပြောပြော ခုလိုချိန်မှာ့တစ်ချိန်က အနားတွင်ရှိကာ ဘာမဆို ဦးဆောင်လုပ်ပေးသွားတတ်သော 'မင်း'ကို သတိရနေမိတာကတော့ အမှန်ပင်။ ထို သတိရခြင်းသည် တစ်ခါတစ်ခါ ရင်ထဲစူးနစ်အောင် ခံစားရသည်ကိုတော့ လင်းသာ သိပါသည်။

လောကတွင် သူများကို လိမ်ညာရန်လွယ်သလောက် ကိုယ့်ကိုယ်ကို လိမ်ညာရန်ခက်မှန်း လင်း လက်တွေ့သိခဲ့ရပြီ။ သို့သော် အစစ်အမှန်ကို လက်ခံရန်တော့ လင်း အဆင်သင့်မဖြစ်သေးပါ။ တစ်ခါ တစ်ရံတွင် အစစ်အမှန်တိုင်းလည်း နေရာမရတတ်သည်ကို တွေ့ဖူးကြ ပါလိမ့်မည်။

လိုအပ်သည်ကတော့...

သေချာမှုတစ်ခုသာ ဖြစ်နိုင်ပါသည်။



V

Visions of you, in shade of blue
Smoking, shifting, lazily drifting
My darling, I miss you so.
Times goes by, no wonder mind
Senses go reeling, your eyes so appealing
I see, the whole night through
When will we meet again, when...when
... when

'Visions'
by
'Cliff Richard'

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ သမီးလေး(၆)လပြည့် ကင်ပွန်းတပ်ပွဲလုပ်သဖြင့် [illegible]က စိုးထွေးနှင့်စန္ဒီ လာအိပ်ကြသည်။ အလုပ်ရှုပ်တာကနည်း [illegible]ပြောတာက များများနှင့် သူတို့စကားဝိုင်းက နာရီပြန်နှစ်ချက် [illegible]

စိုးထွေးက…

''သူရိန့်ဆီက e-mail ရတယ်ကွ''

''ဘာတဲ့လဲ''

စန္ဒီက မေး၏။ ခုတလောမှ စန္ဒီက စပ်စုတတ်လာသည်။

''ဒါ နင်မေးရမှာ မဟုတ်ဘူးလေ''

''ဟဲ့…ဘယ်သူ မေးရမှာလဲ''

''လင်း…''

''ဩော်…သူနဲ့မှ ဆိုင်တာလား။ မီးနဲ့ မဆိုင်ဘူးပေါ့''

ထိုအခါကျတော့မှ မစန္ဒီတစ်ယောက် စပ်စုနေခြင်းမဟုတ်ဘဲ အတိုင်အဖောက် ညီနေကြခြင်းဖြစ်တာ သိလိုက်ရသည်။ ထို့ကြောင့် လင်းက ခပ်တည်တည်ပင်။ ကွဲကောသီးကို ဆက်၍ အခွံသင်နေလိုက်၏။ သူတို့ကလည်း လင်းကို ဂရုပင်မစိုက်။ ဆက်ပြောကြပြန်သည်။

''နင်က ဆိုင်ချင်လို့လား''

''ဘယ်သူမှ မဆိုင်ရသေးရင် ဆိုင်ချင်တာပေါ့ဟာ''



''ဘယ်သူမှ မဆိုင်ရသေးဘူးလို့တော့ ငါအာမခံမပေးနိုင်ဘူးဟ''

''ဟင်…ဒါဆို မီးမှာ မျှော်လင့်ချက် မရှိတော့ဘူးပေါ့''

''မျှော်တော့ မျှော်လင့်နိုင်ပါတယ်။ ခုထိပေါ့လေ။ အဲ… သူများတွေ ဟန်ဆောင်လိမ်ညာထားတဲ့ သူတွေ ဖုံးမနိုင်ဖိမရ ပေါ်ပေါက်လာရင်တော့ မသိဘူးပေါ့ဟာ''

လင်း မျက်စောင်းကြိတ်ထိုးမိသည်။ တည့်တည့်လည်း ဝင်မပြောရဲ။ ဝင်ပြောရင် ပိုဆိုးလာမှာ။ လင်းက အကြောင်းသိချင်းမို့ နားလည်နေသည်။

''ကဲပါ…ဒါဆိုလည်း ပြောပါ။ သူ ဘာပြောလဲ။ မျှော်လင့်နေတဲ့ သူကဖြင့် မျှော်လင့်နေပြီကို။ သူက ပြောဖို့ နှေးနေပြန်ပါပြီ''

စန္ဒီက လင်းကို မျက်စပစ်ပြကာ ပြော၏။ ဒီမိန်းမ ငယ်ငယ်ကနှင့်ကို မတူ။ စကားပိုပြောနိုင်လာသည်ဟု လင်း ကြိတ်ကာ မှတ်ချက်ချမိ၏။

''ဩော်…ပြောမှာပေါ့''

စိုးထွေးက စကားစကို ဖြတ်ရင်း ရေ ထ သောက်လိုက်သေး၏။

''အာ…သူများတကာ သိချင်လှပါပြီဆိုမှ မြန်မြန်သောက်ကွာ''

''အေးပါ…ဒီမှာ ရင်အေးအောင် ရေသောက်ရသေးတယ်''

''ဟင်…ရင်ပူရမှာက နင်လား ငါလား''

''သိဘူးလေ…တခြားလူလည်း ဖြစ်ချင်ဖြစ်မှာပေါ့''

လင်း ကွဲကောသီးကို ခပ်ဆောင့်ဆောင့်လေး ပန်းကန်ပေါ် ပစ်ချလိုက်၏။

'ဂလွမ်…'

''ဟဲ့ဟဲ့…ဩော်…ပြောပါဆို ဟိုမှာ မကြားချင်တဲ့လူက ဆန္ဒပြနေပြီ''

''အေးအေး…ပြောပါ့မယ်။ သူရိန့်နဲ့အောင်ထွန်းဦးက ခု အတူတူ တက်နေကြတာ အတန်းတော့ မတူဘူးပေါ့''

''အင်းပါ…သိပါတယ်''

''သူရိန်ကတော့ ကျောင်းပြီးရင် ပြန်လာမလား မသိဘူး အောင်ထွန်းဦးကတော့ ပြန်လာချင်မှ ပြန်လာမှာတဲ့''

www.burmeseclassic.com

www.burmeseclassic.com



''သူလာလာ မလာလာလေ…သူရှိန်ပြန်လာရင် ပြီးတာပဲ''

''သူက သူငယ်ချင်းတွေကို အရမ်းသတိရကြောင်း ပြောပေးပါတဲ့''

''ဟင်…ငါကော ပါလား''

''ဩော်…သူငယ်ချင်းတွေပါဆိုမှ ပါမှာပေါ့။ သူငယ်ချင်းမဟုတ်တဲ့ သူကိုသာ သတိမရချင် မရမှာပေါ့''

စန္ဒီက ခွိခနဲ ရယ်ကာ…

''ဩော်…သူငယ်ချင်းမဟုတ်တဲ့သူကျတော့ လွမ်းမှာပေါ့။ ဒါ ငါနားလည်တယ် ဆက်ပြော''

''ဒါပို့ပေးတဲ့ ကဗျာလေးတွေလည်း သိမ်းထားတယ်တဲ့''

''ဩော်…နင်က သူရှိန်ကို ကြိုက်ပြီး ကဗျာတွေ ပို့နေတယ်ပေါ့''

စန္ဒီက တမင်ပင် အသံလေးကို မာမာလေးလုပ်ကာ ရန်တွေ့ဟန် ပြုစဉ် စိုးထွေးက…

''ထင်ချင်စရာပါပဲ သူငယ်ချင်းရယ်။ ခက်တာက သူက ကဗျာပို့ပေးတဲ့ ဒါကို စိတ်မဝင်စားဘူး။ ကဗျာရေးတဲ့ ကလေးလေးကိုပဲ စိတ်ဝင်စားတာ''

''ဩော်…ဒါကတော့ ကံပေါ့လေ။ ပြီးတော့ကော…''

''ပြီးတော့ တချို့မရှင်းတဲ့ ကဗျာတွေရှိတာ ကဗျာဆရာမကိုမေးလို့ ရမလားတဲ့''

''မရဘူး။ ငါ ခွင့်မပြုဘူးလို့ ပြောလိုက်''

စန္ဒီက ခပ်တည်တည်နှင့် သံပြတ်ဆိုလိုက်သဖြင့် လင်းပင် မနေနိုင်တော့ဘဲ ရယ်မိ၏။

''ဘာရယ်တာလဲ''

စန္ဒီက လင်းကို ခပ်ငေါက်ငေါက် မေး၏။

''ဩော်…တော်လို့ပါ။ ဟုတ်တယ်လေ။ ဘယ်ကဗျာဆရာက သူ့ကဗျာတွေကို နားမလည်ဘဲ ဖတ်နေတာကို ကျေနပ်ပါ့မလဲ၊ ငါဆိုလည်း ခွင့်မပြုဘူးသိလား။ သူငယ်ချင်းတွေထဲမှာတော့ စန္ဒီက အနုပညာနဲ့ အနီးစပ်ဆုံးပဲ''





သူတို့ဘာသာ သူတို့ အတိုင်အဖောက်ညီနေပြီး ဟုတ်လှပြီ မှတ်နေတာ။ ခုလို လင်းက ဝင်ပြောတော့ သူတို့ မခံချိမခံသာ ဖြစ်သွားကြသည်။

''လင်း''

''ဘာလဲ''

''နင် တစ်စက်လေးမှ စိတ်မဝင်စားတာ သေချာလို့လား''

စန္ဒီက မေး၏။ စိုးထွေးကပါ…

''မညာဘဲ ဖြေနော်''

''ရော်…မညာပါဘူး။ စိတ်ဝင်စားပါတယ်''

''ဟင်…စိတ်ဝင်စားရင် ဘာလို့ ငြိမ်နားထောင်နေတာလဲ။ ဝင်ပြောပါလား''

''စိတ်ဝင်စားလို့ ငြိမ်နားထောင်နေတာပေါ့။ ဝင်ပြောစရာ မလိုအောင် နင်တို့က ပြည့်စုံပြီးသားပဲလေ''

လင်းစကားကြောင့် စိုးထွေးက လေပူကြီးကို မှုတ်ထုတ်လိုက်ကာ ပြော၏။

''ဟူး…မောလိုက်တာ''

စန္ဒီကတော့ မျက်မှောင်လေးကြုတ်ကာ လင်းကို စူးစူးလေးကြည့်ရင်း…

''လင်း''

''ဟင်''

''နင် သူရှိန်ကို ပြန်မလာစေချင်ဘူးလား''

''သူ ဆန္ဒရှိရင် ပြန်လာစေချင်ပါတယ်''

''နင့်ဆန္ဒမဟုတ်ဘူးလား''

''မဟုတ်ဘူးလေ…နင် ဆန္ဒရှိရင် သူ ပြန်လာမှာပေါ့''

''ငါကတော့ သူ့ကို ဘာမှ မတိုက်တွန်း၊ မဝေဖန်နိုင်ပါဘူး။ တိုက်တွန်းဝေဖန်ပိုင်ခွင့်လည်း မရှိဘူးလေ''

''ရှိပါတယ်''

''နင်ထင်လို့ပါ…မရှိပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုယ်နင် မညာနဲ့နော်"

"မညာပါဘူး။ ဒါကတော့ သဘောကို ပြောတာပါ"

စန္ဒီက လက်မြှောက်ကာ အရှုံးပေးဟန်ပြု၏။ စိုးထွေးက ဆက်မေးပြန်သည်။

"ဒါဆိုရင် နင် သူရိန့်ကို သတိကော မရဘူးလား"

"ရတာပေါ့"

"ရရင် ပြန်ခေါ်ကြပါလားဟာ"

"ဟင်...ငါတို့က ကလေးတွေလို ခေါ်ကြေး၊ မခေါ်ကြေး ရန်ဖြစ်ထားကြတာမှ မဟုတ်တာ စိုးထွေးရယ်"

"ဒီသဘောပါပဲ"

"မတူဘူး"

"ဘယ်လို မတူတာလဲ"

"ကလေးတွေ ခေါ်ကြေး၊ မခေါ်ကြေးက ဘာမှ မပါဘူး။ ငါတို့ကျတော့ ခေါ်ကြေး၊ မခေါ်ကြေးထက်ပိုတဲ့ အကြောင်းရင်းခံတွေ ရှိတယ်ဟ"

"ဒါနဲ့များ နင် သူရိန့်ကို သတိရတယ်ဆို"

"သတိရတာက ရတာပဲ။ ဘာဆိုင်လဲ"

"မဆိုင်ဘူးလား"

"မဆိုင်ဘူး။ ဒါကြောင့် 'မင်း'ကို ငါ့ဘဝထဲမှာ သေဆုံးသွားပြီလို့ ငါ ကြေညာခဲ့တာ"

"ဘာလို့လဲ"

"သတိမရမိအောင်လို့"

စန္ဒီက မထီတရီလေး ပြုံးကာ မေး၏။

"ဒီလိုဆို သတိရနေတတ်တာ ဝန်ခံကယ်ပေါ့"

လင်း တမင်မဖြေဘဲ ငြိမ်နေလိုက်သည်။ ထို့ကြောင့် သူတို့ အသည်းယားလာကာ...

"ဟဲ့...ဖြေလေ"

"အေးလေ...ရှောင်ဖို့ မကြိုးစားနဲ့နော်"



လင်း မနေနိုင်တော့ ရယ်ချလိုက်မိတော့၏။

"ဘာရယ်တာလဲ"

"သြော်...ဘာရယ်ရမှာလဲ။ သတိရကြောင်း ဝန်ခံထားပြီးပြီပဲ"

"ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ (၆)လလောက်ကလေ"

သူတို့မျက်မှောင်ကြုတ်ကာ စဉ်းစားကြ၏။ နောက်မှ စန္ဒီက ရေးတေးတေး မှတ်မိဟန်ဖြင့်...

"အင်းပါ...ဟုတ်ပါပြီ။ ဒါပေမဲ့ အဲဒါက နင် အကူအညီလိုလို့ နိုင်းဖို့သတိရတာလေ။ ငါဆိုလိုချင်တာက..."

စန္ဒီ့စကားမဆုံးခင် စိုးထွေးက ဖြတ်ပြော၏။

"နိုင်းဖို့မဟုတ်ပါဘူး။ အားကိုးချင်တာပါ"

"ထားပါ...ငါဆိုလိုချင်တာက နင် သူရိန့်ကို နင့်နင့်သီးသီး လွမ်းဘူးလားလို့"

စန္ဒီ့စကားကြောင့် လင်း ရင်ဘတ်လေးဖိကာ ဘုရားတာပဲပေါ့

"ဘုရား...ဘုရား...စန္ဒီ၊ နင့်နင့်သီးသီး မလွမ်းဘူးလား ဟုတ်လား"

"ဟုတ်တယ်လေ"

"အမလေး...ဒီလိုဝေါဟာရတွေ နင်ဘယ်က ကျက်လာတာလဲ။ နင် အခု အဲဒီလို မဟုတ်ပါဘူး။ စကားကနည်း၊ လူကအေးနဲ့ အားတောင် မရခဲ့ဘူး။ ခုကျကာမှ နင်က ပြောင်းလဲနေလိုက်တာ"

စန္ဒီက လင်းစကားကို လက်ကာတားကာ...

"ဟေ့...ငါ့ပြောင်းလဲမှုကိစ္စကို နောက်မှ ပြောမယ်။ ခု ငါမေးတာကို အရင်ဖြေ"

လင်း ဘာဖြေရမှန်း မသိတော့။

အမှန်ကို ဝန်ခံလိုက်ရတော့မည်လား။ သို့သော် ရင်ထဲမှာ အမှန်ကို ဝန်ခံဖို့ ငြင်းဆန်နေမိသည်။ တကယ်တော့ စန္ဒီပြောသလို နင့်နင့်သီးသီး တကယ်လွမ်းဆွတ်ဖူးခဲ့ပါသည်။ ဒါဟာ အပူငယ်ချင်း တစ်ယောက်ကို လွမ်းတာကော မဖြစ်နိုင်ဘူးတဲ့လား။ 'လွမ်းဆွတ်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း’နှင့်တိုက်ရိုက် ပတ်သက်နေပြီး ‘သတိရခြင်း’သည် ‘ခင်မင်မှု’နှင့်သာ ပတ်သက်သည်ဟု အဘယ်ကဲ့သို့သော ပညာရှိကများ သတ်မှတ်ထားခဲ့လို့လဲ။

ထို့ကြောင့်…

“သူငယ်ချင်းတစ်ယောက်ကို လွမ်းခွင့်ရှိတယ်ဆိုရင်တော့ လွမ်းဘူးပါတယ်။ အဲ…ခွင့်မရှိဘူးဆိုရင်တော့ ဝေါဟာရကို ပြင်ပေးမယ်။ နှင့်နှင့်သီးသီး သတိရဖူးပါတယ်”

ဘာပဲပြောပြော ဒါဟာ ရှောင်ထွက်သွားတဲ့ အဖြေဆိုတာ နှစ်ယောက်လုံး ရိပ်မိကြမှာ သေချာသည်။ သို့သော် သူတို့လည်း လင်းမျှက်နှာပြင်မှ တစ်စုံတစ်ခုကို ခုမှ သေသေချာချာ နားလည်ဖတ်တတ်သွားသလို ဘာကိုမှ ဆက်မမေးကြတော့။

တကယ်တော့ မင်းကို တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် ပြန်တွေ့ချင်မိတာ အမှန်ပင်။ ပြန်လည်း ပြန်လာစေချင်သည်။ တစ်ခါတစ်ရံစိတ်ရှုပေါက်သည့် အခါများတွင်တော့ မင်းရှိရာထိ လိုက်သွားကာ တိတ်တိတ်ကလေး ကွယ်ရာက ချောင်းကြည့်နေချင်မိသည်။

သို့သော် တစ်စုံတစ်ခုသော စိတ်အခြေအနေက လင်းကို လုံးဝ ခွင့်မပြုခဲ့ ပါ။

အိပ်မက်များထဲတွင်သာ မင်းကို မြင်ယောင်ရင်း ညလုံးပေါက်ခဲ့ရသည်က များ၏။ ကံကြမ္မာကများ ခွင့်ပြုခဲ့လျှင်ပေါ့။

ညလယ်ယံ အိပ်မက်များကို နေ့ခင်းဘက်တွင် မက်ခွင့်ရခဲ့ချင်ပါသည်။

ထိုအဖြေကိုတော့ စန္ဒီနှင့်စိုးထွေးသာမက ဘယ်သူမှ သိနိုင်လိမ့်ဦးမည် မထင်ပါ။



VI

**Once, there were greenfields kissed by the sun**
**Once, there were valleys where rivers used to run**
**Once, there were blue skies with white clouds high above**
**Once, there were part of an everlasting love**
**We are the lovers who strolled through greenfield**

**Greenfields are gone now, pasched by the sun**
**Gone from the valleys where rivers used to run**
**Gone with the cold wind that swept into my heart**
**Gone with the lovers who let their dreams depart**
**Where are the greenfields that we used to roam?**

**'Greenfields**
**by 'Brothers Four'**

www.burmeseclassic.com

Y.I.T တက်သော စိုးထွေးအား [illegible] နှစ်အတော်ရသည်။ ကွန်ပျူတာ တက္ကသိုလ်တက်သော စန္ဒီက ၅ နှစ်။ ခု ပြီးတော့ မာစတာ ဆက်တက် နေပြန်သည်။ မိုးမိုးလေးနှစ်နှစ် [illegible] နှင်းကို သူတို့က [illegible] ကြ။ [illegible] မနေနိုင်ကြတော့၍ [illegible] အတွင်း သူတို့ မဆုံနိုင်ကြတော့။ ဂုဏ်ထူးတန်း [illegible] တစ်ခါ ကြီးကြီးကျယ်ကျယ် ခေါ်ဆိုကြတာ မှတ်မိသေးသည်။ လူစုပြီး တော့ကို လာခြင်းဖြစ်သည်။ [illegible] ကောက်ပါမည် ဟူသော ကဗျာကိုရွတ် [illegible] ကတိ ပေးခဲ့သေးသည်။ ခုကျတော့ ဘယ်လိုမှ မဖြစ်နိုင်တော့။ မေမေ့လုပ်ငန်း တစ်ဝက်ခန့်ကို လင်းက [illegible] ယောက် ကလည်း ရှိနေပြန်သည်လေ။ ထိုကလေးကြောင့်ဟု အကြောင်းပြ သောကြောင့် သူတို့ [illegible] ဖြစ်နိုင်ခဲ့သည်။ ခုဆို ၇ နှစ်တက်ရသော ဌေးမြင့်ပင် House ဆင်းနေပြီ။

လင်းကတော့ [illegible] ခေါ်တတ် ပြပင်။ သူငယ်ချင်းများအားချိန်နှင့် ကိုယ်အားချိန် တိုက်ဆိုင်ဖို့ [illegible] ခဲယဉ်းသား။ ထိုအခါမျိုးမှာတော့ မင်းကို (စန္ဒီပြောသလို) နှင့်နှင့်သီးသီး သတိရမိတာ အမှန်။ သို့သော် ခုနေခါမှာတော့ 'မင်း' ရှိနေလျှင်တောင် သူ့စာနှင့်သူ၊ သူ့အလုပ်နှင့်သူ။ တခြားလူများလိုပင် အလုပ်ရှုပ်နေမှာ သေချာပါသည်။

လင်းကတော့ သတိရလျှင် နံနက်စောစောထကာ ကျောင်း





ကလေးဆီသို့ သွားတတ်မြဲ။ ကျောင်းရှေ့အုတ်ခုံတွင် ထိုင်ကာ ကလေးတွေ ကျောင်းတက်ဖို့ လာကြတော့မှ ပြန်လာတတ်သည်။ အပြန်တွင် ကျောင်း နားက လက်ဖက်ရည်ဆိုင်ကလေးတွင် ထိုင်တတ်မြဲ။ ပြီးလျှင်တော့ တူမလေးနိုးချိန်၊ မေမေနိုးချိန်အမီ အိမ်ကို ပြန်ရတတ်သည်။

အင်းလေ…လူ့ဘဝဆိုတာကလည်း ခံစားချက်တွေနဲ့ချည်း တည်ဆောက်လို့ရတာမှ မဟုတ်တဲ့။ လူမှုကိစ္စအဝဝနှင့် လုပ်ငန်းတာဝန်များ လည်း ရှိနေသေးသည်လေ။

လင်း အာရုံတွေ လွင့်ပျံ့နေမိဆဲ ဖုန်းသံမြည်လာသဖြင့် ထကိုင် လိုက်ရသည်။

''ဟဲလို''

''လင်းလား''

''အင်း…စိုးထွေးမဟုတ်လား ပြောလေ''

''နင် ခု ဘာလုပ်နေလဲ''

''ထိုင်နေတယ်''

တမင်ရွဲ့ဖြေသော စကားမဟုတ်ပါ။ တကယ်ထိုင်နေခြင်း မဟုတ် လား။

''အာ…မဟုတ်ဘူး။ ဒီနေ့အားလား မေးတာ''

''နင်တို့က အားစေချင်ရင် အားပေးရမှာပေါ့''

''အေး…ဒါဆို အားလိုက်တော့။ ငါ စန္ဒီကို ဝင်ခေါ်ပြီး လာခဲ့ မယ်''

''ဟင်…နင့်စန္ဒီက အားမှာလား''

''အားရမှာပေါ့ဟ''

စိုးထွေးမှာ ဘာကိစ္စမှ ထူးထူးထွေထွေ ရှိလိမ့်မည်မထင်ပါ။ ဒီလိုပဲ တစ်ခါတစ်ခါ သူအားလျှင် အတင်းရော၊ အဓမ္မရော သူများကို အားခိုင်းကာ ရောက်လာတတ်သည်။ သူများက သူ့ကို အားခိုင်းလျှင်တော့ မရရေးချမရ။ တစ်လောကလုံးတွင် သူ့ကိစ္စ၊ သူ့အလုပ်လောက် ဘယ် အရာကမှ အရေးမကြီးသလိုပင်။ စန္ဒီကတော့ စိတ်ဝင်စားစရာကိစ္စ တစ်ခု နှင့်သာမှုားခေါ် ပါလာတတ်သည်။

www.burmeseclassic.com



လင်းကိုယ်တိုင်တော့ မသိ။ သူငယ်ချင်းများကို ကြည့်ရသည်ကတော့ အစစပြောင်းလဲကုန်ကြသလိုပင်။ 'မင်း'တစ်ယောက်ကော ဘာတွေ ဘယ်လောက် ပြောင်းလဲကုန်ပြီ မသိနိုင်။ လင်းကိုလည်း မေ့ချင်မေ့လောက်ပြီဟု တစ်ခါတစ်ခါ တွေးမိသေးသည်။ သို့သော် ကိုယ်တောင် မမေ့တာ သူလည်း မေ့ချင်မှ မေ့မှာပါဟု ပြန်ဖြေယူရသည်။ တကယ်တော့ 'အချိန်'သည် သမားတော်အစစ် မဟုတ်ခဲ့ပါချေ။

'တီ…တီ…'

ကားဟွန်းသံကြား၍ ထွက်ကြည့်ရာ စိုးထွေးတို့ ရောက်လာပြီ။ စန္ဒီပင် ပါလာသေး၏။ ခုတလော ဒေါ်စန္ဒီကျော်ဇောက ယဉ်တစ်ကိုယ်မယ်ဖြစ်နေသည်။ မြန်မာအင်္ကျီ ခါးတိုများနှင့် ရိုးရိုးယဉ်ယဉ်များသာ အဝတ်များတော့၏။ ခုလည်း မြန်မာထည်အင်္ကျီ လုံခြည်ဝမ်းဆက်နှင့်။ စိုးထွေးကတော့ ခုထိ T.Shirt မချွတ်သေး။

"ဒါက ဘယ်လိုဖြစ်လာတာလဲ။ ဒေါ်စန္ဒီ"

"ဘာဖြစ်လို့လဲ"

"ယဉ်တစ်ကိုယ်မယ် ဖြစ်လာလို့"

"သြော်…ဒါလား"

စန္ဒီ မလုံမလဲလေး ရယ်ကာ တစ်ခုခုလိမ်ဖို့ ကြိုးစားလိုက်သလို မျက်နှာလေးက ပြောင်းသွားတာကို လင်း သတိထားလိုက်မိသည်။

"ငါက ဆရာမဖြစ်တော့မှာလေ။ ဒါကြောင့် ကြိုကျင့်ထားတာ"

"နင့် Thesis ပြီးပြီလား"

"ပြီးပြီ…ကျောင်းမှာပဲ ပြန်လုပ်ဖို့ တင်ထားတာ။ Interview တောင် ဝင်ပြီးပြီ။ Result စောင့်နေတာ"

"သြော်…ဒေါ်စန္ဒီကျော်ဇောဖြစ်တော့မှာပေါ့နော်"

"ဒါပေါ့"

"ဒါတင်ကလို့လား စန္ဒီ"

လင်း၏ အမေးကြောင့် စန္ဒီ ရှက်အမ်းအမ်းလေး ဖြစ်သွားရသည်။

"ဘယ်ကမလဲ"

ဒါကတော့ စန္ဒီဖြေခြင်းမဟုတ်ပါ။ စိုးထွေးက ဝင်ပြောခြင်းဖြစ်၏။



စန္ဒီက စိုးထွေးကို အမှတ်တမဲ့ လှမ်းဆိတ်လိုက်သည်။

"အား…နာတယ်"

"နာရင် ပေါက်ကရ မပြောနဲ့"

"မပြောပါဘူး။ မြင်တာပဲပြောတာပါ"

"နင် ဘာမြင်လို့လဲ"

"နင့်အမေပြတဲ့ လက်ဆောင်ထုတ်ကြီးလေ"

"အာ…မေမေနဲ့တော့ ဒုက္ခပဲ"

စန္ဒီညည်းတွားဟန်ပြု၏။ လင်းကတော့ စန္ဒီ့ကို မမေးတော့ဘဲ စိုးထွေးကိုသာ မေးလိုက်တော့သည်။

"ကဲ…စိုးထွေး သင် ကြားနာသိမြင်ခဲ့မှု အကြောင်းပြန်လော့"

"ပြန်ရမှာပေါ့ကွယ်။ ခုနက ငါ သူ့ကိုစောင့်နေတုန်း သူ့အမေက မြန်မာချည်ထည်ဝမ်းဆက်တွေ ဆယ့်လေးငါးစုံမကပါတဲ့ အထုတ်တစ်ထုတ်ပြတယ်။ အထုတ်က ညွှန်းမှာပါပဲ၊ တကူးတက ယူရတာ မဟုတ်ဘူး"

"အင်းပါ လိုရင်းပြော"

"အဲဒါ စန္ဒီ့ကို ရစ်နေတဲ့ဘဲကြီးက လက်ဆောင်ပေးတာတဲ့။ ဟိုက စန္ဒီ့ကို မြန်မာဆန်ဆန်လေးဆို သိပ်လှသိပ်ယဉ်လို့ ပြောတယ်ဆိုပဲ"

"သြော်…ဒါကြောင့်ကိုး"

"အံမယ်…ဒါ့ကြောင့်ချည်း မဟုတ်ပါဘူး"

"ရှက်မနေပါနဲ့ စန္ဒီရယ်။ နင်လား စိတ်မဝင်စားဘဲနဲ့ နင့်အချိုးကို ပြင်မယ့်မိန်းမ…ဝေးသေး။ ခုဟာက နင် စိတ်ဝင်စားလို့ ပြင်တာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ…ငါတို့လည်း အသက်က ကြီးလာပြီလေ"

"ဟော့…အသက်အစိတ်ဆိုတာ T. shirt ဝတ်လို့ရသေးတယ်"

စိုးထွေးက ဝင်ပြော၏။ ဟုတ်နေသည်ကိုး။

"သြော်…ဒါကတော့ နင်က အင်ဂျင်နီယာလေ။ ငါက ဆရာမကိုး"

"လင်းကျတော့ရော"

လင်းက အူကြောင်ကြောင်ပုံစံလေးနှင့် တမင် ဝင်မေးပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''လင်းက အပြင်ကုမ္ပဏီအလုပ်လုပ်တာပဲ။ စမတ်ကျရှင်ပြီးရော ဘာဝတ်ဝတ်ရပါတယ်''

''တော်သေးတာပေါ့။ ငါများ designer နဲ့ တိုင်ပင်ပြီး design ပြောင်းရတော့မလားလို့''

လင်းက ဆက်နောက်နေမိသော်လည်း စိုးထွေးက ဖြတ်ပြော၏။

''ကဲပါ...ငါ့လိုရင်းကို ပြောပါဦးမယ်''

''ငါ ဒီကို လာရခြင်း၏ အကြောင်းအရင်း...''

''ငါ့ကို သတိရလို့ မဟုတ်ဘူးလား''

လင်းက မျက်စိလေး ပေကလပ်ပေကလပ်လုပ်ကာ မေးလိုက်သဖြင့် စိုးထွေးက အသံတိတ်မေတ္တာပို့၏။ ပြီးမှ...

''လင်း''

''ပြောလေ''

''အောင်ထွန်းဦးက ခဏပြန်လာမယ်တဲ့''

''ဟုတ်လား ကောင်းတာပေါ့''

''သူ 'မင်း'ကို ရအောင် ခေါ်လာချင်တာတဲ့လေ''

စိုးထွေးက တမင် မင်းဟု သုံးသဖြင့် လင်းက တမင်ပင် ကန့်ကွက်လိုက်၏။

''သူရှိန်ပါကွာ''

''သြော်...ဆောရီး မှုပိုင်ခွင့် ဥပဒေကို မလေ့လာရသေးလို့ပါ''

''အဲဒါ ဘာဖြစ်လဲ၊ ခေါ်လာမှာလား''

စန္ဒီက မနေနိုင်စွာ ဝင်မေး၏။

''မသိဘူး။ သူက ဒါပဲပြောတာ။ သူက ဒီတစ်ပတ်အတွင်း ပြန်လာမှာ။ ခေါ်လို့ရခဲ့ရင်တော့ ခေါ်လာမှာပေါ့''

''အောင်ထွန်းဦးက ငါတို့ကိုပါ အကြောင်းကြားခိုင်းလို့လား''

လင်းက အေးတိအေးစက်လေး ပြန်မေးလိုက်သဖြင့် စိုးထွေးက...

''ဟဲ့...သူငယ်ချင်းတွေအားလုံးနဲ့ တွေ့ချင်တယ်ဆိုလို့ ငါက ပြောပေးတာ။ ကိုယ့်အားရက်ကိုယ်ရှာထားလို့ရအောင်လို့''





''အင်းနော်...တကူးတကလာတဲ့ သူငယ်ချင်းကိုတော့တွေ့ရမှာပဲ။ သူက ဘယ်လောက်ကြာကြာ ဒီမှာ နေမှာလဲ''

''တစ်ပတ်ပဲ''

''အေးလေ...အဲဒီတစ်ပတ်တော့ အားပေးကြတာပေါ့''

လင်းလည်း အားပေးချင်ပါသည်။ ခုဆို သမီးကလေးက နည်းနည်းကြီးလာပြီမို့ လက်လွှတ်ရပြီ မဟုတ်လား။ မင်းသာပါခဲ့လျှင်ကော။ သူမ ဘာလုပ်ရမည်လဲ၊ ဘယ်လို ရင်ဆိုင်ရမလဲ၊ ဘယ်လို လက်ခံတွေ့ဆုံရမလဲ၊ ဘယ်လို ငြင်းဆန် ရှောင်ဖယ်ရမလဲ၊ လင်း မတွေးတတ်သေးပါ။ ခြံထဲမှ ကြည့်လျှင် မြင်နေရသော အစိမ်းရောင်မြက်ခင်းများကတော့ နေ့၏ အပူရှိန်ဖြင့် သိပ်မစိမ်းနိုင်တော့တာကို တွေ့နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# Part

# C

www.burmeseclassic.com

www.burmeseclassic.com



I

**May the good lord bless and keep you**
**Whether near or far away**
**May you find that long awaited**
**Golden day, today**
**May your troubles all be small one**
**And your fortune ten times ten**
**May the good lord bless and keep you**
**Till we meet again**

**'May the good lord bless & keep you**
**by**
**'Jim Reeves'**



နွေနှောင်းနံနက်ခင်းမို့ ရာသီဥတုက အေးမြစပြုလာပြီ။ မိုးရိပ်တို့ ရေးရေးထင်ချင်နေသော ကောင်းကင်ပြင်သည် မမှောင်သော်လည်း မလင်းချင်သေး။ စိန်ပန်းပွင့်တွေကြွေတတ်သော ကျောင်းကလေးသို့ ခုလို နံနက်ခင်းတချို့မှာ လင်းသူရိယနွယ်တစ်ယောက်တည်း ရောက်လာတတ်မြဲ။

ကျောင်းတက်ချိန်မဟုတ်၍ ကျောင်းဝင်းတံခါးကြီးကို တင်းတင်း စေ့ထားသော်လည်း စိမ်းစိမ်းကားကားဟန်တော့ မရှိ၊ ထိုင်နေကျ ကျောင်း ရှေ့အုတ်ခုံ...လေးပင် ပွဲရာပွန်းရာတချို့နှင့်အတူ အဖြူရောင်ဆေးများ ရင့်အိုနေခဲ့ပြီ။

နှစ်ပရိစ္ဆေဒတို့သည် လူကို ကုစားနိုင်သော သမားတော်လေလား... လင်းသူရိယနွယ်ကတော့ မထင်ပါ။

"မိသူ..."

နှလုံးသားထဲတွင် ဘယ်သောအခါမှ မေ့ပျောက်သွားလိမ့်မည် မဟုတ်သော အသံတစ်ခု။ စက္ကန့်ဝက်မျှ လင်းသူရိယနွယ် တွေတွေယိမ်း ယိမ်းဖြစ်ချင်သွားရသည်။ ထိုအသံကို သူမ နှစ်များစွာ စောင့်နေခဲ့ဖူးသည် ထင်သည်။ သိပ်တော့ မသေချာချင်ပါ။ မျှော်လင့်ချက်တို့ ဖယ်ခွာသွားတိုင်း သို့တည်းမဟုတ် ပြည့်မီသွားတိုင်း လင်းသူရိယနွယ်ကတော့ ထိုအရာများကို ပြန်လည် သံသယ ရှိနေတတ်သူဖြစ်သည်။

"မိသူ..."

သူမ လှည့်ကြည့်လိုက်မိသည်။ 'မင်း'ကို ကားဘေးတွင် ရပ်လျက်

www.burmeseclassic.com



သား တွေ့ရ၏။ ကားတစ်စင်းလုံး လာရပ်တာကိုပင် မကြားနိုင်လောက်အောင် သူမ ဘာတွေတွေးနေခဲ့မိသနည်း။ မသေချာပြန်ပါ။ သေချာလျှင်လည်း သူမက ထုံးစံအတိုင်း သံသယရှိစွာ ဝန်ခံလိမ့်မည် မဟုတ်ပါ။

"နင် ဘယ်တုန်းက ရောက်နေတာလဲ"

သာမန်တွေ့နေမြင်နေကျ မိတ်ဆွေတစ်ယောက်ကို နှုတ်ဆက်သလို ပုံမှန်လေသံလေးနှင့် မေးလာသဖြင့် သူရိန်မင်းနိုင် ပြုံးလိုက်မိသည်။

"ဆယ်မိနစ်လောက် ရှိတော့မယ်"

မြတ်စွာဘုရား...ဘုရားတမိကာ တုန်လှုပ်ချင်သွားသော စိတ်ကို လင်းသူရိယနွယ်၏ ထုံးစံအတိုင်း ပြန်ထိန်းနိုင်လိုက်သည်။ ပြီးမှ ဘာမှ မဖြစ်သလို အပြုံးတစ်ခုကို ဖန်တီးရင်း...

"မဟုတ်ဘူးလေ...နင် ဒီကို ဘယ်တုန်းက ပြန်ရောက်တာလဲလို့ မေးတာ"

"နင်က သိချင်လို့လား"

သူရိန်မင်းနိုင်၏ အသံသည် ယခင်ကလိုပင် ကြည်လင်ပေါ့ပါးနေဆဲ။ သို့သော် ထိုတုံ့ပြန်မေးခွန်းကို ပေါ့ပေါ့ပါးပါး မေးတာမျိုးကျတော့ လင်းသူရိယနွယ်က လက်မခံချင်တာ သေချာပါသည်။

"ဟင့်အင်း...စကားအရ မေးတာပါ"

သူရိန်မင်းနိုင်က သူမအဖြေကြောင့် ရင့်ကျက်စွာ ပြုံးသည်။ ပြီးမှ...

"ငါ နင့်ကို သရဲလာခြောက်တာလေ။ နင် မကြောက်ဘူးလား"

သူရိန်မင်းနိုင်၏ စကားက နောက်သလိုလိုရှိသော်လည်း အသံက နာကျင်အားပျော့နေသံ။ ဖျတ်ခနဲ တစ်ချက် ပျက်ချင်ချင်ဖြစ်သွားသော မျက်နှာကို စက္ကန့်ပိုင်းအတွင်း ပြန်ထိန်းကာ လင်းသူရိယနွယ်က ပြောလိုက်၏။

"မကြောက်ပါဘူး"

"ဘာဖြစ်လို့လဲ။ နင့်ရင်ထဲမှာ ငါ မသေသေးဘူးလား"

ထင်မှတ်မထားသော မေးခွန်းကြောင့် လင်းသူရိယနွယ် မင်သက်သွားမိသည်။ နှစ်စက္ကန့်မျှသာ။



"မင်း နင် ဒါတွေပြောဖို့ ငါ့ဆီပြန်လာတာလား"

"ပြောတော့ပြောချင်တယ်ဟ။ ဒါပေမဲ့ နင် လက်မခံရင် ငါ မပြောပါဘူး။ ဘာလို့လဲ သိလား"

လင်းသူရိယနွယ်က မဖြေပါ။ စူးစူးလေးသာ ပြန်ကြည့်နေ၏။

"ငါ ဒုတိယအကြိမ် မသေချင်ဘူးလေ"

သူရိန်မင်းနိုင်၏စကားကြောင့် လင်းသူရိယနွယ် ခေါင်းကို မော့ကာ ခပ်ဖျော့ဖျော့ကလေးတစ်ချက် ရယ်သည်။ တစ်စုံတစ်ရာနှင့် လက်တောက်သွားသည်ဟု ထင်ရသော လင်းသူရိယနွယ်၏ မျက်ဝန်းအနားကို မျက်တောင်ရှည်များက ကွယ်ကာ ပေးလိုက်ကြသည်။

"မိသူ နင် ဘာရယ်တာလဲ"

"ဒီလိုပါပဲ။ နင်က အရင်အတိုင်းပဲ။ ဟာသ ပြောတတ်တယ်"

ပြောမိပြောရာပြောပြီးမှ လင်းသူရိယနွယ် စကားမှားမှန်း ကိုယ့်ဘာသာကိုယ်သိလိုက်သည်။ သူရိန်မင်းနိုင်က မဆိုစလောက်လေး မာချင်သွားသော လေသံနှင့်...

"ငါပြောတဲ့ထဲမှာ ဘာဟာသမှ မပါဘူး မိသူ"

"ဒါဆို နင်အတည်ပြောနေတာလား"

"ဩော်...အတည်ပြောတာလားတဲ့။ ဒီမှာ မိသူ 'မင်း'ဆိုတဲ့ကောင်က ဘယ်တုန်းကများ စကားကို မလေးမနက်ပြောခဲ့ဘူးလို့လဲ"

"ကဲပါဟာ...နင်ကလဲ ဒေါသတွေ ထွက်လာပါဦးမယ်။ လာ ငါတို့ ကျောင်းလမ်းထိပ်က ဆိုင်မှာ လက်ဖက်ရည်သွားသောက်ရအောင်"

ထိုသို့ကျတော့လည်း သူရိန်မင်းနိုင် မငြင်းပါ။ ထို လင်းသူရိယနွယ်ဆိုသော ဘယ်လိုမှ မိန်းမ မဆန်ချင်သော နာမည်နှင့် နားလည်ရခက်သော မာကျောကျော သူငယ်ချင်းမလေးကို သူရိန်မင်းနိုင် ဘယ်သောအခါကမှလည်း ငြင်းဖို့ မကြိုးစားခဲ့ဘူးပါ။ ထို့ကြောင့်ပင် သူရိန်မင်းနိုင် တစ်ခါသေခဲ့ခဲ့ရပြီးပြီ မဟုတ်ပါလား။

လက်ဖက်ရည်ဆိုင်လေးကိုရောက်တော့ အတော်များများက သူရိယနွယ်ကို နှုတ်ဆက်ကြသည်။

"ဟော...မတွေ့တာ ကြာပြီ"

www.burmeseclassic.com



''အလုပ်များနေလို့ ဒီဘက်မရောက်တာလား''

စသည်ဖြင့် တရင်းတနှီးရှိကြသည်။ စားပွဲထိုးလေးကတော့…

''အစ်မ ညွှန်သည့်ပါလာတာကို။ လာ ကျွန်တော် စားပွဲရှင်းထားတယ်''

ဆူညံသံများနှင့်ကင်းဝေးရာ အပင်ရိပ်အောက်က ခုံပုကလေးကို ခေါ်သွားသည်။

''မင်း နင် ဘာသောက်မလဲ။ ကော်ဖီပဲလား''

''ဟင့်အင်း…လက်ဖက်ရည်''

စားပွဲထိုးလေးက ပြန်လှည့်ထွက်သွား၏။

''မိသူ နင် မမှာဘူးလား''

''သူတို့ ငါမှာနေကျကို သိတယ်။ ပြောစရာ မလိုဘူး''

ထိုစကားကြောင့် သူရိန်မင်းနိုင်က မျက်မှောင်လေးယောင်ယောင်ကြုတ်ကာ မေး၏။

''နင် ဒီကို ခဏခဏ ရောက်တတ်လို့လား''

လင်းသူရိယနွယ်က ရေနွေးကြမ်းကို ငုံ့ငဲ့နေရာက သူ့စကားကို မဖြေဘဲ ဖြေချင်ရာကို ကျော်ပြောလိုက်၏။

''ဒီလိုဆိုင်မျိုးမှာ နင် ထိုင်တတ်ရဲ့လား…မင်း။ ဩော်…ငါဆိုလိုတာက နင်က မြန်မာပြည်နဲ့ဝေးနေတာ ကြာပြီလေ''

သူရိန်မင်းနိုင်က ပြုံးကာ သူမကို စူးစူးနစ်နစ်ကလေး ကြည့်မိသည်။ ဟုတ်ပါသည်။ သူချစ်ရသော ဒီသူငယ်ချင်းမလေးနှင့် ဝေးနေတာလည်း ကြာပြီ။ သို့သော် ဝေးလေ ပိုသတိရလေ…ဖြစ်ရတာကိုတော့ သူ့ဘာသာပဲ သိသည်။

''အချိန်ဆိုတာ သမားတော် မဟုတ်သလို လူတစ်ယောက်ကိုလည်း ပြောင်းလဲမပစ်နိုင်တာ ငါ့အတွက်တော့ သေချာတယ်မိသူ''

လင်းသူရိယနွယ်က ဘာမှ ပြန်မပြော။ သူမ၏ လက်ဖက်ရည်ခွက်ကလေးကိုသာ ငုံ့မွှေနေသည်။ လင်းသူရိယနွယ်ဆိုတာ တကယ့်ကို မာကျောကျော၊ ပွင့်ပွင့်လင်းလင်း ကောင်မလေးပါ။ လူတစ်ဖက်သားမျက်ဝန်းထဲသို့ သူမ၏ မျက်နက်ဝန်းများဖြင့် စူးနစ်နေအောင် ကြည့်ကာ





အဖြေရှာတတ်သူလည်း ဖြစ်ခဲ့သည်။ စောစောကလေးတင် သူမ၏ ပင်ကိုယ်ဟန်တချို့ကို သူ ရှာဖွေတွေ့ရှိခဲ့သေးသည်။

ခုတော့ သူမက ငြိမ်သက်လို့။

အတော်ကြာတော့မှ…

''ဟုတ်တယ်နော်…နင်နဲ့ငါ နှစ်များစွာ ကွဲကွာနေပြီးမှ ပြန်တွေ့ကြတာတောင် စိမ်းမနေကြဘူး''

တကယ့်ကို ဆယ်မိနစ်ခန့်ကြာမှ အဆက်အစပ်မရှိ ထွက်လာသော စကားဖြစ်သည်။ ဦးပေါ်ဦး၏ 'ဆားနှင့်ပါဘုရား' ဆိုတာကို သတိရမိပြီး သူရိန်ပြုံးမိသေး၏။ သို့သော် လင်းသူရိယနွယ်ကတော့ အရင်ကလို ကလေးဆန်ဆန် 'ဘာပြုံးတာလဲ' ဟု မမေးတော့ပါ။ တခြား မေးခွန်းတစ်ခုကို မေး၏။

''နင် ဟိုမှာ ဒီလောက်အကြာကြီးနေခဲ့တာ ဘာတွေ ပြောင်းလဲတိုးတက်လာလဲ…ငါ သိချင်တယ်''

''ပြောင်းလဲမှုကတော့ မရှိပါဘူး။ ငါ ဟိုမှာ ကျောင်းတက်ခဲ့တာ ခု ဖေဖေ့လိုပဲ M.D ဘွဲ့ရထားတယ်။ ပြန်သွားရင် ဆက်တက်မယ်။ မပြန်ဖြစ်ရင်တော့ ဒီအတိုင်းပဲပေါ့ ဒါပါပဲဟာ…''

သူ ခပ်တည်တည်နှင့် စကားကို ဖြတ်လိုက်သည်။ သူမက…

''ဒါဆို ခု နင်ပြန်လာတာက…''

သူ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ပြီးမှ…

''နင့်ဆီက ငါ သက်ရှိထင်ရှားရှိနေသေးတယ်ဆိုတဲ့ အသိအမှတ်ပြုမှုလေးတစ်ခု ရရုံသက်သက်ပါ။ နင် ကဗျာတစ်ပုဒ်နဲ့စာမျက်နှာထက် တင်ခဲ့သလို သူငယ်ချင်းတွေကို ငါ ဘယ်လို သေခဲ့တယ်လို့ တဖွဲ့တနွဲ့ ပြောခဲ့သလို လိုက်ပြောပြစရာ မလိုပါဘူး။ ငါ သိရင်ပဲ ကျေနပ်မှာပါ''

လင်းသူရိယနွယ်က သူမ၏ ကိုယ်ပိုင်ဟန်မဟုတ်သော အကြည့်ဖျော့ဖျော့များနှင့် သူ့ကို ကြည့်ကာ…

''မင်း…''

ကမ္ဘာပေါ်တွင် သူ့ကို 'မင်း' ဟု ခေါ်တာ လင်းသူရိယနွယ်ပဲရှိသလို လင်းသူရိယနွယ်ကို 'မိသူ' ဟု ခေါ်တာလည်း သူတစ်ယောက်တည်းရှိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"နင် ငါ့ကို ဘာအပြစ်မှ မတင်တော့ဘူးလား"

"မတင်ပါဘူး။ နင်က ငယ်ငယ်တည်းက နင်လုပ်ချင်ရာကို လုပ်ပြီးရင် နောင်တ မရတတ်တဲ့သူဘဲ။ ပြီးတော့..."

"ပြီးတော့...ဘာဖြစ်လဲ"

"နင်ဘာလုပ်လုပ် ငါ့ရင်ထဲမှာ ခံစားရတာကလွဲရင် အပြစ်မမြင်မိဘူးလေ"

ထိုအခါကျမှ လင်းသူရိယန္တယ်က လှောင်သံအနည်းငယ်စွက်သော ရယ်သံနှင့်...

"ငါ ယုံချင်ပါတယ် မင်း။ မယုံတာတော့ မတတ်နိုင်ဘူး"

"မယုံတာ မဟုတ်ဘူး။ နင်က ယုံမပေးချင်တာပါ"

ထိုအခါ လင်းသူရိယန္တယ်က စကားလမ်းကြောင်းလွှဲ၏။

"ဩော်...နင်က ဒီသက္ကရာဇ်တွေအတွင်း ငါ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကော မသိချင်ဘူးလား"

အကြောင်းသိတွေမို့ အရင်စကားကို ပြန်ကောက်လို့ မရမည့်အတူတူ သူမစကားကိုသာ ထုံးစံအတိုင်း ခေါင်းညိတ်ပြလိုက်မိသည်။

"သိချင်တာပေါ့"

သိချင်တယ်ဆိုတော့လည်း ခေါင်းကလေးရမ်းကာ...

"ဘာမှ မထူးခြားပါဘူးဟာ။ ဘွဲ့တစ်ခုရတယ်၊ မေမေ့အလုပ်ကို ဆက်လုပ်တယ်၊ တစ်ခါတလေ ကဗျာရေးတယ်။ ကလေးတစ်ယောက်ကို မွေးစုစောင့်ရှောက်နေရတယ်။ မမနန္ဒာဆုံးသွားတယ်...ဒါပါပဲ"

ဒီလောက်တော့ သူမ ပြောစရာပင် မလိုပါ။ အားလုံး စိုးတွေးထံမှ တစ်ဆင့် သိပြီးသား။ သည့်နောက်မှာတော့ သူတို့ ထွေရာလေးပါးတွေ ပြောဖြစ်ကြသည်။ ရာသီဥတုအကြောင်း၊ လုပ်ငန်းခွင်အကြောင်း၊ သူငယ်ချင်းတွေ၊ ဆရာ၊ ဆရာမတွေအကြောင်း။

အတော်ကြာမှ...

"ပြန်ကြရအောင်ဟာ...နင်ပြန်လာတာ အောင်ထွန်းဦးနဲ့လား"

"အေး...သူက တစ်ပတ်ပဲနေမှာ..."





"နင်ကရော ဘယ်လောက်ကြာမှာလဲ"

"မသိဘူးဟာ...အချိန်အကန့်အသတ်မှ မရှိဘဲ"

"ဘယ်လို..."

သူ့ရိန် ခပ်လေးလေးပြုံးပြလိုက်မိသည်။ ပြီးမှ...

"ဩော်...ငါ့ရဲ့ ရှင်ပြန်ထမြောက်ရာနေ့အထိလို့ ပြောတာပါ"

ပထမ သူမ နှုတ်ခမ်းလေး ဝိုင်းသွားသည်။

ဒုတိယ အပြုံးပါးပါးကလေး မျက်နှာပေါ် ဖြတ်ပြေးသွားသည်။

တတိယ သူမထံမှ ထူးထူးဆန်းဆန်း မိန်းမဆန်သော မျက်စောင်းလှလှလေးတစ်ဝက်ကို ရရှိလိုက်သည်။

မြန်မာပြည်တွင် ထိုနေ့သည် ၂၅ နှစ်အတွင်း အသာယာဆုံးနေ့တစ်နေ့ ဖြစ်လိမ့်မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



# II

---

**There's just no getting over you**
**I know, I'm just a fool who's willing**
**But, baby can't you see.**
**There's notting else for me to do.**

**I'm hopelessly devoted to you**
**But now there's nowhere to hide**
**Since you pushed my love aside**
**I'm out of my head**
**(Hopelssly devoted to you...)**

**'Hopelessly Devoted to you**
**by**
**'Olivia Newton John'**



ခြံနှင့်ဝန်းနှင့် ကျယ်ပျောလှသော လင်းတို့အိမ်မှာပင် သူငယ်ချင်းများ ဆုံဖြစ်ကြသည်။ အောင်ထွန်းဦးမပြန်မီ နှစ်ရက်အလိုတွင် ဖြစ်သော တစ်အိမ်လုံး တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေကြတာမို့ တူမကလေးပင် လိုက်ပျော်နေလေသည်။ သူတို့တာသာသူတို့ စီစဉ်ယူလာကြသော စားစရာများကို လင်းသူရိယနွယ်က ပြင်ဆင်ပေးရင်း စကားဝိုင်းတွေဆီ မရောက်ဖြစ်နေရသည်။

ထိုစဉ် အနားသို့ မိုးထိရောက်လာ၏။

မိုးထိနှင့်က မတွေ့တာကြာလှပြီ။ သူမက စောစော အိမ်ထောင်ကျကာ သူငယ်ချင်းများနှင့် ဝေးသွားခဲ့သူပီပီ ခု သူ့ပုံက လူကြီးဆန်နေသည်။

''ဟဲ့…လင်း''

''ဘာလဲ…မိုးထိရဲ့''

''ဘာကူရမလဲ''

''ဒီမှာ မတွေ့ဘူးလား။ အားလုံး ပန်းကန်ထဲ ထည့်ပေးရုံပဲ သောက်စရာ အအေးတွေက ဟိုစည်ထဲမှာ''

''ဘီယာကော ပါလား''

''ပါတယ်…တွေ့လိုက်တာပဲ''

''ငါတို့ငယ်ငယ်ကဆို အအေးပဲ ပါတာနော်''

မိုးထိက အဓိပ္ပါယ်လေးတစ်မျိုးနှင့် ပြောသဖြင့် လင်းသူရိယနွယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်မိသည်။ မိုးထိ ကူညီပြင်ဆင်ပေးပြီးကာမှ ယဥ်တစ်ကိုယ်မယ်လေး ဒေါ်စန္ဒီကျော်ဇော အနားရောက်လာ၏။

''ခုမှ မလာနဲ့''

''အံမယ် လာကူတာ မဟုတ်ပါဘူး''

''လာကူတာမဟုတ်ရင် မလာနဲ့ပေါ့''

''အလဲ့...ကြည့်စမ်း။ သူရိန်ပြန်ရောက်ပြီဆိုတော့ လေသံက...''

''ဘာမှ မဆိုင်ဘူး။ ပျင်းရင်ပျင်းတယ်ပေါ့။ လာဖြင့် မကူဘဲနဲ့''

''ဩော်...ဒါက နှင့်ပွဲကိုး''

''ဟဲ့...ဘာဆိုင်လဲ အောင်ထွန်းဦးပွဲ''

လင်းသူရိယနွယ် ကြိတ်ကာ အော်ရ၏။

''ဆိုင်ပါတယ်။ သူရိန်က တစ်ဝက်ပါတာပဲ''

''သေလိုက်''

''အေးပါ...သေစေချင် သေပေးပါ့မယ်။ နောက်နှစ်ငါးဆယ်ကျော်ရင်ပေါ့။ ခုတော့ မသေခင် မေးပါရစေဦး''

''ဘာမေးမှာလဲ''

''နှင် ပျော်နေလားလို့...ဟီဟိ''

လင်းသူရိယနွယ် အံကိုကြိတ်ကာ မျက်လုံးပြူးပြလိုက်သည်။

''နှင့်ဟာက အနှောင့်မလွတ်အသွားမလွတ်။ ပျော်တယ်ပြောရင် 'မင်း'ကြောင့်ဖြစ်ဦးမယ်။ မပျော်ဘူးပြောရင် အောင်ထွန်းဦးကို နှင် အရှုံးနှဲ့သွား မ ဦးမယ် မဟုတ်လား''

''ဩော်...စိတ်ထဲရှိတာဖြေပေါ့။ ငါက ရိုးရိုးသားသားမေးတာဟာ''

''ငါလည်း ရိုးရိုးသားသားဖြေပါမယ်။ မပျော့်တပျော်''

''အိုကေ''

ဒီလို ခုန်ပေါက်ပြေးသွားပြန်တော့လည်း ဒေါ်စန္ဒီကျော်ဇောမှာ ဘာဟိတ်ဟန်မှ မရှိတော့။ ခဏနေကျတော့ စိုးထွေးရောက်လာပြန်သည်။ ပန်းကန်ထဲမှ မုန့်တစ်ခုကို ကောက်ဝါးရင်း...

''နှင်က ပြောတယ်ဆို...''

''ဘာလဲဟ...အရင်းမရှိ အဖျားမရှိ''





''ဟိုမှာ စန္ဒီပြောနေတာလေ။ နှင်က ဒီပွဲက 'မင်း'ရဲ့ပွဲသာဆို အပြည့်အဝပျော်မှာလို့''

''သူရိန်ပါ...''

''အေးပါ...အရေးထဲ။ ခုတော့ အောင်ထွန်းဦးပါ ပါနေတော့ မပျော့်တပျော်လို့ ပြောတယ်ဆို''

တတ်လည်း တတ်နိုင်သည့် စန္ဒီပါပဲ။ အားလုံးပျော်ရွှင်စွာ နောက်ပြောင်နေချိန်မို့ သူမ ဘာမှ အပြစ်မဆိုသာ။ သို့သော် သူရိန်မင်းနိုင်၏ရင်ထဲ တစ်မျိုးတစ်မည် ဖြစ်သွားမှာတော့ သူမ စိုးပါသည်။

''ဟဲ့...ဟုတ်လားလို့ မေးနေတယ်''

''အလကား...အဲဒီမိန်းမ ယယ်ကန့်ကို မတူဘူး။ ဇာတ်ညွှန်းတွေခွဲနေတယ်''

''ဒါဆို ငါက မေးပါဦးမယ်''

''လာပြန်ပြီ တစ်ယောက်...ဘာမေးမှာလဲ''

''သူရိန် မမျှော်လင့်ဘဲ ပြန်လာတာတွေ့တော့ နှင် ပျော်လား''

''ဝမ်းသာပါတယ်''

''သူ ဘာပြန်လာလုပ်တာလဲ သိလား''

''ဘယ်သိမှာလဲ''

''နှင့်ဆီ ပြန်လာတာ မဟုတ်ဘူးလား''

''မဟုတ်နိုင်ပါဘူး''

လင်းသူရိယနွယ် စိတ်ရှုပ်ကာ မျက်မှောင်လေးပင် ကြုတ်လာရသည်။ စိုးထွေးကတော့ အလိုက်ကန်းဆိုးမသိ ဆက်ပြောဆဲ...။

''နှင်က သူ့ကို ကောင်းကောင်းမွန်မွန် ပြန်ခေါ်ပြော ဆက်ဆံတော့ သူ ပျော်နေတယ်ဟ''

''ငါတို့ ကလေးမှ မဟုတ်တော့တာ''

''အေးလေ...သူ့အတွက် အလားအလာကောင်းတယ် မဟုတ်လား''

ထိုအခါမှ လင်းသူရိယနွယ် မျက်လုံးပြူးရတော့၏။

''ဘုရားရေ...နှင်က အောင်သွယ်လာလုပ်တာလား''



www.burmeseclassic.com

www.burmeseclassic.com



"အာ…ဝါသနာမပါ ပါဘူး။ လေ့လာတာ…လေ့လာတာ။ ဘယ်လိုအလားအလာ ရှိနိုင်တယ်ဆိုတာ လေ့လာတာ"

"တော်ပါတော့ဟာ…"

"အေးလေ…ဒီလောက်ဆို မှန်းလို့ရပါပြီ"

ပြောပြောဆိုဆို ပြန်ထွက်သွား၏။ သူ့ဘာသာ ဘာတွေမှန်းဆပြီး ဘာတွေနားလည်သွားသည် မသိသော်လည်း လောလောဆယ်တော့ နားအေးသွားတာ သေချာသည်။ စန္ဒီက ကြီးလာမှ သွက်လာသလော၊ လင်းသူရိယနွယ်က ငြိမ်သက်ချင်သွားရသည်။ ဒါကိုကိုယ့်ဘာသာကိုယ် တောင် သတိပြုမိတာ မကြာသေး။ ခုလည်း သူတို့ သူငယ်ချင်းတွေ ပျော်နေတာကိုပဲ ထိုင်ကြည့်နေမိတော့သည်။

"မိသူ…"

ထိုသို့ခေါ်သူသည် သူရိန်မင်းနိုင်မှတစ်ပါး မည်သူမှ မဖြစ်နိုင်ပါ။ လင်းသူရိယနွယ် ငြိမ်သက်စွာ ထိုင်နေရာမှ မော့ကြည့်လိုက်၏။

"နင် ငါ့ကို ခုလိုပြန်ပြီး အသိအမှတ်ပြု လက်ခံစကားပြောတဲ့ အတွက် နင့်ကို ကျေးဇူးတင်ပါတယ်"

လင်းသူရိယနွယ်က နှုတ်ခမ်းထောင့်စွန်းလေး မသိမသာကွေး ကာ…

"နင်က ရွဲ့တာလား"

"မရွဲ့ပါဘူး။ နင် အရင်လို ကလေးမဆန်တော့ဘူးဆိုတာ အသိအမှတ်ပြုမလို့ပါ"

လင်းသူရိယနွယ်က ကြည်လင်စွာ ပြုံး၏။

"ကလေးဆန်ဆန်ပြုမူခဲ့လို့ နာကျင်နောင်တရတာထက် လူကြီး ဆန်ဆန် ကျင့်ကြံပြုမူဆုံးဖြတ်ရလို့ နာကျင်နောင်တ ရ ရတာက ပိုကြီး မားတတ်ပါတယ်"

သူရိန်မင်းနိုင် မျက်မှောင်ကြုတ်သွားမိ၏။

"ဒီစကားကို နင် ဘာအဓိပ္ပါယ်နဲ့ပြောတာလဲ"

"ဒီလိုပါပဲဟာ…ကြုံခဲ့ရသမျှ အတွေ့အကြုံတွေအရပေါ့။ သီးသီး သန့်သန့် အဓိပ္ပါယ်ရယ်တော့ ရှိမနေပါဘူး"



"ဒါဆိုလည်း ထားပါ။ နင် ငါ့ကို နင့်သူငယ်ချင်းအဖြစ် ပြန် လည်ရှင်သန်ခွင့်ပေးပြီလား"

လင်းသူရိယနွယ်က စိုးထွေးတို့အုပ်စုကို ငေးကြည့်ရင်း ခပ်ဖွဖွ ပြုံး၏။ ပြီးမှ…

"နင်က ငါ့ရဲ့ ထာဝရသူငယ်ချင်းပဲ"

"ထာဝရသူငယ်ချင်း ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ငါ့မှာ နင့်ကို နောက်ထပ် တောင်းဆိုပိုင်ခွင့် မရှိဘူးပေါ့"

လင်းသူရိယနွယ်က ဟိုးအဝေး မမြင်နိုင်သောအရာတစ်ခုဆီ လှမ်းကြည့်သလို ကြည့်လိုက်ရင်းက…

"တချို့အရာတွေက တောင်းဆိုမှ ရတာထက်၊ အလိုလိုရလိုက် တာက ပိုတန်ဖိုးရှိပါတယ်"

"ထားပါတော့ဟာ…နင့်ရဲ့ Philosophy တွေကို။ ငါ နင့်ကို နင့်နားမှာ နေခွင့်ထပ်တောင်းမယ်ဆိုရင် ငါ ဒုတိယအကြိမ် သေဆုံးရဦး မှာလား"

သူရိန်မင်းနိုင်၏ အသံက တိုးတိုးဖွဖွကလေးပင်။ သို့သော် လင်းသူရိယနွယ်၏ ရင်ထဲတွင် လှုပ်ခတ်ယိမ်းယိုင်သွားရသည်။

"နင် မသေဆုံးစေရပါဘူးဟာ။ နင်ဟာ ငါ့ရင်ထဲမှာ ဘယ်လို သတ်သတ် မသေမယ့်သူငယ်ချင်း ဖြစ်နေပြီပဲ။ ဒါပေမဲ့…"

ထို 'သူငယ်ချင်း' ဆိုသော အသုံးအနှုန်းကို သူရိန်မင်းနိုင်ကတော့ ခရိုန်မှာအတော်လေး ညှိုးတကြီးကို ဖျက်ဆီးပစ်ချင်နေမိသည်။ အဘယ် ပညာရှိက တီထွင်ခဲ့သော ဝေါဟာရလဲ မသိဘူး။ အတော်ပင် ရှုပ်ရှုပ် ထွေးထွေးနိုင်သော စကားလုံးပင်။

"ဘာ ဒါပေမဲ့လဲ…ဆက်ပြောလေ"

"ဘာမှ မဟုတ်တော့ပါဘူး။ သြော်…မေ့လို့၊ နင်ရောက်နေတော့ ငါတို့ ဆရာ၊ ဆရာမတွေဆီ လျှောက်ကန်တော့ရအောင်လေ။ ဆရာမတွေ က နင့်ကို မေးမေးနေတာ။ တကယ်တော့ဟာ ငါတို့ဆရာမတွေက တကယ့်ကို တန်ဖိုးမဖြတ်နိုင်တဲ့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်တွေပဲ မဟုတ် လား"

www.burmeseclassic.com

www.burmeseclassic.com



သူမ စကားလွဲသည်လား၊ တကယ်ပဲ ရည်ရွယ်ချက်ရှိခဲ့သည်လား မသိ။ သူရိန်မင်းနိုင်ကတော့ ထုံးစံအတိုင်း သူမ ကြောင်းပေးသော စကားလမ်းကြောင်းထဲတွင်သာ စီးမျောသွားရတော့သည်။

အဓိပ္ပါယ်ဖော်ထုတ်ခြင်းငှာ မစွမ်းနိုင်သော လင်းသူရိယနွယ်၏ မျက်ဝန်းနက်နက်များကို ငေးကြည့်ကာ သူရိန်မင်းနိုင်၏ မျှော်လင့်ချက်တို့ ဝေဝါးလာရသည်။

ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။

မျှော်လင့်ချက်မဲ့သည့်တိုင် နောက်ဆုံးအချိန်ထိ သူမအနားမှာ ရှိနေ ချင်တာကတော့ သေချာပါသည်။



# III

Yours till the stars lose their glory
Yours till the birds fail to sing
Yours till the end of life's story
This pledge to you dear, I bring.

Yours till the grey of December
Near or on far distant shore
I'd never love anyone the way
I love you.., How could I..
When I was born to be 'Just Yours'

'Yours'
by
'Jane Morgan'

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းဦးကို လေဆိပ်ပြန်ပို့ကြတော့ လင်းသူရိယနွယ်မ
'ငါ့တူမလေး ကိုယ်ပူနေလို့ပါ' ဟူသော အကြောင်းပြချက်တစ်ရ
တည်းနှင့် အားလုံးက လက်ခံခဲ့ကြသည်။ ဆရာ၊ ဆရာမတွေဆီသွား
တန်တော့ကြတုန်းကတော့ အောင်ထွန်းဦး၊ သူရိန်မင်းနိုင်တို့နှင့်အတူ
လင်းသူရိယနွယ် လိုက်ပါပေးခဲ့သည်။

အောင်ထွန်းဦးကတော့...

"ဟေ့ကောင် သူရိန် နောက်တစ်ဘွဲ့ကို ငါနဲ့မှ တူတူတက်ရ
အောင်။ လင်းကို pressure ပေးလိုက်ရမလား"

"ဟာ...မလုပ်ပါနဲ့ကွာ။ မင်းနဲ့မှ တက်ဆိုတက်ပါ့မယ်၊ မိသူကို
တော့ ဘာမှ သွားမပြောပါနဲ့"

"ဒီရက်ပိုင်း လင်းကို ကြည့်ရတာ ပိုငြိမ်လာသလိုပဲ"

စန္ဒီက ထိုသို့ မှတ်ချက်ချ၏။ ဌေးမြင့်ကမူ...

"ကြည့်ရတာ ငြိမ်ပေမဲ့ ပျော်ပုံတော့ ပေါက်ပါတယ်။ ဒါ သူ့
ကြောင့်ထင်တယ်"

"သူကပဲ ဆရာလိုလို သမားလိုလိုနဲ့ မှတ်ချက်တွေပေးလို့"

မိုးထိက ဝင်နောက်သဖြင့် နဂိုကမှ အေးသော ဌေးမြင့် အသံ
တိတ်သွားသည်။

"မင်းမျှော်လင့်ချက်ကော ရှိလို့လား သူရိန်"

"သိပ်တော့ မရှိပါဘူး။ ဒါပေမဲ့ သူ့အတွက် သူ့နားမှာ မိတ်



အဖြစ် သန့်သန့်လေးနေရရင်တောင် ကျေနပ်ပါပြီ"

"မင်း သူ့ကို အဲဒီလို ပြောထားလို့လား"

"အဲဒီလို သဘောပါပဲ။ ဟိုနေ့ညက ပြောလိုက်တာလေ။
သူကတော့ ငါ့ကို ဒုတိယအကြိမ် မသေဆုံးစေရပါဘူးလို့ ပြောတာပဲ"

သူရိန်မင်းနိုင်၏ စကားကို အားလုံးက တအံ့တသြဖြစ်ကြ၏။
လင်းသူရိယနွယ်ပုံစံက အဲဒီလို ပြောလောက်သည်ဟု သူတို့တစ်ခါမှ
တွေးမထားခဲ့ကြသောကြောင့် ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒီလောက်ဖြစ်ခဲ့လျှင်
ပင် အားလုံးက ဝမ်းသာရမည် မဟုတ်လား။ ထို့ထက်ပိုခဲ့လျှင်တော့
အတိုင်းထက်အလွန်ပေါ့။

ညက လင်းသူရိယနွယ်ရေးခဲ့သော ကဗျာလေးများကို ပြန်ဖတ်
ဖြစ်သည်။ ဘဝင်မကျချင်တာကတော့ 'လက်တမ်းပုံပြင်' ဆိုသော ကဗျာ
လေးပင်။

www.burmeseclassic.com

www.burmeseclassic.com



## "လက်တမ်းပုံပြင်"

ရင်ကိုတောက်စားတတ်တဲ့ ဖဲပွင့်တွေအကြောင်းက ခရေအောင်
'ချစ်တယ်' ဆိုတာ တကယ်တော့ 'သေဆုံးခြင်း' တဲ့
နားလည်သူတွေရဲ့ခေါင်းတညိတ်ကိုပဲ လက်ခံမှာပါ။
အနာဂါတ်ဟာ ဘာအကွက်ရမှ ရေးထိုးမထားတဲ့ စာရွက်တစ်ရွက်မှ မဟုတ်ဘဲ
'ခဲတွက်' ဆိုတာကလည်း ငယ်တုန်းပဲ အသုံးဝင်တာ၊
'မသေချာဘူး' ဆိုတဲ့ လူတွေကို ပြုံးပြုံးကြည့်ရင်း
မျက်နှာကြောတွေ တင်းလာလိုက်တာ
ကမ္ဘာဦးကျမ်းကြီးထောင် မြွေတစ်ကောင်နဲ့ အကြီးအကျယ် ပြဿနာတက်လို့
'ငါတို့ နောက်ဆုတ်ကြပါတော့လား'
ကိုယ့်ကိုယ်ကို ပြောတာတောင် ကြားအောင်မပြောရဲတဲ့နောက်
ချောက်ကမ်းပါးဆိုတာလည်း ဂန္ထဝင် ဂီတတစ်ပါးပဲပေါ့။
တစ်ခုပဲ...တစ်ခုပဲ...
ဒီနေ့ထိ လူတွေအယူလွဲနေတဲ့ 'အချစ်အကြောင်းစစ်စစ်' ကို
ဘယ်လို လူကမှ သေချာမသိလေတော့
လက်တမ်းပုံပြင်တွေ တလေတလွင့် ရေပန်းစားကျန်ခဲ့တာ မဆန်းပါဘူး။

သီသု





သူမနားလည်ထားသော 'အချစ်' ဆိုတာ ဘာလဲဟု သူရိန်တွေး ကြည့်နေမိသည်။ သူမ သေသေချာချာ မသိဘူးဆိုတာကတော့ ဖြစ်နိုင်ပါ သည်။ ခက်သည်က လက်တမ်းပုံပြင်များထဲမှ တစ်ခုကို ကိုးကားကာ သူ့ကို ငြင်းချက်ထုတ်လိုက်မှာကိုပဲ စိုးပါသည်။

သူရိန့်ဘက်ကတော့ သူမကို ချစ်တာသေချာသည်။ ထိုအချစ် သည် သူမတွေ့ဖူးသော သူမဝန်းကျင်မှ ယောကျ်ားအများစု၏ အချစ်နှင့် ကွာခြားကြောင်းလည်း အာမခံချက်ပေးနိုင်ပါသည်။ သို့သော် ထိုအကြောင်း ကို သူ ဘယ်လို ရှင်းပြရမှန်း မသိ။ ရှင်းမပြဘဲ နားလည်ပေးနိုင်လျှင် ပိုကောင်းလိမ့်မည်ထင်ပါသည်။ သူဆိုလိုချင်သည်များကို သူမ နားလည် သွားအောင် သူမရင်ထဲအရောက် ပို့ဆောင်ပေးမည့် တန်ခိုးရှင်တစ်ပါး ပါးများရှိခဲ့လျှင်ပေါ့။

မနက်ဖြန် မိသူနှင့် ကျောင်းရှေ့တွင် ချိန်းထားခဲ့သည်။ မိသူက သူ့ကို လက်ဆောင်တစ်ခုခု ဝယ်ပေးချင်၍ဟု ပြောသည်။ ဘာအဓိပ္ပါယ်မှန်း သူ နားမလည်ပါ။ မိသူနှင့်တွေ့ရမှာမို့ ခေါင်းညိတ်ခဲ့၏။ ခုတော့ မိသူကို နားလည်အောင် (သူ့၏ သန့်စင်သော ချစ်ခြင်းကို) ဘယ်လိုပြောရပါ့မလဲဟု စိစဉ်တွေးတောကာ သူ အိပ်မပျော်တော့။

ဝေါဟာရပေါင်းများစွာ ပိုင်ဆိုင်ပါလျက်
ဘာသာစကားသုံးလေးခု တတ်ကျွမ်းပါလျက်
စာကြောင်းများစွာ စီရီရေးသားခဲ့ဖူးပါလျက်နှင့်
သူရိန် အခက်တွေ့နေရသည်။
ချစ်ခြင်းသည် အခက်အခဲ တစ်ခုလား။

ဒါသည်လည်းပဲ မိသူ၏ ကဗျာထဲကလို 'လက်တမ်းပုံပြင်' တစ်ခု ဖြစ်နေနိုင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



# IV

I'll never know what made you run away
How can I keep searching when dark clouds hide the day
I only know, there's nothin' here for me
Nothin' in this wide world left for me to see
But I'll keep on waiting till you return
I'll keep on waiting until the day you learn
You can't be happy, while your heart's on the roam
You can't be happy until you bring it home
Home to the Greenfields and me., Once again.

'Greenfields'
by
'Brothers Four'

BURMESE CLASSIC



ညက အတော်လေး ညဉ့်နက်ခဲ့သဖြင့် သူရိန် အိပ်ရာထနောက်ကျခဲ့သည်။

အိမ်ရှေ့ထွက်လာတော့ အိမ်ရှေ့စားပွဲပေါ်မှာ စာတစ်စောင်၊ အိမ်ဖော် အဒေါ်ကြီးက...

"သား အဲဒါ သားစာ။ လူတစ်ယောက် လာပေးသွားတာ"

ဟု ဆိုသဖြင့် ကောက်ယူကြည့်လိုက်ရာ သူ မျက်လုံးပြူးသွားရသည်။ စာအိတ်ပေါ်မှာ 'မင်း'ဟု ရေးထားသည်က လင်းသူရိယနွယ်၏ လက်ရေး။ ကမ္ဘာတွင် သူ့လက်ရေးနှင့် ထပ်တူထပ်မျှတူအောင် တုရေးနိုင်သူတစ်ယောက်သာ ရှိခဲ့သည်။ ထိုသူသည် လင်းသူရိယနွယ်ဖြစ်သည်။

သူရိန်မင်းနိုင် စာကို အလောတကြီး ဖောက်လိုက်မိသည်။

မင်း...

ဒီတစ်ခါတော့ ငါက သေဆုံးရမယ့် သူပါ။

နင့်ကို ငါ့ရင်ထဲမှာ သတိလို့ ဘယ်လိုမှ မသေတာကို ငါ လက်ခံလိုက်ရတဲ့အချိန်ကစလို့ ဒုတိယအကြိမ် ငါ့ကို နင် တောင်းဆိုလာခဲ့ရင် ငါ ဘာလုပ်ရမယ်ဆိုတာ ငါ စဉ်းစားထားပြီးသားပါ။

နင့်ဘဝထဲမှာ နင်ချစ်ခဲ့၊ ခင်ခဲ့တဲ့ မိသူဆိုတဲ့ မိန်းကလေးတစ်ယောက် သေဆုံးသွားပြီလို့ သတ်မှတ်ပေးပါ။

ဘာဖြစ်လို့လဲလို့ နင် မေးမှာပဲ။

လူတွေဟာ... သူ့သဘာဝနဲ့သူ သိပ်ကြောက်စရာကောင်းတဲ့ အစွဲတစ်ခုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒွန်တွဲကြီးပြင်းခဲ့ကြတယ်။ ဘဝဒီထဲမှာ လင်းသူရိယနွယ်ဆိုတဲ့ ငါက သူ့အားထက်ပိုဆိုးမလား မသိဘူး။

ငါ နင့်ကို ဘဝတစ်လျှောက်လုံး သူငယ်ချင်းတစ်ယောက်လို အေးအေးချမ်းချမ်း ခင်သွားချင်တယ်။

နင်မျှော်လင့်သလို ဖြစ်လာမှာ မဟုတ်တဲ့အတွက်...

ငါမျှော်လင့်သလို ဖြစ်လာမှာလည်း မဟုတ်တဲ့အတွက်...

ငါတို့ ဝေးနေတာပဲ ကောင်းပါတယ်ဟာ။

ငါတို့မှာ တတိယအကြိမ်ဆိုတာ မရှိချင်တော့ပါဘူး။

လင်းသူရိယနွယ်ရဲ့ နာရေးသတင်းကို နင်တစ်ယောက်ပဲ လက်ခံရင် ငါ ကျေနပ်ပါပြီ။

နင့်ရဲ့သူငယ်ချင်း
လင်းသူရိယနွယ်

BURMESE CLASSIC

သူရိန် စာကိုဖတ်ကာ အတော်ကြီး မောဟိုက်ဆို့နင့်သွားရသည်။ ဆယ်ရက်တာမျှ အတူသွားအတူလာ၊ ပြန်လည်တွေ့ဆုံခဲ့ရပြီးကာမှ... မျှော်လင့်ချက်တွေ ပြန်လည် နိုးထပြီးကာမှ...

'လုပ်ရက်တယ် မိသူရာ။ နင့်ကို သေဆုံးသွားခဲ့ပြီလို့ သတ်မှတ်ပေးပါလို့ ပြောတိုင်း ငါ့ရင်ထဲမှာ နင်က သေဆုံးသွားမယ်လို့ နင်ထင်လို့လား'

သူ့ရင်ထဲမှာ တီးတိုးဖွဖွ ညည်းညူမိသည်။

ဘယ်လို စိတ်အခြေနေသည့် သူ ချစ်ရသော လင်းသူရိယနွယ်ကို ခြောက်လှန့်နေသနည်း။

ဒါကိုသိလျှင် အဖြေရှိကောင်း ရှိနိုင်ပေလိမ့်မည်။

သူရိန်မင်းနိုင်နှင့် လင်းသူရိယနွယ်အတွက် 'တတိယအကြိမ်' ဆိုသည်ကတော့ ရောက်လာနိုင်ဦးမည်လား။



ရောက်လာခဲ့လျှင်ကော ဒီတစ်ကြိမ်တွင် သေဆုံးရမည့်သူက မည်သူဖြစ်မည်နည်း။

'မင်း' လား...

'မိသူ' လား...

နှစ်ဦးစလုံးလား...

အကောင်းဆုံးကတော့ သူတို့နှစ်ဦးကို နှောင့်ယှက်နေသည့် 'စိတ်အစွဲအလန်း' တစ်ခုတစ်ရာ သေဆုံးသွားလျှင် အကောင်းဆုံးဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့...

သူရှိန်မင်းနိုင် ဘာကိုမှ မတတ်နိုင်သေးပါ။

ကံကြမ္မာကို စေညွှန်ပိုင်ခွင့်များရှိခဲ့လျှင်
သူ ဘာတွေကို စေညွှန်မိနိုင်ပါသနည်း။

ကိုယ့်ကိုယ်ကို သေချာရန် ကြိုးစားရပေဦးမည်။

မနော်ဟရီ
17th July 2003
3:15 P.M

www.burmeseclassic.com